
နောက်ကြည့်မှန်ထဲက ပေသောင်း
(သို့မဟုတ်)
ဂဂ ကျောင်းသားခေါင်းဆောင်
မောင်ရွှေခေတ်
ILLUSTRATION
NAY WINN AUNG

**မြတ်ပန်းရောင် စာအုပ်ဖြန့်ချိရေး**

အမှတ်-၁၉၄၊ ၂၉ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း -၀၉ ၅၁ ၃၉၄၅၈၈၊ ၀၉ ၅၁ ၅၅၇၄၃

# နောက်ကြည့်မှန်ထဲက ဖေဆောင်း

သို့မဟုတ်

# ၈၈ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်

မောင်ရွှေခေတ်

**မင်းလက်ရာ စာပေ**

အမှတ်-၈/၁၅၊ ပန်းတနော်လမ်း

ဒဂုံရောအဝေးပြေး၊ လှိုင်သာယာ။

ဖုန်း ၀၉*> ၇၃၂၅၃၅၆၀

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၃- ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး - ၂၀၀၀
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးဒီဇိုင်း - နေဝင်းအောင်
အတွင်းဖလင် - အိပ်မက်မြို့တော်
စီစဉ်သူ - ဝိုင်းဇင် (ချောင်းဦး)

### ထုတ်ဝေသူ

ဦးချစ်ညွန့် (ဇင်ရတနာစော စာပေ)
၂၀၅(က/ခ) မြို့သစ်၊ အင်းစိန်။

### မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်

ဦးအောင်မြင့်သိန်း အင်ကြင်းမြိုင်ပုံနှိပ်တိုက်
၁၄၇-ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။

### ထုတ်ဝေသည့်ကတ်တလောက်အညွှန်း (CIP)

၉၂၃·၂

မောင်ရွှေခေတ်
၈၈ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်/မောင်ရွှေခေတ်။
- ရန်ကုန်။
ဇင်ရတနာစော စာပေ၊ ၂၀၁၃။
၂၀၈-စာ၊ ၁၈·၅ × ၁၂ စင်တီ
(၁) ၈၈ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်

# ကိုယ်ရေးဖြစ်စဉ်

မင်းကိုနိုင်သည် ဦးလှမြင့်၊ ဒေါ်လှကြည်တို့၏ တတိယ မြောက်သား ဖြစ်ပြီး ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့ပြီး အမည်ရင်းမှာ ပေါ်ဦးထွန်း ဖြစ်သည်။ ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၌ ပညာသင်ကြားစဉ် ၁၉၈၀ ပြည့်နှစ်များကစပြီး နိုင်ငံရေးကို စိတ်ဝင်စားလာခဲ့သည်။ မင်းကိုနိုင်သည် စာဖတ်ခြင်း၊ ကဗျာရေးခြင်း၊ ကာတွန်းဆွဲခြင်း နှင့် သရော်စာရေးခြင်းတို့ကို ဝါသနာပါပြီး အနုပညာအသင်း၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ အတာန်းဖော်များနှင့်အတူ ဇာတ်အဖွဲ့ဖွဲ့ ခဲ့ပြီး သင်္ကြန်ပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အစိုးရကို သရော် ထားသည့် မင်းကိုနိုင်တို့၏ ပြဇာတ်သည် လူသိများခဲ့ပြီး စစ် အစိုးရ၏ အာရုံစိုက်ခြင်းကို ခံခဲ့ရသည်။ ၁၉၈၈ အရေးတော်ပုံ ကာလအတွင်း၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ တွင် ဥက္ကဋ္ဌနေရာက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ရှစ်လေးလုံးအရေး

မင်းလက်ရာစာပေ

တော်ပုံ ကာလအတွင်း၌ ဒီမိုကရေစီရရှိရေးနှင့် စစ်အစိုးရဆန့်ကျင်ရေးကို ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်ခဲ့သည်။ စစ်အစိုးရ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီး ထောင်ဒဏ် အနှစ် ၂၀ ကျခံခဲ့ရသည်။ ထောင်ဒဏ် ၁၅ နှစ် ကျပြီးနောက် ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် နိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပထမအကြိမ် ထောင်မှ လွတ်လာခဲ့သည်။ သို့ရာတွင် ၂၀၀၆ ခုနှစ် စက်တင်ဘာလ နှောင်းပိုင်းတွင် ပြန်အဖမ်းခံခဲ့ရပြီး ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလတွင် ပြန်လွှတ်ပေးခဲ့သည်။ ၎င်းအား ဖမ်းဆီးခြင်း၊ ပြန်လွှတ်ပေးခြင်းနှင့် ပတ်သက်ပြီး တရားဝင်အကြောင်းပြချက် တစ်စုံတစ်ရာပေးခြင်း မရှိပေ။ ဒုတိယအကြိမ် ထောင်မှလွတ်လာပြီးနောက် ၂၀၀၇ ခုနှစ်၊ ဩဂုတ်လတွင် လွတ်လပ်စွာ လမ်းလျှောက်ဆန္ဒပြမှုကြောင့် တတိယအကြိမ် ဖမ်းဆီးခံခဲ့ရပြီး ထောင်ဒဏ် ၆၅ နှစ် ချမှတ်ခံခဲ့ရကာ ဖွဲ့စည်းပုံအပြောင်းအလဲတွင် နိုင်ငံရေးအကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သောကြောင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် ထောင်မှလွတ်ခဲ့သည်။ နိုင်ငံရေး လှုပ်ရှားမှုများကြောင့် နိုင်ငံတကာက ပေးအပ်သည့် ဆုများဖြစ်သော Gwangju Prizef for Human Right ဆု၊ Civil Courage PrizeiHumo Homini Award ဆု၊ Student Peace Prize ဆုများနှင့် John Humphrey Freedom Award ဆုတို့ကို ရရှိခဲ့သည်။ ။

မင်းလက်ရာစာပေ

# မာတိကာ


၁။ အရေးအခင်းနှင့်မင်းကိုနိုင် ၁

(က) ငရဲပွတ်သံခွက်ခွက်လန် ၄

(ခ) ကိုယ့်ဇာတ်ကိုယ်မနိုင် ၇

(ဂ) အတိတ်သမိုင်းကို ပြန်ကြည့်ခြင်း ၁၀

(ဃ) သတင်းစာရှင်းလင်းပွဲမှာ သမိုင်းအတင်ခံရတဲ့ မင်းကိုနိုင် ၁၃

၂။ သခင်သိန်းမောင်ရဲ့ ဝမ်းသာပီတိစကား ၁၈


၃။ ဆရာထက်မြက်ရဲ့ ပူးပေါင်းဆောင်ရွက်စေချင်တဲ့ စေတနာစကား ၂၀

၄။ ပြည်သူလူထုဘက်က ကြည့်တတ်ဖို့ ပြောတဲ့မင်းကိုနိုင် ၂၂

၅။ နိုင်ငံတကာအမြင်ရှိဖို့လိုတယ်လို့ သတိပေးတဲ့ မင်းကိုနိုင် ၂၆

၆။ ယုံကြည်ချက်ကြောင်း အကျဉ်းကျခံခဲ့ရတဲ့ မင်းကိုနိုင်စကား ၃၀

၇။ မေတ္တာ ကရုဏာတွေ လွှမ်းခြုံပါသတဲ့ ၃၄
၈။ ဒေါ်ခင်ဝင်း ပြောတဲ့စကား
[အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ] ၃၉
၉။ ဆရာမ ဒေါ်သီရိခင်ရဲ့ မှတ်တမ်းစကား ၄၂
(က) ဝမ်းသာအားရဖြစ်မိ ၄၄
(ခ) ရင်ဖွင့်ကြိုဆိုနေတဲ့ မိဘရင်ခွင် ၄၅
(ဂ) ပြည်သူတွေရဲ့သား ၄၈
(ဃ) ဆရာမရဲ့ ဝမ်းသာဝမ်းနည်းစကား ၄၉
၁၀။ ဝတ္ထုလုံးချင်းနှင့် ပတ်သက်၍... ၅၁





၉.၉.၈၈ နေ့က ကုန်သည်လမ်းတွင် မော်တော်ယာဉ်များဖြင့် လှုပ်ရှားခဲ့စဉ်



















သီလရှင်များ ဆန္ဒပြနေစဉ်။



ကမာရွတ်မြို့နယ် ကလေးများ ဆန္ဒပြနေစဉ်။

"တက္ကသိုလ်တက်တဲ့အခါ
ကျောင်းသားသမဂ္ဂထဲမှာ လှုပ်ရှားတာရယ်၊
နောက်ပြီးတော့ စစ်ကြောရေးခန်းထဲမှာ
ညှဉ်းပန်းခံရတာတွေ ခေတ်တိုင်းမှာ
ဒါတွေရှိနေတော့ အဆိုးတွေကို ဖယ်ပြီး
အကောင်းတွေကို တွန်းနေတဲ့ အချိန်မျိုးမှာ
အမြဲတိုင်း ကျွန်တော်တို့ပြောတဲ့
စကားရှိပါတယ်။
'ခွင့်လွှတ်နိုင်ပေမဲ့ မေ့တော့ မမေ့ပျောက်နိုင်ဘူး'
ဆိုတာလိုမျိုးပေါ့။ သမိုင်းရဲ့ သဘောအတိုင်း၊
အမှန်အတိုင်း မှတ်တမ်းတင်တာ ကောင်းပါတယ်။
ဘယ်သူတွေ ဘာလုပ်ခဲ့တယ်ဆိုတာထက်တော့
ကိုယ်လုပ်တဲ့ အလုပ်အပေါ်
တာဝန်ယူရပါလိမ့်မယ်"

မင်းကိုနိုင်

မင်းလက်ရာစာပေ

# အရေးအခင်းနဲ့ မင်းကိုနိုင်

ရှစ်လေးလုံး အရေးအခင်းကို မှီလိုက်သူများ ယနေ့တိုင် မေ့နိုင်ကြဦးမည်မဟုတ်။ မြန်မာနိုင်ငံတစ်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့ဖူးသမျှ အရေးအခင်းတွေထက် ပို၍ ပြင်းထန်တက်ကြွခဲ့သည်ဟု ဆိုသင့်သည်။

ဆန္ဒပြသူများသည် အဖွဲ့လိုက် အဖွဲ့လိုက်ချီတက်လာသည်မှာ လှိုင်းလုံးကြီးပမာထင်ရသည်။ ကြွေးကြော်သံများဖြင့် အုတ်အုတ် သဲသဲ ရှိနေသည်။

ဆူးလေတစ်ဝိုက်၊ ပန်းဆိုးတန်းတစ်ဝိုက်၊ လမ်း (၃၀) တစ်ဝိုက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း တစ်ဝိုက်၊ ခြောက်ထပ်ရုံးတစ်ဝိုက်၊ အမေရိကန်သံရုံးရှေ့ တစ်ဝိုက် လူထုကြီးမှာ တစ်ခဲကြွေးကြော်သံများဖြင့် ခဲနေသည်။

ခြေကျင် စီတန်းလှည့်သူများ၊ မော်တော်ယာဉ်များဖြင့်

လှည့်သူများ၊ မော်တော်ဆိုင်ကယ်များဖြင့် လှည့်သူများ ပြည့်ကျပ်လျက် ရှိသည်။

အလံများ တလူလူ လွင့်ထူထားသည်။ ခွပ်ဒေါင်းအလံများမှာ လေထဲ၌ ဝှံ့ကြွားနေသည်။ ပြည်ထောင်စု အလံမှာ ဖောက်ထိုး။

ရပ်ကွက် အသီးသီး၊ မြို့နယ်အသီးသီးမှ အလှာပေါင်းစုံ၊ အဖွဲ့ ပေါင်းစုံပါဝင်လာသည့် ရှစ်လေးလုံး အရေးအခင်းကြီးဖြစ်သည်။

ရန်ကုန်မြို့ထဲသာမက မြို့နယ်တိုင်းမှာလည်း လူထုလှုပ်ရှားမှုကြီးမှာ အရှိန်ပြင်းထန်စွာ ရှိသည်။ ထိုအရှိန်ကြောင့်ကား ရထားများ ရပ်တန့်သွားသည်။ သင်္ဘောလမ်းများ ရပ်နားထားလိုက်သည်။ မြို့နယ်တိုင်းတွင် ကိုယ့်ရပ်ကွက်၊ ကိုယ့်လမ်းကို မိမိတို့အသိစိတ်ဓာတ်ဖြင့် တာဝန်ယူနေကြရသည့်ကာလ။ လုံခြုံရေးကို ကိုယ့်ရပ်ကွက် လူကြီးများဖြင့် တိုင်ပင်ကာ စောင့်ရှောက်နေကြရသည့် အချိန်။ နေ့ကင်း ညကင်းဖြင့် သတိကြီးစွာ ထားနေကြရပေသည်။

ထိုကဲ့သို့ အစောင့်အကြပ်ထားသည်မှာ နယ်မြေများသာ ထားကြသည် မဟုတ်။ ရန်ကုန်မြို့တွင်းရှိ အပိုင်ရပ်ကွက်၊ လမ်းစသည်တို့၌ပင် ဝင်ထွက်သွားလာကြဖို့ မလွယ်။ အစစ်အဆေး၊ အမေးအမြန်း ထူစွာခံရသည်။

မင်းလက်ရာစာပေ

ခါးတဝှံ့ဝှံ့၊ တုတ်တပင့်ပင့် ကြားထဲတွင် ခိုင်လုံထိကြ အောင် ပြောဆိုနိုင်ပါမှ။

ရင်မှတော့ မောရ၏။

တစ်မြို့လုံး ကျွက်ကျွက်ညံနေသည့်အထဲ သတင်းကလည်း ပေါင်းစုံ။ ခိုင်ခိုင်မာမာ သတင်းရှိသလို ကောလဟာလ သတင်း များကလည်း ပါသည်။ ယုံရမလို၊ မယုံရမလို ရှိသည်။

တိုက်နံရံတိုင်း၌ ပိုစတာများက အပြည့်ကပ်ထားသည်။ တစ်နေ့တစ်မျိုး မရိုးအောင်ရှိ၏။ ပိုစတာ တိုက်ပွဲစာရွက်များ ပေါ်တွင် ရေးသားထားသည်မှာ တကယ့်လေးနက်လှသည်။ အပုပ်ချစာတန်းများ၊ ထိုးနှက်စာတန်းများ၊ ညောင်မြစ်တူး ပုတ် သင်ဥပေါ် စာတန်းများ စသည့်တို့မှာ ထိုစဉ်က အလွန်တန်ဖိုးရှိ စာတန်းများ ဖြစ်ခဲ့သည်။

နံနက်ခင်း၌ပင် ထွက်လာသော သတင်းစာ၊ ဂျာနယ်များမှာ တစ်ပုံတစ်ပင်။ ဓာတ်ပုံများနှင့် ပြည့်ပြည့်စုံစုံ။ ခွပ်ခေါင်းနီ၊ ဒို့ခေတ်၊ သတင်းဂျာနယ်စသော စာစောင်များတွင် လှုပ်ရှားမှုများ ကား ဝေဝေဆာဆာ ဖော်ပြလျက်ရှိလေသည်။ ရောင်းမလောက် အောင် ထုတ်ဝေရသည်။ စာပေလွတ်လပ်ခွင့် အပြည့်ရနေ၏။

## ရေပွက်သံ ခွက်ခွက်လှန်

ရန်ကုန်တစ်နေရာထဲ၌ မဟုတ်တော့။ မြန်မာပြည် အနှံ့

အပြား၌ ဆန္ဒပြပွဲများ လှုပ်ရှားမှုများ သတင်းအစုံကို ကြားနေရ၏။

မန္တလေးတွင်လည်း စီတန်းလှည့်လည်နေပြီ။ ပန္တကျူတွင် သံဃာတော်များနှင့် ပြည်သူများ တစ်ခဲနက်လှုပ်ရှားနေပြီ။ အနယ်နယ် အရပ်ရပ်တွင်လည်း အစိုးရတစ်ဖွဲ့လုံး နုတ်ထွက်ဖို့ တောင်းဆိုနေကြပြီ။ တစ်ပါတီ အာဏာရှင်အစိုးရအလိုမရှိ။ ဗိုလ်နေဝင်း လူသတ်အစိုးရဟူ၍ ကြွေးကြော်လျက်ရှိသည်။ ဒီမိုကရေစီ တောင်းဆိုမှုတိုက်ပွဲကြီးကာလ၌ သပွတ်အူလို ရှုပ်ထွေးနေစဉ် တိုင်းပြည်သည်လည်း နေ့ချင်း ညချင်း အမှောင်ဖုံးနေဘိသကဲ့သို့ ဖြစ်နေတော့သည်။

အင်းစိန် အကျဉ်းထောင်ထဲ၌ သေနတ်သံတွေ တဒိုင်းဒိုင်း ပစ်နေသည်။ ထောင်ဘူးပေါ်မှ ပစ်သည်ဟု သိရသည်။ တဟေးဟေး ဆူညံတွေ ကြားရ၏။ အကျဉ်းကျခံနေရသူတွေ အတော်ထိမှန်ကြောင်း ထွက်ပေါ်နေသည်။

ဘယ်နှစ်ယောက်သေဆုံးသွားပြီဆိုသည်ကိုတော့ မသိ။ မကြာခင် ထောင်တွင်းမှ မည်းမှောင်သော မီးခိုးလုံးကြီး ကောင်းကင်သို့ ထိုးတက်လာတော့သည်။ (၁) ဆောင်၊ (၂) ဆောင်တွေ မီးလောင်နေပြီဟု ပြောဆိုသံများ ထွက်လာသည်။

ထိုနောက် အကျဉ်းသားအချို့ လှိုင်မြစ်ကမ်းပေါ်သို့ ရောက်လာသည်။ စုတ်စုတ်ပြတ်ပြတ်နှင့် ဖိနပ်မပါသူများ များသည်။

လွတ်လာသော်လည်း သူတို့မှာ ယောင်ချာချာ။ ဘယ်သွား လို့ ဘယ်လာရမှန်း မသိသလို။

လှိုင်မြစ်လမ်းပေါ်ရှိ ဈေးဆိုင်များ ချက်ချင်းပိတ်သူကပိတ်၊ သိမ်းသူက သိမ်းနှင့်။ ရုတ်ချည်း အပြောင်းအလွဲတွေ မြန်လှသည်။ ထောင်သားတွေ လွတ်လာရင် ဝင်လုမှာ စိုးရိမ်လို့ ပြောဆိုသံတွေ ထွက်လာသည်။

ဖြစ်တော့လည်း ဖြစ်နိုင်သည်။ အရေးအခင်း စ,ဖြစ်ကတည်းက ပြည်သူလူထုတစ်ရပ်လုံး ရင်တထိတ်ထိတ်နှင့်သာ နေခဲ့ကြရသည်။ သေနတ်သံကြားရမှာကို ကြောက်နေသည်။ ရန်ကုန် ပြည်သူ့ဆေးရုံကြီးရှေ့တွင် ဖြစ်ခဲ့သော အဖြစ်အပျက်က သက်သေခံနေသည်။ လူ အတော်များများ ဒဏ်ရာရသည်။ သေသည်။ သူနာပြု ဆရာ၊ ဆရာမများပါ ထိကြသည်ဟု ပြောသံကြားရသည်။

သရက်တောကျောင်းတိုက်နှင့် ဆေးရုံကြီး ပြင်ပလူနာပြကြားရှိ ကျုံးကြီးဘက်ဆီသို့ လှမ်းလှမ်းပစ်သည်ကို တွေ့ခဲ့ရသည်။ တစ်ဖက် နှင့်တစ်ဖက်ကို မည်သူ့မျှ မကူးရဲ။ သစ်တုံးတွေဖြင့် လမ်းပိတ်ထားသဖြင့်ကား အဝင်အထွက် မရှိသလောက် ဖြစ်သည်။

ငရဲပွက်သံကဲ့သို့ ဆူညံနေသော မြို့တော်ရန်ကုန်ကြီးမှာ မင်းမဲ့ နယ်ကြီးလို ဖြစ်နေတော့သည်။ ထိုအချိန်က ရေအိုးစင်

တွေ့လို့မှ ရေမသောက်ရဲသည့်ဘဝ။ ရေအိုးစင်မှ ရေအိုးထဲတွင် ဆေးခတ်ထားသည်ဟု သတိပေးသံတွေ ကြားရသည်။ ထိုရေ သောက်ပြီးပါက စိတ်ကြွကာ ထင်ရာလုပ်တော့သည်ဟု သိရသည်။ အချို့လူများကို အစိုးရက ဆေးထိုး၍ လွှတ်ထားသည်။ ခိုင်းထားသည်။

ယုတ်မာနေကြသည်မှာ ကမ်းကုန်ဖြစ်တော့၏။

## ကိုယ့်ဇာတ်ကိုယ်မနိုင်

ပြန်လည်စဥ်းစားကြည့်သည်။

ဤသို့ ဖြစ်ရသည့် အကြောင်းရင်းသည် အစိုးရ၏၊ ညံ့ဖျင်းမှုမှ စရမည်ဖြစ်သည်။ ညောင်မြစ်တူးရင် ပုတ်သင်ဥတော့ ပေါ်ရပေသည်။

မှန်ပါသည်။ ၁၉၈၇-ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင် နိုင်ငံတော် အစိုးရက ခုနစ်ဆယ့်ငါးကျပ်၊ သုံးဆယ့် ငါးကျပ်နှင့် နှစ်ဆယ့် ငါးကျပ်တန် ငွေစက္ကူများအား တရားမဝင်ကြောင်း ကြေညာလိုက်သည်။ တရားမဝင်ကြောင်း ကြေညာလိုက်သဖြင့် ပြည်သူများ၏ လက်ထဲ၌သော ရင်းငွေစက္ကူများသည် စက္ကူစုတ်လောက်မျှ တန်ဖိုး မရှိတော့ပေ။

အတော်ထိခိုက်ခဲ့ရသည်။ အစိုးရအဖွဲ့နှင့် အစိုးရ အဖွဲ့ဝင်များဖြင့် နီးစပ်သော ဆွေမျိုးများမှာ အထိအခိုက်မရှိ။ ဆုံးရှုံးမှု

မင်းလက်ရာစာပေ

မရှိ။ သူတို့က ထိုသတင်းကို အတွင်းစည်းက ပေါက်ကြားထားပြီး ပြီမို့ ကြိုတင်လဲလှယ်ထားသည်။ နီးစပ်ရာကိုလည်း လက်တို့ ထားပြီးမို့ ကျိတ်လဲထား ကြလေသည်။

တကယ့်တကယ်ထိသည်မှာ မရှိဆင်းရဲသားပြည်သူများ သာ ဖြစ်သည်။ ထိုကိစ္စနှင့် ပတ်သက်၍ ကျောင်းသားအများစုက မကျေနပ်။ ဆန္ဒပြခဲ့ကြသည်။

ဤသည်ကို အကြောင်းမရှိ အကြောင်းရှာကာ ဗကပ (UG Cells) များ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ဖြစ်ရတာပါဟု အပြစ်ပုံချလိုက်၏။

အင်းစိန် စက်မှုလက်မှုသိပ္ပံ၊ ရေဆင်းစိုက်ပျိုးရေး တက္က သိုလ်များတို့တွင် ဆူပူခဲ့ကြသည်။ ထိုဆူပူမှုကြောင့်ဟု အကြောင်း ပြကာ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများအားလုံး ကျောင်းပိတ် လိုက်သည်။

ဤသည်မှာ အစိုးရ၏၊ လုပ်ထုံးလုပ်နည်းပင်တည်း။

ထိုနောက်တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများကို ကျောင်း ပြန် ဖွင့်ပေးခဲ့ပြန်သည်။ ၁၉၈၈ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့ ညတွင် ပြဿနာပေါ်လာပြန်သည်။ အဆိုပါညက ရန်ကုန် စက်မှု တက္ကသိုလ်မှ ကျောင်းသားအချို့သည် အင်းစိန်မြို့နယ်ရှိ ကြို့ ကုန်း ဘူတာအနီးရှိ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်ထွက် သောက်ကြသည်။

မင်းလက်ရာစာပေ

ဤတွင် ကက်ဆက်ခွေဖွင့်ရန် ဟိုအခွေ ဒီအခွေဖွင့်ခိုင်းရာမှ ကြို့ကုန်းအနောက်ရပ်ကွက်နေ အရပ်သား လူငယ်အချို့နှင့် စကားများကြသည်။ လက်ဖက်ရည်ဆိုင်ထဲတွင် ခိုက်ရန်ဖြစ်ပွားသည်။ ထိုးကြ နှက်ကြ ရိုက်ပုတ်ကြသည်အထိ ဖြစ်ခဲ့ကြသည်။ ကျောင်းသားနှစ်ဦး ဒဏ်ရာရရှိသွားသည်။

ထိုကိစ္စကို ကျောင်းသားမောင်ဝင်းမြင့်က ရဲကိုတိုင်သည်။ အမှုဖွင့်၏။ ရဲက ဇော်ဇော်ဆိုသူကို ဖမ်းသည်။ သို့သော် နောက်တစ်နေ့မှာပင် ရပ်ကွက်ကောင်စီ၏ သားမို့ ပြန်လွှတ်သည်။ ကျောင်းသားနှင့် အရပ်သား အုပ်စုဖွဲ့ရိုက်ကြ၏။ ရပ်ကွက် သမဝါယမဆိုင်၊ အိမ်လေးလုံးနှင့် ကားဂိုဒေါင်တစ်လုံး မီးရှို့ခံရသည်။ ပြည်သူ့ရဲလုံခြုံမှုထိန်း သိမ်းရေးတပ်ရင်းက လာရောက်ထိန်းသည်။ အဓိကရုဏ်းကို ထိန်း၍မရခဲ့။ မတ်လ ၁၃ရက်နေ့တွင် ရိုမင်တန် တစ်လုံးထိုး သေနတ်ဖြင့် ပစ်၏။ ကျောင်းသားမောင်ဖုန်းမော်နှင့် မောင်စိုးနိုင် ဒဏ်ရာရသွားကြသည်။ မတ်လ ၁၄-ရက်နေ့ နံနက်တွင် ရန်ကုန်ဆေးရုံကြီးတွင် မောင်ဖုန်းမော် ကွယ်လွန်သွား၏။ စက်မှုတက္ကသိုလ်တွင် ဆူပူမှုဖြစ်သည်။ နောက်အခြား တက္ကသိုလ်များပါ ဆူပူဆန္ဒပြတော့သည်။

ဤအကြိမ် ဆူပူဆန္ဒပြသည်ကိုလည်း ဗကပ (UG) ၏ စနက်သာဟု အပြစ်ဖို့ စွဲချက်တင်လိုက်ပြန်သည်။ အရင်းစစ် အမြစ်မြေကလို့ အစိုးရမတွေး။

မင်းလက်ရာစာပေ

စင်စစ်သော် ၎င်းတို့ ဆွဲခန့်ထားသည့် ရပ်ကွက်လူကြီးများ၏ ဘက်လိုက်မှု၊ ကိုယ့်လူကိုယ် ကာကွယ်မှု၊ အာဏာပါဝါသုံးမှုကြောင့် ဒီလိုဖြစ်ရကြောင်းကို ထည့်မပြောဘဲ ဗိန်မခေါင်းသာထုဖြစ်အောင် ထုလိုက်သည်သာ ဖြစ်သည်။

ကိုယ့်ဇာတ်ကိုယ်မနိုင်တာကို အကြောင်းပြုပြီး ဟိုလှည့်ရမ်း၊ ဒီလှည့်ရမ်းသည့် အဖြစ်မျိုးဟု ပြောရမည် ဖြစ်သည်။

## အတိတ်သမိုင်းကို ပြန်ကြည့်ခြင်း

ထိုအဖြစ်သည် ထိုမျှလောက်နှင့်ပင် ပြီးသွားလိမ့်မည်ဟု အစိုးရတို့က ထင်ခဲ့သည်။ ကျောင်းကို ၁၉၈၈–ခုနှစ်ဇွန်လထဲတွင် ပြန်ဖွင့် သည်။

သို့သော် တက္ကသိုလ်ကောလိပ်နှင့် သိပ္ပံကျောင်းသားများသည် ရပ်တန်းကမရပ်ခဲ့ပေ။ ရန်ကုန်တက္ကသိုလ် (ပင်မ) အတွင်း၌ ကျောင်းသားများသည် စည်းရုံးမှု၊ လှုံ့ဆော်မှုများ ရှိခဲ့သည်။ ပိုစတာများကပ်ခြင်း ဟောပြောပွဲများပြုခြင်းများ အစဉ်တစိုက် လုပ်ခဲ့ကြသည်။

ထိုနောက် အရေးအခင်းကြီးအထိ မီးထိုးပေးလိုက်သလို ဖြစ်လာခဲ့ရသည်။

ထိုအရေးအခင်းကြီးနှင့် ပတ်သက်၍ 'နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး(၁) ဗိုလ်မှူးချုပ်ခင်ညွန့်သည် စက်တင်ဘာလ ၉–ရက်၊ နံနက် (၉) နာရီအချိန်တွင် ကာကွယ်ရေး ဝန်ကြီးဌာန အမှတ် (၂) ညွှန်ကြားရေး ...ရိပ်သာ၌



ပြည်တွင်း ပြည်ပ စာနယ်ဇင်း ဆိုင်ရာပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ အထူးသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်"ဟု သိရသည်။ သတင်းစားရှင်းလင်းပွဲမှ စာပိုက်အချို့ကို ထုတ်နုတ်ပြပါအံ့...

*"အတိတ်သမိုင်းကို ပြန်ကောက်ကြည့်ပါက ပြည်ပ စာနယ်ဇင်းများ၊ ပြည်ပ အသံလွှင့် ဌာနများသည် မြန်မာနိုင်ငံ ပြည်တွင်းရေးနှင့် အစိုးရကို သွယ်ဝိုက်နည်းဖြင့် ဖြစ်စေ၊ တိုက်ရိုက်နည်းဖြင့် ဖြစ်စေ ပုတ်ခတ်တိုက်ခိုက် ရေးသားခဲ့သည်ကို အထင်အရှား တွေ့ရကြောင်း၊ အစဉ်အလာအရ တစိုက်မတ်မတ် ဝင်ရောက်စွက်ဖက်မှု ရှိခဲ့သည့် ပြည်ပစာနယ်ဇင်း အသံလွှင့်ဌာနများအနေနှင့် ၁၉၈၈-ခု၊ မတ်လတွင် ဖြစ်ပွားခဲ့သော စက်မှုတက္ကသိုလ် ကျောင်းသား*



နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ် ခင်ညွန့် အထူးသတင်းစာရှင်းလင်းပွဲကျင်းပစဉ်

မောင်ဖုန်းမော် သေဆုံးခဲ့သည့် ကျောင်းသားနှင့် အရပ်သား ရန်ဖြစ်ရာမှ စခဲ့သည့် မီးပွားအစတစ်ခုအား အခွင့်ကောင်းယူပြီး မီးတောက် မီးလျှံများအဖြစ် ပြောင်းလဲတာမျိုး ပြည်တွင်းရေး မငြိမ်မသက်ဖြစ်စေရန် အရှိန်အဟုန်မြှင့်၍ အားတက်သရော မမှန်သတင်းများ ရေးသားထုတ်လွှင့်ပြီး သွေးထိုး လှုံ့ဆော်ခြင်းမျိုးနှင့် လမ်းကြောင်းချ၍ လမ်းညွှန်မှု ပြုလုပ်တာမျိုးများ အထင်အရှား တွေ့ရကြောင်း၊ စက်မှုတက္ကသိုလ် အရေးအခင်းတွင် မောင်ဖုန်းမော်သာမက ကျောင်းသား အများအပြား သေဆုံးသည်ဟုလည်းကောင်း၊ တံတားနီ အရေးအခင်းဆိုပြီး ကျောင်းသား

မင်းလက်ရာစာပေ

*များ အင်းလျားကန်တွင် မသေမချင်း ရေနစ်သတ်သည်ဟု လည်းကောင်း၊ ဦးခေါင်းကို မသေမချင်း ရိုက်သတ်သည်ဟု လည်းကောင်း၊ ထိန်းသိမ်းခဲ့ရသူ ကျောင်းသူများအား လုံထိန်းများက ထောင်တွင် မတရား ပြုကျင့်သည်ဟု လည်းကောင်း၊ မမှန်သတင်းများကို လိမ်ညာ၍ ရေးသား ထုတ်လွှင့်ဝါဒဖြန့်မှုများ ပြုလုပ်ခဲ့သည့်အတွက် ဖွန်လ အရေးအခင်းအား အရှိန်မြှင့်ပေးသလို လုပ်လာခဲ့ကြောင်း"*

ဟူ၍ ဖြောင်ကျကျ လိမ်ညာခဲ့သည်ကို သတိထားမိခဲ့ရသေးသည်။

အမှန်ဆိုရလျှင် အနောက်ကြို့ကုန်းမှ ရန့်စနက်မီးသည်မည်သူ့ အပေါ်တွင် တာဝန်အရှိဆုံးဖြစ်မည်ကို ထောက်ရှုဆင်ခြင်ရမည်ဖြစ်သည်။ ဖြစ်ပေါ်လာပြီးမှ ဟိုလူ့အပြစ် ဒီလူ့အပြစ်ဟု အပြစ်ပုံချနည်းမှာ ကလေးကလားဆန်သည့် အလုပ်ဟူ၍သာ ဖြစ်ပါသည်။

ဤသို့ ဖြောင်ကျကျ ပြောရဲဆိုရဲသည့် အတိတ်သမိုင်းကို ပြန်ကြည့်မည်ဆိုပါက နောက်ကကြိုးကိုင်သူ လူတစ်စု၏၊ အရှိန်ဩဇာကို ခန့်မှန်းနိုင်ပြီဟုလည်း ဆိုနိုင်၏။

**သတင်းစာရှင်းလင်းပွဲမှာ သမိုင်းအတင်ခံခဲ့ရတဲ့ မင်းကိုနိုင်**

ရှစ်လေးလုံး အရေးအခင်းကတည်းကပင် မင်းကိုနိုင်၏

အမည်ကို ပြည်သူအများ သတိထားခဲ့ကြပြီး ဖြစ်သည်။ ကျောင်းသားခေါင်းဆောင်အဖြစ် လှုပ်ရှားမှုတွင် စိတ်ရောကိုယ်ပါ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့သူ ဖြစ်သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ် ခင်ညွန့်၏ ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ သတင်းစာရှင်းပွဲတွင် မင်းကိုနိုင်နှင့် ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့သည်မှာ...

*"ဦးရဲထွန်းနှင့် Bertil Lintner တို့ ဆက်သွယ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ဓာလီမော်သည် မြန်မာနိုင်ငံနှင့် ပတ်သက်သော သတင်းများ စုံစမ်းရန်အတွက် ၂၇·၇·၈၈ မှ ၃·၉·၈၈ နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး မင်းကိုနိုင်နှင့် တွေ့ဆုံခဲ့သည်ကို တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ဓာလီမော် ပြန်သွားပြီး မကြာမီ Bertil Lintner သည် ဦးရဲထွန်းအိမ်သို့ ဇန်ကောက်မှနေပြီး ဖုန်းဆက်၍ မင်းကိုနိုင်အား တွေ့လိုကြောင်း ပြောပြီး စ,တင်ဆက်သွယ်မှုယူခဲ့ကြောင်း၊ နောက်ထပ် နှစ်ရက်ခန့်အကြာ ညပိုင်းတွင် Bertil Lintner ၏ ဇနီးက ဦးရဲထွန်းထံ ဖုန်းဆက်ပြီး မင်းကိုနိုင်နှင့် ဆက်သွယ်လိုကြောင်းကို ထပ်မံ ဆက်သွယ်ခဲ့ကြောင်း၊ မင်းကိုနိုင် မရှိသဖြင့်*

*Bertil Lintner ၏ ဖုန်းနှင့်လိပ်စာအား ပေး၍ သတင်းထူးလျှင် အကြောင်းပြန်ပါဟု ပြောကြားခဲ့ကြောင်း”*

ဤသို့ဖော်ပြပြောဆိုခဲ့ပေသည်။

ကိုယ့်ဇာတ်ကိုယ်မနိုင်၊ ကိုယ့်လူကိုယ်မထိန်းဘဲ ဝါးလုံးချီး သုတ် ရမ်းခဲ့သည့် တစ်ပါတီအာဏာရှင်စနစ်၏၊ လုပ်ရပ်ကား ဤသို့မျှနှင့် စွဲချက်တင်လို့ မပြီးသေးပေ။

ဆက်၍ ရှင်းပြသည်မှာ...

*“...။ ပြန်လည်တင်ပြရမည်ဆိုလျှင် ၂၄-၁၀-၈၈ ရက်နေ့တွင် မိုးသီးဇွန်၊ သက်ထွန်း၊ မိုးဟိန်း၊ ရဲနိုင်အောင်တို့ကို ခေါ်ယူတွေ့ဆုံပြီး မြန်မာအစိုးရကို အကူအညီ ဖြတ်ထားကြောင်း၊ တခြားသော တိုင်းပြည်ကြီးများက မကူညီနိုင်အောင်လည်း ဆောင်ရွက်ထားကြောင်း၊ ၎င်းတို့ကို အားပေးကူညီမှာ ဖြစ်ကြောင်း၊ ၂-၁၁-၈၈ ရက်နေ့တွင် ဝိစ္စရသခင်ချစ်မောင်၏ အမျိုးသား ပြန်လည်တည်ဆောက်ရေး ဒီမိုကရေစီ တပ်ပေါင်းစုရုံးသို့ သွားပြီး အိမ် အောက်ထပ်တွင် ရှိသည့် လူငယ်များနှင့် တွေ့ဆုံရာတွင် ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ ဆက်လက်တိုက်ပွဲဝင်ရန် မြှောက်ပေးသွားသည် ဆိုခြင်းကို သိရပါကြောင်း၊...*

မင်းလက်ရာစာပေ

"၂.၁၁.၈၈ ရက်နေ့တွင်ပင် (N.L.D) က ဦးကြည်ဟ္မာန်၊ ဦးဝင်းတင်၊ ဦးလွင်တို့နှင့် တွေ့ဆုံပြီး တစ်ဖန် မိုးသီးဇွန်၊ မိုးပါိန်းတို့နှင့် ထပ်မံတွေ့ဆုံ ဆွေးနွေးခဲ့ကြကြောင်း၊...

"၂၆.၁.၈၈ ရက်နေ့တွင် တစ်ဖန် ကိုကိုကြီး၊ မိုးသီးဇွန်တို့ကို ခေါ်ယူတွေ့ဆုံ ဆွေးနွေးခဲ့ကြကြောင်း၊ မည်သည့် အချက်များ ဆွေးနွေးခဲ့သည်ကို ကာယကံရှင်များ အသိဆုံးဖြစ်ကြောင်း၊...

"၎င်း သံရုံးအရာရှိတွေသည် ၂၁.၄.၈၉ ရက်တွင် ကိုကိုကြီး၊ ညိုထွန်းတို့ကို ခေါ်ပြီး မင်းကိုနိုင် လွတ်မြောက်ရေးအတွက် လှုပ်ရှားဆန္ဒပြရန် မြှောက်ပေးခဲ့ကြပြန်ကြောင်း"

ဤသို့ ဖော်ပြခဲ့ပေသည်။

ထိုအချိန်၊ ထိုအခါက နောက်ကကြိုးကိုင်ထားသည့် လူတစ်စု၏ စေခိုင်းသမျှကို လုပ်ဆောင်ရသည်ဟု နားလည်နိုင်ပေသည်။ ခေါ်ရင်သွား၊ ခိုင်းတာလုပ်၊ ခံမပြောနဲ့ဟူသော ဝါဒ စိုးမိုးထားသောခေတ် ဖြစ်ပေသည်။

[မှတ်ချက်။ စက်မှုတက္ကသိုလ်ကျောင်းသား မောင်ဖုန်းမော် သေဆုံးမှုနှင့် ပတ်သက်၍ မတ်လ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့ထဲ၌ ဆန္ဒပြမှုများ ပြန့်သွားသည်။ အကြမ်းဖက်မှုတွေ

မင်းလက်ရာစာပေ

ပေါ်ပေါက်ခဲ့သည်။ အစိုးရက အကြမ်းဖက်သူများအား ဖမ်းဆီးသည်။ သိမ်ဖြူလမ်း မီးပွိုင့်အနီးမှ ဖမ်းလာသော လူ (၇၁) ဦးအနက် (၄၁) ဦးမှာ အချုပ်ကားပေါ်တွင် အသက်ရှူကျပ်ကာ သေဆုံးခဲ့ရလေသည်။]

❀ ❀ ❀

မင်းလက်ရာစာပေ

## သခင်သိန်းမောင်ရဲ့ ဝမ်းသာပီတိစကား



သူတို့ကို လွှတ်ပေးတယ် ဆိုတာ အရမ်းကို ဝမ်းသာတာပေါ့။ မင်းကိုနိုင် ပြောတာကြားတယ်။ ကိုကိုကြီးတို့၊ ကိုဂျင်မီတို့ ပြောတာလည်း ကြားတယ်။ သူတို့ရဲ့ သဘောထားအမှန်ကို စုပေါင်းပြီးမှ ပြောမယ်ဆိုပြီးတော့ ပြောကြတယ်။ ဒီအပေါ်မှာတော့ သူတို့ လုပ်သမျှ၊ လုပ်ခဲ့သမျှကိုရော အခု ပြောနေတာကိုရော ကျွန်တော်က ကျေနပ်တယ်။

သူတို့မှာ မရှောင်လွှဲနိုင်တဲ့ ပြဿနာတွေရှိတယ်။ (၁) က လွတ်မြောက်ရေးပေါ့၊ (၂) က ပြည်တွင်းစစ်ပေါ့။ ဒီနှစ်ခုဟာ

ဘယ် လိုပဲဖြစ်ဖြစ် တခြားပြဿနာတွေလိုပဲ သူကလည်း ထိပ်တန်း ရောက်နေတဲ့ ပြဿနာပဲ။ ဒီဟာအတွက် ဖြေရှင်းဖို့တာဝန်က လူတိုင်းမှာ ရှိတယ်။ ဒီဖွဲ့အစည်းတိုင်းမှာ ရှိတယ်။ တစ်ယောက်ချင်းနဲ့လည်း ဆိုင်တယ်။ အများနဲ့လည်း ဆိုင်တယ်။ ဒီဟာကို ကျော်သွားလို့မရဘူး။ ဒီတော့ ဘယ်သူဖြစ်ဖြစ် ဒီဟာကိုတော့ သူတို့ တခြားအဖွဲ့အစည်းနဲ့ ပူးပေါင်းလို့ဖြစ်စေ၊ သူတို့အဖွဲ့အစည်းနဲ့ တစ်ဦးတစ်ယောက်ချင်းနဲ့ပဲ ဖြစ်စေ၊ တစ်ဦး တစ်ယောက် အနေနဲ့ပဲဖြစ်စေ သူတို့လုပ်ကြရမှာပဲ။ ဒါဟာ အားလုံးရဲ့တာဝန်ပဲ၊ မဟုတ်ဘူးလား။

❀ ❀ ❀

မင်းလက်ရာစာပေ

## ဆရာထက်မြက်ရဲ့ပူးပေါင်းဆောင်ရွက်ချင်တဲ့ စေတနာစကား



သူတို့ လွှတ်မြောက် လာတာဟာ အလွန်ဝမ်းသာ စရာကောင်းပါတယ်။ အခု သူတို့ဟာ မြန်မာပြည်ရဲ့ အနာဂတ်ကို ဦးဆောင်ပြီးတော့ မြန်မာပြည်ရဲ့ အနာဂတ်အတွက် အလွန်အား ထားစရာကောင်းတဲ့ လူငယ်တွေ၊ ခေါင်းဆောင်တွေလို့ ယူဆတယ်။ ဒါကြောင့်မို့ အမျိုးသား ညီညွတ်ရေးအတွက်၊ ငြိမ်းချမ်းရေးအတွက်၊ ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် ကိုမင်းကိုနိုင် အပါအဝင် ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ လက်တွဲပြီးတော့ အခု ဦးသိန်းစိန်အစိုးရနဲ့အတူ ပူးပေါင်းဆောင်ရွက်ဖို့ လိုတယ်လို့ ပြော ချင်ပါတယ်။

❀ ❀ ❀

မင်းလက်ရာစာပေ



နုရာသိန်ထောင်မှအပြန် မင်းကိုနိုင်

"... ကျွန်တော်တို့
ပြောချင်တာကလည်း ပြည်သူတွေကို
ကျွန်တော်တို့ အမြဲတမ်းလျှော့ပြီး
တွက်ထားလို့ မရဘူးဆိုတော့
ဒီအချက်တော့ ပေါ်နေပြီဗျ။
ဘာကြောင့်လဲဆိုရင်
ပြည်သူတွေကို အကြောက်တရားနဲ့
ဖိနှိပ်ထားဖို့ဆိုတာ
ကာလတစ်ခုပဲရမယ်ဗျာ။
သူတို့ရင်ထဲမှာ
တကယ်ရှိနေတဲ့ ယုံကြည်ထားမှုတွေ
အပေါ်မှာတော့ ဘယ်တော့မှ
အပြီးအပြတ် သင်းကွပ်ပစ်လို့
မရဘူးဆိုတာ
သေချာနေတာပေါ့။"

မင်းကိုနိုင်

မင်းလက်ရာစာပေ



၈၈-ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် ဖြေကြားနေစဉ်

မင်းလက်ရာစာပေ

## ပြည်သူလူထုဘက်ကကြည့်တတ်ဖို့ပြောတဲ့မင်းကိုနိုင်

"... ကျွန်တော်တို့ဘက် တစ်ဖက်တည်းက ကြည့်ရင် အထိုက်အလျောက်တော့ တွေ့မယ်လေ။ ကျွန်တော် ပြောချင်တာ ပြည်သူ့လူထုတွေရယ်၊ နိုင်ငံရေးကို ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်တွေရယ်၊ လက်ရှိ အာဏာကို ကိုင်စွဲထား သူတွေရယ်ဆိုပြီး သုံးပိုင်းတော့ ရှိမှာပေါ့။ ကျွန်တော်ပြောချင်တာက အခု အပြန်လမ်းတွေမှာပဲ ကြည့်မယ်ဆိုရင် ပြည်သူလူထုရဲ့ နိုးကြားလာမှု၊ တက်ကြွလာမှုအပေါ်မှာတော့ အားရစရာကောင်းပါတယ်။ ကျွန်တော်တို့က တစ်ခုရှိတယ်။ ဟန်ချက် ညီနေဖို့ဆိုတာက ပြည်သူတွေလိုက်နိုင်တဲ့ အပေါ်မှာ မူတည်ပြီးတော့ နိုင်ငံရေးကို ဦးဆောင်မယ့် သူတွေသွားသင့်တယ်လို့ ကျွန်တော်ထင်တယ်။ ဥပမာ ပြန်

ပြောပြဦးမယ်။ ကျွန်တော်တို့ ပထမတစ်ခေါက် လွတ်လာတဲ့ ၂၀၀၅ ဝန်းကျင်မှာ ပြည်သူလူထုဟာ အသြောင်း အညာ မိနေတဲ့၊ ချည့်နဲ့တဲ့ နှစ်ရှည်လများ အပီရာပေါ်လဲ နေတဲ့ လူမမာနဲ့ တူတယ်လို့ ကျွန်တော် မြင်တယ်"

❀ ❀ ❀

မင်းလက်ရာစာပေ

## နိုင်ငံတကာအမြင်ရှိဖို့ လိုတယ်လို့ သတိပေးတဲ့ မင်းကိုနိုင်

အစိုးရအဖွဲ့သာ တစ်ဖွဲ့ပြီးတစ်ဖွဲ့တက်ခဲ့ကြသည်။ အိမ်စောင့်အစိုးရက၊ မ,ဆ,လ အစိုးရ၊ န,ဝ,တ အစိုးရဟူ၍ ထင်ရှားသော အစိုးရတွေသာ ပြောင်းခဲ့သည်။

နှစ်ပေါင်းလေးဆယ်အတွင်း နိုင်ငံသာ ဘာမျှမပြောင်းလဲခဲ့။ အစိုးရသာလျှင် ယူနီဖောင်းချုတ်သည်။ အရပ်ဝတ် ဝတ်စုံလဲသည်။ မောင့်ကျက်သရေခေါင်းပေါင်းဆောင်းသည်။ တိုက်ပုံဝတ်သည်။ တောင်ရှည်ပုဆိုး၊ ပိုးလုံချည်ဝတ်ကြသည်။ အချို့က ယူနီဖောင်းပင် မချွတ်။ ခါးက ဗျောက်ကိုမချ။

ဤမျှပြောင်းရုံမျှနှင့် တိုင်းပြည်သည် ထင်သာမြင်သာ ပြောင်းခဲ့ပါသလော။ လူပြောင်းရုံမျှနှင့် တိုင်းပြည် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေးစသည်များ ပြောင်းလဲခဲ့ပြီလို့ ဆိုနိုင်ပါသလား။ ဆိုလို့ရနိုင်ပြီသတဲ့ ပြောနိုင်ပြီလား။

မင်းလက်ရာစာပေ

ပြာနိုင်ဆိုနိုင်အဆင့်သို့ မရောက်ခဲ့ပါ။ ပြည်သူ့အများကြား၌ တစ်နေ့တခြား စီးပွားရေးချုတ်ခြုံကျလာသည်။ ပညာရေးမှာ နိုင်ငံ တကာ ပညာရေးအဆင့်မမှီ။ နယ်စပ်ဒေသများ မငြိမ်းချမ်း။ အကျင့် ပျက်ဝန်ထမ်းများ များသည်ထက် များလာသည်။

ဤသည်မှာ အစိုးရအနေဖြင့် လူပြောင်းသော်လည်းမူ မပြောင်းခဲ့သော အခြေအနေကြောင့် ဖြစ်ပျက်ခံစားခဲ့ရသည့် အကျိုးဆက်များ ဖြစ်သည်။

ယင်းအကျိုးဆက်များကြောင့် အုပ်ချုပ်သူနှင့် အအုပ်ချုပ်ခံ လူတန်းစားတို့ကြား၌ ပဋိပက္ခများ မကြာမကြာဖြစ်ခဲ့ရသည်။ မကျေနပ်ချက်များသည် အနာများကဲ့သို့ အစပထမတွင် မြုံနေ သေးသည်။ တဖြည်းဖြည်း ရင့်လာသည်ထက် ရင့်လာသောအခါ ၌ ပေါက်ကွဲလာရဘိသကဲ့သို့ ဖြစ်လေသည်။

အခြေအနေအားလုံးကို ပြန်လည် ဆန်းစစ်ပါက ဆဲဗင်း၊ ဇူလိုင် အရေးအခင်းသည် ပြည်သူများက မွေးဖွားလာသည့် ပြည် သူ့ ရင်သွေးငယ်များမှာ ပညာရေးကို ကောင်းမွန်စွာ မသင်ကြား နိုင်ဘဲ အုပ်ချုပ်လူတန်းစားကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ရပေသည်။ အရေးအခင်းတွင် ပြည်သူ့ရင်သွေး ကျောင်းတော်သား အများ အပြား အသက်၊ ဒဏ်ရာရမှုဖြင့် ဆုံးရှုံးခဲ့ရပေသည်။ ၁၉၇၄- ၇၅ ခုနှစ်များတွင် အလုပ်သမားအရေးအခင်းများ ပေါ်ပေါက်ခဲ့ ရသည်။ အလုပ်သမားများက ဆန်တစ်ပြည်နှုန်းထက် ရိုးသားစွာ တောင်းခံမှုမှစ၍ အရေးအခင်းပေါ်လာရခြင်းဖြစ်သည်။

မင်းလက်ရာစာပေ

ယင်းအရေးအခင်းတွင် ဆင်းမလိုက် သင်္ဘောကျင်းမှ အလုပ်သမား အများအပြား ထိခိုက်သေဆုံးခဲ့ရသည်။ အလုပ်သမားဘကိုကန်ရွှေကအစ အလုပ်သမား အများအပြား အဖမ်းခံခဲ့ရသည်။ ဂုန်လျှော်စက်ရုံမှ လုပ်သားများ ဖမ်းခံရသည်။ မီးရထားဌာန အလုပ်သမားကြီးများ အဆွဲခံခဲ့ရသည်။

ထိုနှစ်၌ပင် ဆက်တိုက် အရေးအခင်းများ ဖြစ်ပေါ်လာခဲ့ရပေသည်။ ဦးသန့်အရေးအခင်း၊ မှိုင်းအရေးအခင်း၊ ရှစ်လေးလုံးအရေးအခင်း၊ ရွှေဝါရောင်အရေးအခင်းများသည် တိုင်းပြည်ရောကမ္ဘာကိုပါ လိမ်ညာ၍မရသည့် ဖြစ်စဉ်များတည်း။

ဤသို့ ဖြစ်စဉ်များကို လေ့လာကြည့်ပါက မြန်မာ့နိုင်ငံရေးတွင် ဒီမိုကရေစီ အပြည့်အဝ မရှိခဲ့ရ၍ဖြစ်သည်။ တစ်ပါတီအာဏာရှင်၏၊ စနစ်ဆိုးကြီးကြောင့် ပြည်သူများ ဆောက်တည်ရာမဲ့ ဖြစ်ခဲ့ရသည်ဟု ဆိုရမည်ဖြစ်၏။

ထို့ကြောင့် မင်းကိုနိုင်က သတိကြီးစွာထား၍ ပြောခဲ့သည်မှာ...

> *"ဒီမိုကရေစီသမား စစ်စစ်မှန်ရင်တော့ ကျွန်တော်တို့ဘက်က လက်တွဲမှာပါ။ အဲ့ဒီတော့ ဘယ်အဖွဲ့အစည်းကပဲဖြစ်ဖြစ် ကျွန်တော်တို့ အစွဲအလမ်း မထားဘူး။ ပုဂ္ဂိုလ်အစွဲအလမ်း မထားဘူး။ ပြည်တွင်းပြည်ပအင်အားစုအားလုံးဟာ အရေးကြီးတာက တကယ်*

ပြုပြင်ပြောင်းလဲရေးကို လိုလားတဲ့သူ ဖြစ်ဖို့လိုတယ်။ အဲဒီအတွက် ဆိုလို့ရှိရင် လက်ရှိအာဏာရ အဖွဲ့အစည်းတွေထဲမှာပဲ ဖြစ်ပါစေပေါ့။ တကယ်ပြုပြင်ပြောင်းလဲရေးကို လိုလားတယ်ဆိုလို့ရှိရင် အဲဒီလူတွေနဲ့ ပူးပေါင်းဆောင်ရွက်တာကို ကျွန်တော်တို့က သဘော ကျတယ်။ နောက်တစ်ခုက တကယ်ပြုပြင်ပြောင်းလဲရေးကို မလိုလားဘဲနဲ့တော့ တွဲလုပ်လို့ မရနိုင်ဘူး။ အဲဒီတော့ အဲဒီအုပ်စုနှစ်မျိုးရှိနေမယ်ဆိုရင် ကျွန်တော်တို့က ပြုပြင်ပြောင်းလဲရေးကို လိုလားတဲ့ အုပ်စုနဲ့ တွဲပြီးတော့ ရောက်အောင် သွားရမှာပေါ့။ အဓိက ဒါပဲလေ။"

ဤသို့ ဖြစ်ပါသည်။

မှန်ပါပေသည်။ ပြုပြင်ပြောင်းလဲရေးဆိုသည် အပေါ်ယံအချို့ ရည်သုတ်ပြီးအတွင်းက ဆေးခါးကြီးထား၍ မဖြစ်ပါပေ။ အတွင်း သဏ္ဌာန်အားလုံးကိုပါ ခဝါချ ပြုပြင်ပြောင်းလဲမှသာ တိုင်းပြည်နှင့်တကွ ပြည်သူပြည်သားအားလုံး ချမ်းသာသုခရကြရမည် မဟုတ်ပါလား။

❀ ❀ ❀

မင်းလက်ရာစာပေ

## ယုံကြည်ချက်ကြောင့် အကျဉ်းကျခံခဲ့ရတဲ့ မင်းကိုနိုင် စကား

"နိုင်ငံတော်သမ္မတက နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင် ပြောင်းလဲစေရေးအတွက် ရည်ရွယ်ပြီး အကျဉ်းထောင် အသီးသီးမှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၆၅၁-ဦးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁/ပုဒ်မခွဲ (၁) အရ ဇန်နဝါရီ ၁၃-ရက်တွင် လွတ်ငြိမ်းချမ်းသာခွင့် ပြုရာတွင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦး၊ အရှင်ဂမ္ဘီရနှင့်

*ဗိုလ်ချုပ်ကြီးပေါင်း ခင်ညွှန့် အပါအဝင် ၆၅၁ ဦး*
*လွတ်မြောက်လာသည်။"*

ဟူ၍ သတင်းများက ဖော်ပြခဲ့၏။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသော ၈၈ ကျောင်းသား ခေါင်းဆောင် မင်းကိုနိုင်လည်း လွတ်ငြိမ်းချမ်းသာခွင့်ထဲ ပါဝင်ခဲ့သည်။ သရက်အကျဉ်းထောင်မှ လွတ်မြောက်လာသည့် ၈၈-ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်က ဒေါ်သင်းတို့၏ သတ္တိ၊ ဒေါ်သင်းတို့၏ အားမာန်အပြည့်ဖြင့် ကြွေးကြော်ခဲ့သည် ကား...။



(မြောက်ဥက္ကလာပတွင် မင်းကိုနိုင် မိန့်ခွန်းပြောနေစဉ်)

မင်းလက်ရာစာပေ

*"ထောင်ထဲမှာ ၁၆ နှစ်တစ်ခါ၊ ၄-နှစ် တစ်ခါ နေခဲ့ရပြီးပြီ၊ ပြည်သူ့လူထုက ဒီလို သတ္တိရှိရှိ ကြိုးဆို တာ တွေ့ရလို့ နောက် နှစ် ၂၀ နေရလည်း ကျေနပ်တယ်"*

ဟု ရဲရဲတောက်ဆိုခဲ့သည်။

အမေ့သားအိမ်အပြန် လမ်းတစ်လျှောက်တွင် ပြည်သူ့လူထု ကြီးက ဝမ်းမြောက်ဝမ်းသာ တစ်ခဲနက် ကြိုဆိုခဲ့သည်ကို တွေ့ရ သည်။ စစ်မှန်သော ဒီမိုကရေစီရလဒ်ကို တောင့်တ မျှော်လင့်ထား ကြသည့် ပြည်သူအများနှင့်အတူ မင်းကိုနိုင်ပြောသည့်၊ ဟော သည့် စကားများမှာ...

*"တကယ်လို့အပ်ရင် ပြည်သူ့လူထုကြီးက သတ္တိ ရော၊ စည်းကမ်းရှိမှုဆိုတဲ့ ဒီမိုကရေစီ အမူအကျင့် တွေရော ရှိတယ်ဆိုတာကို ပြနိုင်မှာပါ။ အခုဆိုရင် ဘာ အနှောင့်အယှက်၊ ဘာအတားအဆီးမှ မရှိတော့ ပါဘူး။ ဘာလို့လဲဆိုတော့ အမေ့အိမ်ပြန်လာတဲ့ သားတစ်ယောက် ကို ဘယ်သူမှ တားခွင့်မရှိဘူး။*

*"ကျွန်တော်တို့ အပါအဝင် ဒေါ်အောင်ဆန်း စုကြည်တို့ ဒီအချိန်အထိ အလုပ်လုပ်နိုင်သေးတယ် ဆိုတာကလည်း ပြည်သူ့လူထုရဲ့ ထောက်ခံမှုရှိနေတဲ့ လူဟာ ပြည်သူ့လူထုရဲ့ အသည်းနှလုံးပါ။"*

ဟု ဆိုသည်။

မင်းကိုနိုင် ကြို့ပင်ကောက်ရောက်စဉ်က ပြည်သူလူထုကြီး က သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပါသည်။ လူထုကြီး၏ တောင်းဆိုချက်အရ မင်းကိုနိုင်စကားပြောခွင့်ရသည်။ ထိုစကား ထဲ၌ 'ပြည်သူလူထုရဲ့ ထောက်ခံမှုရှိနေတဲ့ လူဟာ ပြည်သူလူထုရဲ့ အသည်းနှလုံးပါ' ဟု တိတိပပ ဆိုခဲ့ပေသည်။



ကြို့ပင်ကောက် ရောက်စဉ်…

❀ ❀ ❀

မင်းလက်ရာစာပေ

## မေတ္တာ၊ ကရုဏာတွေ လွှမ်းခြုံပါသတဲ့

လက်ပံတန်းမြို့သို့ မင်းကိုနိုင် ဆိုက်ရောက်ခဲ့စဉ်ကလည်း မေတ္တာ ကရုဏာစကားကို ပြောခဲ့ရပါသည်။ ထိုစကားမှာ...

*"အခုလိုပန်းစည်းတွေပေးတဲ့အခါ အနှစ် (၂၀) ထောင်ထဲမှာ နေလာတဲ့ သူတစ်ယောက်အတွက် ဒီလို မေတ္တာစစ်စစ်နဲ့ ပေးတဲ့ပန်းစည်းဟာ ငွေကြေးတန်ဖိုး မရှိပေမယ့် မေတ္တာ၊ ကရုဏာတွေ လွှမ်းခြုံနေတဲ့ ပန်းစည်း ဖြစ်နေတယ်"*

ဟု ဝမ်းနည်းဝမ်းသာ ဖွင့်ဟခဲ့ပါသေးသည်။

မီဒီယာကိစ္စကိုလည်း မင်းကိုနိုင် ချန်လှပ်မထားခဲ့ပါ။ အခါအခွင့် ရသည်နှင့်အမျှ သတင်း မီဒီယာများအနေဖြင့် နှစ်ဖက် စလုံးကို ဖော်ပြသင့်ကြောင်း သတိပေးခဲ့၏။

သူ့စကားထဲတွင်...

*"မီဒီယာသမားတွေ ကိုယ်တိုင် လွတ်လပ်ချင်မှာ ပါ။ ဘက်နှစ်ဖက်က အမြဲရှိတယ်။ နှစ်ဖက်စလုံးကို*

*ဖော်ပြသင့်တယ်။ ဘယ်အကြောင်းအရာ မဆိုပါ။ ပြည်သူနဲ့ တိုက်ရိုက်ဆက်ဆံတဲ့အခါ အတွေးအမြင်က နှစ်ဖက် ရှိတယ်"*

ဟု ပြောဆိုခဲ့သည်။

တိုက်ကြီးမြို့ရောက်စဉ်ကလည်း တန်ဖိုးရှိရှိ စကားတစ်ခွန်းကို သူပြောခဲ့သည်။ ပြည်သူယုံကြည်အားကိုးရသော အစိုးရကို ရရှိဖို့ ရည်ရွယ်စကားဟု ယုံကြည်ရပေသည်။



[တိုက်ကြီးမြို့မှ အမေအိုတစ်ဦးက ဝမ်းသာဝမ်းနည်း မျက်ရည်ဖြင့် ကြိုဆိုခဲ့စဉ်]

မင်္ဂလာရာဇာ၆၀

မင်းကိုနိုင် ပြောသည့်၊ ဟောသည့် စကားထဲတွင်...

"ပြည်သူလူထု ယုံကြည်တာက သူတို့ကို အမှန်တကယ်လုပ်ပေးမယ့် သူတွေကိုပါ။ တော်တော်လေးလည်း လက်တွေ့ကျတယ်။ နိုင်ငံရေးဆိုတာက အများအတွက် လုပ်တာပါ။ တစ်ပိုင်တစ်နိုင် ပရဟိတလုပ်ငန်း တွေကစလို့ ရပါတယ်။ နယ်ပယ်တစ်ခုမှာ လုပ်နိုင်ရင် ပြည်သူရဲ့ ယုံကြည်မှုကို ရနိုင်ပါပြီ..." ဟူ၍ ဖြစ်လေသည်။



မိခင်ရင်ခွင့်ရောက် သားတစ်ယောက် (သို့မဟုတ်) ကျောက်ကောင်းတစ်ရေ

မင်းကိုနိုင်ပြည်သူလူထုကို အလေးအနက်ထား၍ တဖွဖွ တိုက် တွန်းနှိုးဆော်ခဲ့သည်။ ပြုပြင်ပြောင်းလဲရေး လုပ်ချင်သူ အချင်းချင်း လက်တွဲပြီး မြန်မာပြည် ဒီမိုကရေစီဖော်ဆောင်ရေး တွင် လက်တွဲဖို့ ဝန်မလေးရန်ကိုလည်း သတိပေးစကား ဆိုခဲ့ သည်။

ထိုနောက် မင်းကိုနိုင်သည် တောင်ဥက္ကလာပ အမှတ် ၄၇၂- ရှိ အမိနေအိမ်သို့ ချောမောစွာ ပြန်လည်ရောက်ရှိလာသည်။ နှစ်ကြာမြင့်စွာခွဲခွာပြီး အကျဉ်းထောင်ထဲ၌ နေခဲ့ရရှာသော ရင် သွေး သားတစ်ယောက် မိခင်ရင်ခွင်ထဲသို့ ရောက်လာသည်နှင့် တစ်ပြိုင်တည်း မခံစားနိုင်အောင် ဖြစ်ရသည်။

ဝမ်းနည်းဝမ်းသာကြီးဖြင့် သားကို ဖက်၍ အားရပါးရ ငိုပစ် မိသည်မှာ မိခင်တို့၏၊ ခံစားမှုပင်ဖြစ်ပါသည်။ သားတစ်ယောက် အကျဉ်းထောင်ထဲ၌ ရှိနေစဉ် ထောင်ထမင်း၊ ထောင်ဟင်းမှ စားနိုင်ရှာပါ့မလား၊ နေထိုင်မှုကောင်းပါရဲ့လား၊ အထုအထောင်း အရိုက်အနက် အကာန်အကြောက်တွေ ခံနေရမလား၊ ဒီထောင်မှာ မထားဘဲ ဝေးလံခေါင်သီသော ထောင်တစ်ထောင်ကို ပို့လေဦး မလား စသော အပူသောကမီး များဖြင့် ရင်စည်းခံစားနေရသည့် ဘဝ။ ယခု လွတ်မြောက်လာပြီး အမေ့ရင်ခွင်ထဲရောက်မှပင် ရင်ထဲက သောကအလုံးကြီးကို ဟင်းခနဲ ချလိုက်နိုင်သည့်အဖြစ်။ မျက်စိအောက်က ပျောက်ကွယ်သွားမှာကိုပင် ရင်တမမ, ရှိနေခဲ့ရ သည့် မိခင်တို့ဝမ်းသည် ဘယ်မှာလျှင် ချမ်းသာနိုင်အံ့နည်း။

မင်းလက်ရာစာပေ

မိခင်တို့၏ နှလုံးစိတ်ဝမ်း မငြိမ်းချမ်းနိုင်သည့် အဖြစ်ကို မင်းကိုနိုင် မျှဝေခံစားနိုင်ခဲ့ပါ၏။ ထို့ကြောင့် မိခင်၏အိမ်၊ မိခင်၏၊ ရင်ခွင်၌ ခိုဝင်ပြီးနောက် သူပြောခဲ့သည့် စကားတစ်ခုမှာ...

*"မိဘအရင်းတွေနဲ့ ထပ်တူထပ်မျှဖြစ်တဲ့ ပြည်သူ လူထုကြီးရှိတယ်ဆိုတာ ယုံကြည်လို့ ဒီနေ့အထိ နေနိုင်ခဲ့တာပါ။ ပြည်သူက ဒုတိယမိဘပဲဖြစ်ပါတယ်။ အရင် အချိန်တွေတုန်းက တိတ်တဆိတ် အိမ်ကို ပြန်ခဲ့ရတယ်။ အခုတော့ ခေတ်ပြောင်းသွားပါပြီ"*

ဟု ပြည်သူ့သားကောင်း တစ်ယောက်အဖြစ် ရဲရဲဝံ့ဝံ့ ဟစ်ကြွေး နိုင်ခဲ့လေပြီ။

အနာဂတ်တွင်လည်း မင်းကိုနိုင်ကဲ့သို့ **'ကောင်းကျိုး အထွေထွေနှင့်၊ ချွန်စေမြဲစေသား။ ဒေါင်းအိုးဝေရယ်လို့၊ တွန်စေ ကာစေသား' ဆိုသည့် သားကောင်းရတနာများ များစွာများစွာ ပေါ်ထွန်းပါစေသတည်း။**

❀ ❀ ❀

မင်းလက်ရာစာပေ

## ဒေါ်ခင်ဝင်း ပြောတဲ့စကား
## [အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ]

*"… ။ အခုလွှတ်ပေးတာကလည်း ပြည်သူရော၊ အစိုးရအတွက်ပါ သူတို့ပါမှ ဖြစ်မှာမို့ပါ။ သူတို့ဟာ ၁၉၈၈–ခုနှစ်လောက်ကတည်းက ဒီမိုကရေစီကို ဖော်ဆောင်လာသူတွေဖြစ်လို့ သူတို့ကို နောက်တန်းမှာ ထားလို့ မဖြစ်ပါဘူး။ ရှေ့တန်းကို ပို့မှရမှာပါ။ သူတို့နဲ့ ပူးပေါင်းပြီး နိုင်ငံရေး ပါတီတွေနဲ့ လက်တွဲပြီး လမ်းကြောင်းပေါ်လျှောက်မှ ကမ္ဘာက မြန်မာကို သိမှာ၊ အသိအမှတ်ပြုမှာပါ…*

*"အန်တီတို့ နိုင်ငံရေးကြောင့် ထောင်ကျခဲ့စဉ်က နှစ်ကြီးသမားတွေရှိတယ်။ ၆၅ နှစ်ထောင်ကျသူတွေ*

ပေါ့။ သူတို့တွေထဲမှာ လွတ်ဖို့ ကျန်နေသူတွေ ရှိတယ်။ သူတို့ကိုလည်း လွတ်စေချင်တယ်။ သမ္မတကြီး အနေနဲ့လည်း တကယ်လုပ်တဲ့လူတွေ ထောင်ထဲမှာ ရှိနေသေးတဲ့အတွက် သူတို့ကိုလည်း လွှတ်ပေးစေချင်တယ်။

"အခု လွတ်လာတဲ့ လူထဲကနေ သုံးသပ်ရမယ်ဆိုရင် ကိုမင်းကိုနိုင်ပေါ့။ သူတို့ကစပြီး လုပ်ခဲ့တယ်လို့ သိထားရတယ်။ ပုဂ္ဂိုလ်ရေးအရ ပြောရရင် အန်တီ ကိုမင်းကိုနိုင်ကို လေးစားပါတယ်။ အကြွင်းမဲ့လည်း ယုံကြည်ပါတယ်။ သူက အင်မတန်မှ လောဘ၊ ဒေါသ၊ မောဟနည်းပြီး ကိုယ်ကျိုးစွန့် အနစ်နာခံပြီး လူများအတွက် တကယ် အလုပ်လုပ်နိုင်တဲ့ လူတစ်ယောက်ဖြစ်လို့ အန်တီ အရမ်းလေးစားပါတယ်။"

❀ ❀ ❀



ဆရာတာပည့် ချစ်ချစ်ခင်ခင်

မင်းလက်ရာစာပေ

## ဆရာမဒေါ်သီရိခင်ရဲ့ မှတ်တမ်းစကား

*"ပေါ်ဦးထွန်း (မင်းကိုနိုင်) သာမက သူ့အစ်မ နှစ်ယောက်ဖြစ်တဲ့ ကြည်ကြည်ညွန့်နဲ့ ရီရီညွန့်တို့ရဲ့ ဆရာမလည်း ဖြစ်ခဲ့ပါတယ်"*

ဟု ဆရာမဒေါ်သီရိခင်က ဤသို့ စ, တင်ပြောပြလေသည်။ ထိုနောက် ဆက်လက်၍လည်း **'ဆရာမ B.Ed တက်နေတုန်း (၁၉၆၆-၇၁) ခုနှစ် တင်ပြသင်တန်းဆင်း (Blook Teaching) အတွက် အလက (၂) သင်္ဃန်းကျွန်းကျောင်းမှာ သူတို့မောင်နှမတွေနဲ့ ဆုံတွေ့ခဲ့ကြပါတယ်။ နောက်တော့ (၁၉၇၃-၁၉၈၃) အထိ ဆယ်နှစ်လောက် အထက (၁) သင်္ဃန်းကျွန်းမှာ ဆရာမလုပ်ခဲ့တော့ ရီရီညွန့်နဲ့ ပေါ်ဦးထွန်းတို့နဲ့ ထပ်ဆုံဖြစ်ပါတယ်'** ဟု ပြောပြခဲ့ပေသည်။

မင်းလက်ရာစာပေ

ဆရာမနှင့် မင်းကိုနိုင်တို့၏ မိသားစုရင်းနှီးခင်မင်ခဲ့ကြပုံကိုလည်း ရှင်းလင်းပြောပြခဲ့သေး၏။ မင်းကိုနိုင်တို့ နေထိုင်ခဲ့ကြသော ဝေဇယန္တာလမ်းက အိမ်နှင့် ဆရာမနေထိုင်သည့် ပြည်သာယာလမ်းမှာ နီးသည်ဟု သိရသည်။ ဆရာမ သူတို့အိမ်သို့ မကြာခဏ ရောက်ဖြစ်သည်။ ဘာ့ကြောင့်ရောက်သည်ကိုလည်း ဆရာမ ဒေါ်သီရိခင်က ဤသို့ ရှင်းပြသည်။

*"ဘာဖြစ်လို့လဲဆိုတော့ ပေါ်ဦးထွန်း ဖခင် ဦးသက်ညွန့် တည်ထောင်ခဲ့တဲ့ 'ပေါ်ဦးထွန်း ခရုအရုပ်လုပ်ငန်း'နဲ့ ပန်းချီပြခန်းကို စိတ်ဝင်စားလို့ ရောက်ဖြစ်တာပါ။ ခရု အရုပ်ကလေးတွေလည်း သွားဝယ်ဖြစ်သလို၊ သူတို့ လက်ဆောင်ပေးထားတဲ့ ခရု အရုပ်ကလေးတွေလည်း အခုထိ ဆရာမဆီမှာ ရှိပါတယ်"*

ဆရာမ ဒေါ်သီရိခင်က မင်းကိုနိုင်မိသားစုတို့၏ အနုပညာလုပ်ငန်းကို စတင် စိတ်ဝင်စားခဲ့ပုံကို အနုစိတ်ရှင်းပြသည်။ ထိုနောက် ၎င်းတို့ မောင်နှမတို့၏ စိတ်နေစိတ်ထားကို ပြောပြသည်။ အထူးသဖြင့် မင်းကိုနိုင်၏ စိတ်နေသဘောထားကို ပြောရာ၌...

*"ပေါ်ဦးထွန်းလည်း တည်ငြိမ်၊ အေးချမ်းတဲ့ ကျောင်း သားကောင်းတစ်ယောက်ပါပဲ။ ပေါ်ဦးထွန်း ပြဿနာတက်တာ၊ ရန်ဖြစ်တာ၊ ဆိုးရွားတာ တစ်ခါမှ*

*မကြားမိခဲ့ပါဘူး။ ပန်းချီဆရာကြီးရဲ့ သွေးဆိုတော့ ငယ်ငယ်တုန်းက ကာတွန်းလေးတွေ ဆွဲတယ်။ ဂစ်တာ တီးတယ်။ တစ်ခါတစ်လေ အဖေရဲ့ တယောကို မတတ်တတတ်နဲ့ ယူထိုးတယ်''*

ဟု တပည့်ချစ်အကြောင်းကို ပြောပြလေသည်။

ဆရာမဒေါ်သီရိခင်မှာ အလုပ်တာဝန်ဖြင့် ကျောင်းများ၊ အိမ်များ၊ ပြောင်းရွှေ့နေရသောကြောင့် မင်းကိုနိုင်တို့ မိသားစုများနှင့် အလှမ်းဝေး၍ အဆက်အသွယ်ပြတ်သွားရသေးသည်။

ထို့နောက် မင်းကိုနိုင်သည် ''၈၈-ကျောင်းသားခေါင်းဆောင်''ဟု သိလိုက်ရပြန်သည်။ မိမိတပည့်၊ မိမိ ပြုစု ပညာသင်ပေးခဲ့ရသော ကျောင်းသားမှာ ၈၈-မျိုးဆက်ကျောင်းသား ဖြစ်ရုံမျှမက ရဲရင့်ထက်သည့် ခေါင်းဆောင် အတွေးအခေါ် ရင့်ကျက်သည့် လူငယ်၊ အယူအဆ ထက်မြက်သည့် နိုင်ငံသားကောင်း အဖြစ် သိရလိုက်ရသဖြင့် များစွာ အံ့သြခဲ့ရပေသည်။

## ဝမ်းသာအားရဖြစ်မိ

ဆရာမဒေါ်သီရိခင်က ၎င်း၏ ရင်တွင်းခံစားချက်ကို ပွင့်ပွင့်လင်းလင်းပြောဆိုသည်မှာ...

*''သူ ပထမအကြိမ်လွတ်လာတုန်းကလည်း ဆရာမနဲ့ ဆုံဖြစ်ပါတယ်။ အဲဒီတုန်းကလည်း ဆရာ*

*တပည့် နှစ်ယောက် ဝမ်းသာအားရဖြစ်ခဲ့ရပါတယ်။ အခု အပြီးအပိုင် လွှတ်လာတော့ ပြောဖွယ်ရာ မရှိပါဘူးပေါ့။ ပေါ်ဦးထွန်းမှ မဟုတ်ပါဘူး။ ကျောင်းသား အားလုံးဟာ ဆရာမရဲ့ သား သမီးတွေပါပဲ။ ဘယ်မိဘမဆို ကိုယ့်သားသမီးအတွက် ခံစားရသလို ဆရာ၊ ဆရာမဆိုတာလည်း ကိုယ့်တပည့် သားမြေးတွေ အတွက် ခံစားရတာပါပဲ”*

ဟူ၍ ဖြစ်သည်။

ဆရာ၊ ဆရာမများသည် ဝါသနာ၊ အနစ်နာ၊ စေတနာဖြင့် သာ ကိုယ့်တပည့်သားမြေးများအတွက် ပညာအမွေပေးကြရသည်။ တပည့် သားမြေးများ လူတော်လူကောင်းများဖြစ်၍ နိုင်ငံခေါင်းဆောင်ကောင်းများအဖြစ် တိုင်းပြည်တာဝန် ထမ်းဆောင်နေပြီဟု သိရ၊ ကြားရလျှင်ပင် ဝမ်းသာမဆုံး၊ ကြည်နူးမဆုံး ဖြစ်ကြရပေသည်။ ဤသည်မှာ ဆရာ၊ ဆရာမတို့၏ တကယ့်စေတနာ၊ မေတ္တာပေတည်း။

## ရင်ဖွင့်ကြိုဆိုနေတဲ့ မိဘရင်ခွင်

မင်းကိုနိုင်သရက်ထောင်မှ လွှတ်လာပြီ။

သရက်ထောင်မှ ပြန်လာသည့် လမ်းတစ်လျှောက်တွင် ပြည်သူ များက ပန်းစည်း၊ ပန်းကုံး၊ သပြေပန်းစသည်များဖြင့်

ခြိမ့်ခြိမ့်သဲမျှ ကြိုဆိုခဲ့ကြသည်။ ရောက်သည့် ရောက်သည့် မြို့တိုင်း၌ မင်းကိုနိုင်အား နှုတ်ခွန်းစကားပြောဖို့ တောင်းဆိုခဲ့ကြ၏။

မင်းကိုနိုင်ကိုယ်တိုင်ကလည်း ခရီးဦးကြိုပြုသော ပြည်သူလူထုကြီးတစ်ရပ်လုံးကို လှိုက်လှိုက်လှဲလှဲ နှုတ်ခွန်းဆက်သည်။ နိုင်ငံရေး အယူအဆ၊ ယုံကြည်ချက်၊ ဒီမိုကရေစီအမြင်များကို ထည့်သွင်းမိန့် ဆိုခဲ့ပေသည်။

အထက (၃)၊ မြောက်ဥက္ကလာပကျောင်းနားအရောက်တွင်လည်း စောင့်မျှော်ကြိုဆိုနေသည့် လူထုကြီးမှာ တစ်ခဲနက် ဖြစ်သည်။ ဆုတောင်းသံများ၊ နှုတ်ဆက်သံများမှာ ခြိမ့်ခြိမ့်ညံနေတော့သည်။ ပန်းစည်း၊ ပန်းကုံးနှင့် လက်ဆောင်ပစ္စည်းများမှာလည်း မရေမတွက်နိုင်အောင်ပင်ဖြစ်သည်။ လက်ဆောင်ပစ္စည်းများကိုတော့ တောင်းပန် ပြီးပြန်ပေးရသည်။

မယ်လမုဘုရားအနီးတွင်မူ လူထုပရိသတ်ကြီးမှာ လူတိုးမပေါက်အောင် များလှဘိသည်။ အိုးစည်ဒိုးပတ်သံများကလည်း မိုးယံတိုင်အောင် ထိုးဖောက်မတတ်ရှိသည်။

ထိုမြင်ကွင်းကို ဆရာမဒေါ်သီရိခင် တွေ့မြင်ရသောအခါ၌ ဝမ်းသာအားရဖြစ်ရသည့်အပြင် ချစ်တပည့်အတွက် ဂုဏ်ယူမဆုံးဖြစ်မိပါတော့သည်။ ဆရာမက မြင်ကွင်း၏ တစ်စိပ်တစ်ဒေသ ပြောပြရာတွင်...

*"အိုးစည်၊ ဒိုးပတ်တွေ၊ သံပြိုင်တေးသီချင်းတွေနဲ့ ကြိုဆိုကြတယ်၊ သူ့ရဲ့ အိမ်ပတ်ဝန်းကျင် လမ်းထဲမှာလည်း လူတွေများလိုက်တာ ကားတွေတောင် ဝင်လို့မရတော့ဘူး။ လမ်းထိပ်မှာ ကားရပ်ပြီး အားလုံး လမ်းလျှောက် ဝင်ကြရတယ်။ ဝမ်းပန်းတသာ ရင်ဖွင့် ကြိုဆိုနေတဲ့ မိဘရင်ခွင်ကို ခိုဝင်ကန်တော့ပြီးတော့ စောင့်မျှော်နေတဲ့ လူထုကြီးကို နှုတ်ဆက်တာပေါ့နော်။ သရက်ကနေ အိမ်ရောက်လာတဲ့အထိ သူဘယ်လိုမှ မျှော်လင့်မထားတဲ့ ပြည်သူလူထုက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြတာကို သူသိပ်အံ့သြမိကြောင်း နဲ့ သူ့ကို မွေးထုတ်ပေးတဲ့ အဖေနဲ့ အမေဟာ 'ပထမမိဘ' ဖြစ်ကြပြီး ပြည်သူလူထုကြီးဟာ သူ့ရဲ့ 'ဒုတိယမိဘ' ပါလို့ ခံစားရင်ဖွင့်ချက်ကို အားလုံးက သဘောကျပြီး လက်ခုပ်တီးသံတွေကတော့ အဆက်မပြတ်ပါဘဲ"*

ဟု ဆို၏။

မှန်ပါသည်။ ပြည်သူလေးစားသည့်သား၊ ပြည်သူ ယုံကြည်သောသား၊ ပြည်သူအားကိုးရသည့်သား တစ်ယောက်ဖြစ်ခဲ့ပါပြီ။ ထိုသားတစ်ယောက်သည် ပြည်သူများ၏ ရှေ့၊ မိဘပြည်သူများ၏ ရှေ့က မားမားမတ်မတ်ရပ်လျက် တိုက်ပွဲဝင်ခဲ့သည်။

အသက်၊ သွေး၊ ချွေးတွေ ပေးဆပ်ခဲ့ရသည်။ ဘဝမှာ

အနှစ်နှာ ခံ၍၊ စွန့်လွှတ်၍၊ အကျုံးဆုံး၍ တိုက်ပွဲဝင်ခဲ့ကြရသည်။ ဤကဲ့သို့ အသာမခံဘဲ အနာခံကြရသော သားကောင်း အမွန်အမြတ်တို့မည် တစ်ရာလျှင် တစ်ယောက်ရဖို့ ခက်ခဲလေစွတကား။

## ပြည်သူတွေရဲ့သား

ဆရာမဒေါ်သီရိခင်က မိမိရင်နှင့်အမျှ ခံစားကြည်နူးခဲ့ရသည်များကို ကိုယ်တိုင်မျက်မြင်တွေ့ကြုံရသည့်အဖြစ် ကလေးတွေကို ပြောပြရာ၌...

*"သူ့ကို သရက်အထိသွားကြိုတဲ့ သူ့အစ်မငယ် ရီရီညွန့်ကလည်း သူ့အမေကို 'အမေ၊ အမေ့ရဲ့သားဟာ အမေ့ သား မဟုတ်တော့ဘူး။ ပြည်သူတွေရဲ့သား ဖြစ်သွားပြီနော်' လို့ ပြောတော့ မိခင်ကြီးကလည်း 'ငါကျေနပ်တယ်' နဲ့ ပြန်ပြောဆိုသံတွေကြားရတော့ ဆရာမလည်း ဂုဏ်ယူဝမ်းသာဖြစ်မိတာပေါ့"*

ဟူ၍ ဆိုလေသည်။

ထိုစကားကို နားထောင်ကြည့်ခြင်းအားဖြင့် ဆရာမ ဒေါ်သီရိခင်၏ စကားတစ်ခွန်းမှာ လွန်စွာထိရောက်လှသည်ဟု ယူဆမိပါသည်။ ဆရာမဒေါ်သီရိခင်သည် မိခင်တစ်ဦး၏ နေရာ၌လည်းကောင်း၊ ဆရာမတစ်ဦး နေရာ၌လည်းကောင်း ဝန်ခံမိရင် ဤစကားကို ဝမ်းသာကြည်နူး ဖွင့်ဟခဲ့မည်မှာ အမှန်ရမည်တည်း။

မင်္ဂလာကရိယာစာပေ

## ဆရာမရဲ့ ဝမ်းသာဝမ်းနည်းစကား

မင်းကိုနိုင်သည် ပြည်သူ့သားဖြစ်သည့်အတိုင်း ပြည်သူများ စောင့်မျှော်နေကြသည်ကို ကျေနပ်လောက်အောင် နှုတ်ခွန်းဆက်စကား ပြောဆိုနေရသေးသည်။

ထိုသို့ စကားပြောဆိုပြီးနောက် အိမ်ထဲဝင်လာသည်။ အိမ်ထဲရှိ ဧည့်ခန်းတွင် မိခင်ကြီးနှင့်အတူ ဆရာမဒေါ်သီရိခင်တို့ ထိုင်နေကြသည်ကို တွေ့ရလေသည်။ မိမိ၏ ဆရာမကို တွေ့လျှင် တွေ့ချင်း ဝမ်းပန်းတသာ ပြေး၍နှုတ်ဆက်သည်။ လေးလေးစားစား ဖက်လှဲတကင် ပြုရှာသည်။

မိမိ၏ တပည့် သို့မဟုတ် မိမိရင်၌ မလွယ်ခဲ့ရသော်လည်း သားတစ်ယောက်ကဲ့သို့ ချစ်ရသည့် တပည့်သားက ဤသို့ ဖက်လှဲတကင်းပြု၍ နှုတ်ဆက်ဂါရဝပြုခံရသောအခါ၌ ဝမ်းသာပီတိမျက်ရည် များ လည်မိမည်ဖြစ်ပါသည်။ ဆရာမဒေါ်သီရိခင်၏ ရင်မှာခံစားချက် စကားတွင်...

*"အခု တိုးတက်ခေတ်မီနေတဲ့အချိန်ဟာ အတတ်ပညာရှင်၊ အသိပညာရှင်တွေ ပေါ်ထွန်းလာပြီး 'တတ်သိ' တဲ့ သူတွေ ပေါ်များပါတယ်။ ဒါပေမဲ့ မိဘဆရာသမား ကျေးဇူးရှင်တွေအပေါ် 'သိတတ်'တဲ့ သူတော့ အလွန်ရှားပါတယ်။ သူကတော့ ဆရာသမားနဲ့ ပြည်သူတွေအပေါ် 'သိတတ်'တဲ့ လူတော် လူကောင်း*

*တစ်ယောက်ပါလားလို့ ခံစားရပြီး ဝမ်းသာမိတာပေါ့။ ဒီအချိန်မှာ သူ့အများကြီး မြောက်လို့ရတယ်။ မသိချင် ဟန်ဆောင်လို့ရတယ်။ အဲဒီလို တပည့်တွေလည်း ဆရာမတို့ အများကြီး ကြုံဖူးတယ်လေ။"*

ဤသို့ အရင်းခံအတိုင်း ဆိုခဲ့ပါ၏။

ဆရာမတို့ဟူသော စကားလုံးကို ထောက်ချင့်လျှင် ဆရာများ၏ ကိုယ်စား ဆရာမဒေါ်သီရိခင်က ဆိုလိုခဲ့လျှင် ဆရာများ၏၊ ကိုယ်စား ဆရာမဒေါ်သီရိခင်က ဆိုလိုခဲ့ဟန်ရှိပါသည်။ 'ဓာတ်သိ' ပညာရှိကြ သော်လည်း 'သိတတ်' တရားမရှိကြသည့်သူများ များတတ်သည်ကို သတိပြုရမည်ထင်ပါသည်။

ကျေးဇူးရှိသော ဆရာ၊ ဆရာမများ၊ လုပ်သားပြည်သူ မိဘများကို မေ့တတ်သည့်၊ စိတ်ကြီးဝင်တတ်သည့် ပြန်လည် ဖိနှိပ်တတ်သည့် လူစားများ အများအပြားရှိသည်ကို သတိမရ ရမည် ဖြစ်ပါသည်။

ခေါင်းဆောင်နှင့်ခေါင်းရှောင်များကိုလည်း ဆန်ထဲတွင် ကြွက်ချီးရောနေသည်ကို ရွေးထုတ်သန့်စင်နိုင်ကာမှ တော်ကာကျမည်ဟု သိသင့်ပါပေသည်။

သို့ဖြစ်၍ မင်းကိုနိုင်လို့ ကျောင်းသားခေါင်းဆောင်ကောင်းများ၊ ပြည်သူ့ ခေါင်းဆောင်ကောင်းများ၊ နိုင်ငံ့ခေါင်းဆောင်ကောင်းများ များစွာ၊ များစွာပေါ်ထွန်းနိုင်ပါစေဟုသာ ရည်ညွှန်းလျက်...

❀ ❀ ❀

"သမိုင်းဆိုသည်မှာ...
သိကြားမင်းက ဤသို့ ဖြစ်ရမည်ဟု
ဖန်ဆင်းပေးသည့်အတိုင်း မဟုတ်။
သမိုင်းလမ်းကြောင်းမှာ တစ်ခါတစ်ခါ
တည့်တည့် မတ်မတ် ရှိ၏။
သဝေထိုးပြီး ကွေ့ကောက်တာလည်း ရှိ၏။
ရှေ့သို့ တစ်ဟုန်ထိုး တက်နေသော
လမ်းကြောင်းလည်း ရှိသကဲ့သို့
နောက်ပြန်ဆုတ်သော လမ်းကြောင်းလည်း ရှိ၏။
အတိတ်ကို ပြန်ကြည့်လျှင်
ထိုလမ်းကြောင်းများကို အထင်းသာ မြင်ရ၏။
ဤအထင်းသားမြင်နေရသော
လမ်းကြောင်းတို့ကို ယောနိသော မနသိကာရဖြင့်
ကြည့်ရှုမှတ်သားခြင်းသည်
တိုးတက်ခြင်း၏ လက္ခဏာပင် ဖြစ်သည်။ ။

ဆရာမောင်ထင်
၂၀–၁၁–၇၆
(ဟံသာဝတီသတင်းစာ၊ တို့ဗမာဆောင်းပါးမှ...)

မင်းလက်ရာစာပေ




ဗကပ ယူဂျီများနောက်ပိုင်းမှ ကြိုးကိုင်သော အထွေထွေသပိတ်ကော်မတီက
အရေးအခင်းကာလအတွင်းက ရန်ကုန်ဆေးရုံကြီးဝင်းအတွင်း
နွမ်းပါးသူများအား တစ်ဦးလျှင် ၁၀/- ကျပ်စီ ထောက်ပံ့ခဲ့စဉ်။




၂၈-၈-၈၈ ရက်နေ့က ရန်ကုန် တက္ကသိုလ်ဝင်းအတွင်း ကျောင်းသားသမဂ္ဂ
ပြန်လည်ဖွဲ့စည်းသည့် အခမ်းအနားကျင်းပစဉ်။

မင်းလက်ရာစာပေ



ဗင်းလက်ရှာစာပေ



မင်းလက်ရာစာပေ

## ဝတ္ထုလုံးချင်းနှင့်ပတ်သက်၍ . . .

ဤဝတ္ထုသည် စာရေးဆရာမင်းကိုနိုင် ရေးဖွဲ့ခံစားခဲ့သည့် **'နောက်ကြည့်မှန်'** ဝတ္ထုဖြစ်ပါသည်။ ဤဝတ္ထု အချစ်ဇာတ်လမ်းဟု ပြောရမှာထက် အဆင့်မြင့် သမိုင်းနောက်ခံ ဝတ္ထုဟူ၍သာ ပြောရမည် ထင်ပါသည်။

ယနေ့ စာဖတ်ပရိသတ်အများ အများဆုံး ဖတ်ရှုနေကြရသည်မှာ အချစ်၊ ဂန္ထိရ၊ ဥံဖွ စသည်များသာ ဖြစ်သည်။ ထိုစာများသည် ရိုးအီ လောက်ပေပြီ။ အချစ်ဆိုလျှင်လည်း ချစ်၊ ကွဲ၊ ညားဖြင့် ဇာတ်ပေါင်းသည်က များသည်။

မင်းသားဆိုလျှင်လည်း တိုက်နှင့်၊ ကားနှင့်၊ ကုမ္ပဏီနှင့်။ အဆင့် အတန်းမြင့်လှသည်။ မင်းသမီးဆိုလျှင်လည်း သူဌေးသမီး ကိုယ်ပိုင် ကားတစ်စီးဖြင့် သွားလိုက် လာလိုက်။ တကယ့်စတိုးဆိုင်ကြီး၊ စီတီးမတ်၊ အလှပြင်ဆိုင်စသော ဒိတ်ဒိတ်ကျဲ ဆိုင်ကြီး

မင်းလက်ရာစာပေ

များသို့ သူငယ်ချင်းများနှင့်အတူ သွားလိုက် လာလိုက်။ ဝယ်လိုက် ချမ်းလိုက် ပျော်စရာ၊ အားကျစရာကောင်းလိုက်သည့် ဇာတ်လမ်းမျိုး။

ဒါ့အပြင် ကုမ္ပဏီသူဌေး မမ၊ ပစ္စည်းဥစ္စာ ကျိုက်ကျိုတက် မမ စသည်များဖြင့်သာ တစ်ခါလာ မဲပြာပုဆိုးဖြင့်သာ လက်တွဲခဲ့ ရလေသည်။

ဆင်းရဲသည်၊ ဒုက္ခရောက်သည်၊ ကုန်းကောက်စရာ မရှိသည့် ဇာတ်လမ်းမျိုးဆိုသွားတော့။ မဖတ်ရှုချင်ကြဟု သိထားရပေ သည်။

ဦးဖွ တစ်အုပ်၊ စာတစ်ပုဒ် ဖတ်လိုက်ရလျှင် ယနေ့ပင် နေ့ချင်း ညချင်း ချမ်းသာလာနိုးဖြင့် မက်လုံးပေးသည့် စာမျိုးကို စွဲသူကလည်း စွဲသည်။

အပျော်ဖတ် ဝတ္ထုနှင့် မက်လုံးပေး ဝတ္ထုခေတ်ကြီးထဲတွင် စာရေးဆရာ မင်းကိုနိုင်သည်။ 'နောက်ကြည့်မှန်' ဝတ္ထုလုံးချင်းကို ရေးသား လိုက်သည်။ စာဖတ်ပရိသတ်လက်ထဲသို့ ထည့်လိုက်ပေ သည်။

သမိုင်းနောက်ခံဝတ္ထုကြီးထဲက ဇာတ်လမ်း ဇာတ်ကွက်ဇာတ် ကောင်တို့၏၊ လှုပ်ဆောင်တိုက်ပွဲဝင်ခဲ့ကြသည်မှာ မှားသလား၊ မှန်သလား အဆုံးအဖြတ်ကို ခံယူဖို့ ဤဝတ္ထုကို ပေးအပ်လိုက် သည်လို့ ထင်ပါသည်။

မင်းလက်ရာစာပေ

တစ်ခေတ်နှင့် တစ်ခေတ်၊ တစ်ချိန်နှင့်တစ်ချိန် နိုင်ငံရေးလှုပ်ရှားမှု၊ တိုက်ပွဲဝင်မှုတို့သည်။ တူချင်မှတူမည်။ နေရာအလိုက်၊ အချိန်အခါအလိုက် လှုပ်ရှားရသောကြောင့် အနေအထား မတူညီသော်လည်း ပြည်သူနှင့် ကျောင်းသားများ၏ ဆန္ဒသဘောထားကား စံချိန်မှီ ကိုက်ညီနေလိမ့်မည် ဖြစ်ပါသည်။

ဆရာသိန်းဖေမြင့်ပင်လျှင် နိုင်ငံရေးလှုပ်ရှားမှု သမိုင်းနောက်ခံဝတ္ထုများကို ရေးခဲ့ပေသည်။ **'အရှေ့ကနေ ဝင်းထွက်သည့် ပမာ'**၊ **'သပိတ်မှောက်ကျောင်းသား'** စသော ဝတ္ထုများမှာ တက္ကသိုလ်ကျောင်း သားနောက်ခံဝတ္ထုများဖြစ်ပါသည်။

ဆရာသိန်းဖေမြင့်က **'နိဒါန်း၊ ၁၉၃၆-ခု၊ သပိတ်မှောက်အကြောင်းစဉ်'** ဟူသော စာတွင် အလျဉ်းသင့်ပါသဖြင့် အနည်းငယ်မျှ ထုတ်နုတ်ပြရသော်...

*"၁၉၃၆-ခုနှစ်ဦးက မှောက်လိုက်သော ကျောင်းသားများ၏ သပိတ်သည် အကြောင်းစဉ် (History) တွင်းသို့ ချင်းနင်းဝင်ဆိုက်သွားခဲ့ပြီး ဖြစ်ရကား အကြောင်းစဉ် စာအုပ်ကြီး၏ စာမျက်နှာများကို ပြန်လှန်ကာ ပညာရှာ ဖွေကြရလျှင် ဓာတ်အကျိုးများ လေမည်။ ကျွန်ုပ်တို့၏၊ ရှေ့ တက်လမ်းတွင် လမ်းပြများ တွေ့နိုင်လိမ့်မည်။ တို့ဗမာတို့၏ ရှေ့လုပ်ငန်းများကို ဤအသိပညာသည် ရှေ့ဆောင် နိုင်ပေမည်။*

မင်းလက်ရာစာပေ

"ထိုမျှော်လင့်ချက်ကြောင့် ဤသပိတ်မှောက် အကြောင်းစဉ်နှင့် သပိတ်မှောက် ကျောင်းသားဝတ္ထုကို ရေးလိုက်ပေရာ အကွက်ကို ဘွင်းဘွင်းကြီး ရေးသဖြင့် တစ်စုံတစ်ယောက်ကို ထိခိုက်သွားလျှင်သွားပါစေ။ ကျွန်ုပ်အား အပြစ်လွှတ်ပါဟု ကျွန်ုပ်ကား မတောင်းပန်"

ဟူ၍ ရေးသားခဲ့ပေသည်။

မှန်ပါသည်။ သမိုင်းအမှန်ကို ဖော်ထုတ်ရေးသူ၌ သမိုင်းအမှန်အတိုင်း ရေးသားဝံ့ရမည်မှာ စာရေးဆရာ၏ တာဝန်၊ သို့မဟုတ် သမိုင်း ဆရာ၏ တာဝန် အစစ်အမှန်ဖြစ်ပါ၏။

ဆရာသိန်းဖေမြင့်သည် သပိတ်မှောက်ကျောင်းသား၌ သမိုင်းကို တိကျပြတ်သားစွာ ရေးသည်။ ချစ်သူ၊ မုန်းသူ မရှိဘဲ အရှိကို အရှိအတိုင်း ဖော်ပြတတ်ပါပေသည်။

စာနိဒါန်း၌ပင်...

"၁၉၃၄-၃၅-ခုနှစ်မှာကား ကျွန်ုပ်သည် ယူနီဗာစီတီ ကောလိပ်တွင် ဘီအေ အထက်တန်း၌ သင်လျက်ရှိရာ ကိုယ်ထိလက်ရောက် ပါဝင်သဖြင့် တပ်အပ်သိသည်။ ၁၉၃၄-ခု ဒီဇင်ဘာလတွင် ဆူကြသည်။ သမဂ္ဂအသင်း တိုက်ပေါ်၌လည်းကောင်း၊ ဘုရား ကုန်းတော်ပေါ်၌လည်းကောင်း ကျွန်ုပ်တို့ လူငယ်စုသည်

မင်းလက်ရာစာပေ

*သပိတ်မှောက်ဖို့ ဆုံးဖြတ်ကြသည်။ ကိုနု၊ ကိုအောင်ဆန်း၊ ကိုထွန်းအုံ၊ ကိုလှဖေ၊ ကိုသိန်းဟန်စသော ကျောင်းသားများနှင့် အချို့ ယခုတိုင် ယူနီဗာစီတီနှင့် ဆက်စပ်လျက်ရှိသော ကျောင်းသားများ ပါရှိသည်။ ကိုနုကို ကျွန်ုပ်က ဘီအေတွဲ ပြန်အပ်ဖို့ တောင်းပန်ရာ တိုင်းပြည်အတွက် စွန့်ရာတွင် နောက်ဆံမတင်းသော ကိုနုက ပြန်အပ်ဖို့ ကတိထားသည်။ ကိုအုန်း (ယခုအခါ ဘီလတ်၌ ပညာတော်သင်နေသူ) အား ကျွန်ုပ်သွားခေါ်ရာ မလိုက်ဘဲနေလေသည်။ နယ်မှာ ဆူရန် ကျွန်ုပ်အား အညာသို့ လွှတ်၍ ဆန်ခဲ့ရသည်။ သို့သော် ထိုစဉ်အခါက သမဂ္ဂဥက္ကဋ္ဌ ဦးဘိုးအေး၏ စီမံဆောင်ရွက်ပုံ မကောင်းသဖြင့် သပိတ်မှောက်ဖို့ အစီအမံပျက်ခဲ့ရလေသည်။"*

*[မူရင်းသတ်ပုံအတိုင်း]*

ဟူ၍ ဖော်ပြထားပေသည်။

၁၉၃၄-၃၅ နှစ်လောက်ဆီက စကား အသုံးအနှုန်းကို သတိထားမိသည်။ ထိုစဉ်က သပိတ်မှောက်ဟူသော စကား။ သပိတ်မှောက် ဆိုလျှင် လူတိုင်း လူတိုင်း နား၌ယဉ်ပြီး ဖြစ်လေသည်။

ယနေ့ခေတ် လူထုကြား၌ သပိတ်မှောက်ဟူသော အသုံးအနှုန်းသည် လေသံမျှပင် မကြားရသလောက် ရှိသည်။ အရေး

အခင်း၊ အရေးအခင်းကာလဟု အသုံးများနေပေပြီ။ စကား အသုံးအနှုန်းသည်ပင် တစ်ခေတ်နှင့်တစ်ခေတ် ကွာဟလာပြီ ဖြစ်သည်။ သို့ရာတွင် ထိုနှစ်ခုစလုံးပင် အဓိပ္ပာယ်ခြင်းက မကွာခြား။ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံ လူတန်းစားတိုက်ပွဲသည် အစဉ်ထာဝရ ရှိမြဲဖြစ်သည်။ မလွတ်လပ်သော နယ်ချဲ့လက်အောက်တွင် နေခဲ့ရစဉ်ကပင် ကျောင်းပညာရေးနှင့် ပတ်သက်၍ တော်လှန်ရေးများ ရှိခဲ့ပေသည်။

ယနေ့ခေတ်၌လည်း တော်လှန်ရေးများ၊ အုံကြွမှုများ မလွဲမသွေ ရှိနေဆဲပင်ဖြစ်သည်။ ဆရာမင်းကိုနိုင်သည် ထိုလှုပ်ရှားမှုကြီးကို ၎င်း၏ သမိုင်းနောက်ခံ 'နောက်ကြည့်မှန်' ထဲတွင် အံဝင်ခွင်ကျ ထည့်သွင်း ဖော်ပြခဲ့ပေသည်။

ဤသမိုင်း လမ်းကြောင်းကြီးအထဲ၌ သမိုင်းအဖြစ်အမှန် အကျဉ်းများကို မကွေ့မကောက်ဘဲ တိကျစွာ ထည့်သွင်းထား ပါပေသည်။

တစ်ခုပဲ ရှိပါ၏။ အရေးအခင်းကာလ ခုနှစ်သက္ကရာဇ်များကိုကား ထည့်သွင်းဖော်ပြထားခြင်း အလျဉ်းမရှိ။ အဘယ်အတွက်ဟူ သည်မသိ။ ခုနှစ်သက္ကရာဇ်ကို ထည့်သွင်းနေပါက ဇာတ်တွင် အနှောင့်အယှက်၊ အလှအပ ထိခိုက်နေလေမလားဟူသော အသိဖြင့် မထည့်လေသလား မပြောတတ်။

မင်းလက်ရာစာပေ

## ဇာတ်ကောင်များနှင့် မင်းကိုနိုင်

ဆရာမင်းကိုနိုင်၏ 'နောက်ကြည့်မှန်' ထဲ၌ ဇာတ်ဆောင်၊ ဇာတ်ပို့များ အတော်များများ ပါဝင်သည်ကို တွေ့ရသည်။ အဓိက ဇာတ်ကောင်များအဖြစ်ကို ဖေသောင်း၊ ညို၊ မခင်အေးတို့ ဖြစ်သည်။

ညို့ မိဘနှစ်ပါးဖြစ်သော ရုံပိုင်ကြီး ဦးရွှေခင်၊ ဒေါ်တင်တင်တို့၏ စိတ်နေစိတ်ထားမှာ အလွန်ရိုးသားဖြူစင်သည်၊ စာနာသည်၊ ခွင့်လွှတ်တတ်သည်၊ ကူညီသည်၊ ညို့အပေါ်၌လည်း တစ်ဦးတည်း သမီးမို့ သမီးစိတ်ကြိုက် လိုက်လျောညီထွေ ရှိနေခဲ့ရှာပေသည်။

ကိုဖေသောင်းမှာ အမေရှိသည်၊ အစ်မရှိသည်။ သို့သော် ကိုဖေသောင်း စိတ်ထဲ၌ အမေ၊ အစ်မတို့သည် သူ့ကို မပိုင်။ သူ့ကို ပိုင်ဆိုင်သူများမှာ ကျောင်းသားနှင့် ပြည်သူကသာ ပိုင်သည်ဟု ခံယူထားသည်။

မခင်အေး၏ စရိုက်မှာ ကျောင်းသား အချင်းချင်း ကျောင်းသား စိတ်ဓာတ်ရှိသည်။ ကူညီသည်၊ သနားသည်၊ တိုက်ပွဲများတွင် ကိုယ်ထိ လက်ရောက် ပါဝင်လှုပ်ရှားမှု မရှိသော်လည်း ကန့်လကာနောက်ကွယ်မှ အမြဲတမ်း အားပေးတိုက်ပွဲဝင်ခဲ့သည်။ သို့သော် သူမသည် မဟုတ်မခံတော့ ရှိသည်။ ဒေါသဖြစ်စရာ တွေ့လျှင် ဒေါသဖြစ်သည်။ ပြောစရာရှိလျှင် ပွင့်ပွင့်လင်းလင်း ပြောချသည်။ စိတ်ထဲမှာ အငြိုးအတေး မထားတတ်။

မင်းလက်ရာစာပေ

ဤဇာတ်ရုပ်သုံးဦးကိုပင် မထားကာ ဆရာမင်းကိုနိုင်ဇာတ်ကို စိတ်ဝင်စားအောင်၊ လှုပ်ရှားမှု သက်ဝင်အောင်၊ အချစ်နှင့် သံယောဇဉ် ထားတတ်လာအောင် တစ်ခန်းတစ်နား ရေးဖွဲ့ထားခြင်း ဖြစ်သည်။

အခန်းစဉ် ဖွင့်ရာ၌လည်း တစ်ခန်းနှင့်တစ်ခန်း လေးမသွားအောင်၊ အိမသွား၊ အိုင်မသွားအောင် ဖန်တီးဖွဲ့နွဲ့ထားသည်ကို တွေ့ရသည်။ ထို့ပြင် အခန်းကူး၊ အခန်းဆက်များကိုလည်း မရှည်သင့်သည့်နေရာ မရှည်စေဘဲ၊ မတိုသင့်သည့်နေရာ မတိုစေဘဲ ကွက်တိဖော်ပြနိုင်စွမ်းမှာ လေးစားထိုက်ပေသည်။ အတုယူသင့်ပေသည်။

အရံဇာတ်ကောင်များကိုလည်း ဆရာမင်းကိုနိုင်က သူ့ကလောင် စွမ်းအားဖြင့် ထိန်း၍ ဖေးမ၍ ခေါ်ဆောင်ထားပေသည်။ ပြောသင့်သည့်စကား ပြောဖြစ်အောင် ထိန်ချန်ထားရမည့်စကား ထိန်ချန်ထားအောင် လျှို့ဝှက်သင့်သည့်စကား လျှို့ဝှက်တတ်အောင် အသက်သွင်း အံဆင်းလှအောင် ချယ်သထားပေသည်။

## မင်းကိုနိုင်ရဲ့ ဇာတ်အဖွင့်

နောက်ကြည့်မှန် ဇာတ်အဖွင့်ဟုလည်း ပြောနိုင်ပါသည်။ ဇာတ်လမ်းစ, ဖွင့်သည့် အခန်းမှာ စိတ်ဝင်စားလာအောင် ဆွဲဆောင်မှု အပြည့်အား သွင်းထားပေသည်။

မင်းလက်ရာစာပေ

အခန်း (၁) အဖွင့်ကို ညိုနှင့်စသည်။ ညို့အတွေး၌ကား...

*"သည်ပန်းချီကား တစ်ချပ်လုံးတွင် တစ်စုံတစ်ရာ ဖြည့်စွက်ရန် လိုနေသည်ဟု သူမ အနေဖြင့် တောင့်တ မိသည်မှာ ကြာပြီ။ ခုလို နွေဦးတွင် ပို၍ ထင်ရှားသည်မှာ နောက်ခံကွင်းပြင်နှင့် မှန်ကျကျ ကားလမ်း၊ ပြီးတော့ ဟိုတစ်ပုံ သည်တစ်ပုံစုထားသည့် သံလမ်းတိုရှည်များနှင့် ဇလီဖားတုံး အပုံတို့ရှေ့မှာ ထီးတည်း ကုက္ကိုပင်ကြီးက ခါးနွဲ့နွဲ့နှင့် ထီးဆောင်းထားသော မိန်းမနယ်"*

ဟူ၍ ရေးသားလိုက်သည်။

မျက်စိထဲ၌ ထိုပုံရိပ်သည် ပိုးတဝါးထင်ရှားလာစေသည်။ ကုက္ကိုပင်တို့သည် တစ်ဖြောင့်တည်း မတ်မတ်မားမား တက်သည်မှာ ရှိလှခဲ့သည်။ အကွေ့အလိမ် အကောက်များဖြင့် အမြင့်သို့ တက်သည်ကို လူတိုင်းသတိပြုမိမှာ မလွဲပါ။ လုံးပတ်ကြီးသည်နှင့်အမျှ အကွေ့အကောက်သည် ပို၍ ထင်ရှားပီပြင်နေသည်ကား အမှန်ပင်ဖြစ်သည်။

နွေဦး၏ ကုက္ကိုတို့သည် အရွယ်များ တဖားဖားရှိနေတတ်သည်။ ခက်လက်ဝေဖျာနေသည်မှာ တစ်ပင်လုံးကို ပြန်မိုးထားသလို ဖြစ်နေသည်။ ဤသည်ကို စာရေးဆရာက ကြည့်မြင်ပြီး 'ခါးနွဲ့နွဲ့နှင့် ထီးဆောင်းထားသော မိန်းမနယ်' ဟူ၍ တင်းစားလိုက်ပုံမှာ လွန်စွာ သင့်မြတ်လှပါပေသည်။

မင်းလက်ရာစာပေ

ထိုကုက္ကိုပင်ကြီးနှင့် ဆက်နွယ်၍ စာရေးဆရာက တစ်ဆင့်တက်လာရပြန်သည်။ ဤသစ်ပင်ကြီးသည် အကြောင်းမဲ့မဟုတ်။ အရိပ်အာဝါသကောင်းသော သစ်ပင်ကြီး၌ တစ်ခုလိုအပ်နေသေးသည်။

ဤအရာကား ရေအိုးစင်၊ အရိပ်ခိုနားသူတို့အား အေးမြသော အရိပ်၌ ချွေးသိပ်ရုံမျှနှင့် မပြီး။ အမောပြေမည်မဟုတ်။ အမောပြေစေသည်မှာ ရေကြည်တစ်ပေါက်။ လိုအပ်သော အရာကို ညို့ စဉ်းစားမိသည်။

ရေအိုးစင်ကလေးတစ်ခုကို တည်ဆောက်လိုက်သည်။ ဒီရေအိုးစင်ကလေးကို ရေဝင်သောက်မည့်သူကိုပါ စာရေးဆရာကကြိုတင် စီစဉ်ထားပြီးဖြစ်သည်။

ကိုဖေသောင်းဟု အမည်မသိရသေးသည့် လူတစ်ယောက်ကရေဝင်သောက်ရင်း ညို့နှင့် ချိတ်ဆက်သွားအောင် ဖန်တီးပေးလိုက်ပါသည်။

သို့သော် ထိုလူငယ်နှစ်ဦး တွေ့ဆုံခြင်းကား ပျော်ရွှင်ဖွယ်မဟုတ်။ ဘဝတိုက်ပွဲများသို့ သက်ဆင်းရန် ကံကြမ္မာအဖွင့်သာဖြစ်ခဲ့ရပေသည်။

စာရေးဆရာသည် သူ့ဇာတ်ကောင်များကို တိုက်ပွဲများကြားလှုပ်ရှားမှုများ ကြားသို့ တဖြည်းဖြည်း ဆွဲခေါ်သွားခဲ့နိုင်သည်။ ထိုမျှမက စာဖတ်သူများကိုပါ ကိုဖေသောင်းနှင့် ညို့တို့ လျှောက်

လှမ်းရာသို့ တကောက်ကောက် လိုက်ပါနိုင်အောင် ဆွဲဆောင်မှု အပြည့်ဖြင့် ခေါ်သွားနိုင်သည်ဟု ဆိုရမည်ဖြစ်သည်။

## ဇာတ်ကောင်များရဲ့စရိုက်

ဇာတ်ကောင်များ စရိုက်ကိုလည်း သွက်သွက်လက်လက်ရှိအောင် အားဖြည့်ထားသည်ဟု ထင်သည်။ ကိုဖေသောင်းသည် ၎င်း၏ စရိုက်အတိုင်း အာရုံစိုက်လျက်ရှိသော အရေးတော်ပုံ ထဲ၌သာ ဦးခေါင်းကို အချိန်ပြည့် နစ်မြှုပ်ထားလေသည်။ ရှေ့လုပ်ငန်းစဉ် အောင်မြင်မှုအတွက် စည်းရုံးခြင်း၊ ဖြန့်ဝေခြင်း၊ အနစ်နာခံခြင်းတို့ဖြင့်သာ လှုပ်ရှားရုန်းကန်ခဲ့သည်။

ညိုသည် သံယောဇဉ်ကြီးသည်။ လုပ်စရာရှိလျှင် သတ္တိရှိရှိ ဆောင်ရွက်သည်။ အုန်းသိန်းလို လူစားကို လှည့်ပတ်ခေါ်ထုတ် သွားရဲသည်။ မိခင်က အပြစ်ဟု ဝေဖန်သောအခါ၌ ဝန်ခံသည်။ ပြတ်သားသည်။ လှုပ်ရှားရုန်းကန်မှုအားလုံးတွင် ညို့၏ အစွမ်း အစသည် အပီပြင်ဆုံးအထိ မြှင့်တင်ထားသည်ဟု ဆိုရမည်။

မြင့်ဇော်၊ သူရ၊ ထွန်းသက်၊ မခင်အေး စသည်တို့မှာလည်း ၎င်းတို့၏ အခန်းများ၌ အံဝင်အောင် လှုပ်ရှားပြောဆိုခဲ့နိုင်ပါပေ သည်။ အုန်းသိန်းနှင့် ၎င်း၏ ဖခင်တို့ အပြောအဆို၊ အပြုအမူမှာ လည်း မာနသံ၊ ရာထူးသံ၊ ဩဇာသံ၊ အာဏာသံပါပါပြောသည့် လေသံကို ကြားရပေသည်။

## ကြိုးစားအားထုတ်မှု

စာရေးဆရာမင်းကိုနိုင်သည် ၎င်း၏ ဝတ္ထုကို သမိုင်းနောက်ခံထဲမှ ခွဲမထွက်သွားအောင် ကြိုးပမ်း ဖန်တီးခဲ့ပေသည်။ လွန်စွာတန်ဖိုး မဖြတ်နိုင်သော သမိုင်းကြီး တစ်ခုကို တင်ပြနိုင်ခဲ့ခြင်းကြောင့် ကျေးဇူး အထူး ရှိလှပေတော့သည်တကား။

❀ ❀ ❀

မင်းလက်ရာစာပေ

'လူ့ အတွေးအခေါ်၊
လူ့ အမြော်အမြင်၊
လူ့ အသိတရား၊
လူ့ လိုအင်ဆန္ဒများသည်
စာအုပ်ထဲတွင် အစဉ်အမြဲ ကိန်းအောင်းလျက်ရှိရာ
စာအုပ်ပျောက်ကွယ်သွားသော ခေတ်ကို
စိုးရိမ်ကြောင့်ကြဖြစ်စရာမလို၊
စာဖတ်သော အလေ့အထမှာ
ကမ္ဘာကုန်ကျယ်သ၍ရှေ့
တည်ရှိနေဦးမည်ဟု
ဆိုလိုက်ချင်ပါသည်။ ။'

ဆရာမောင်ထင်

မင်းလက်ရာစာပေ

(၁)

ဝတ္ထုဖတ်ခြင်း အလေ့အထသည် ငယ်စဉ်ကတည်းကပင် ဝါသနာစွဲ ဖြစ်ခဲ့သည်။ အချစ်, အလွမ်း, ဘဝ, စုံထောက်, နိုင်ငံရေး စသည်မှုမက သိုက်သမိုင်းများပါမကျန် စာစုံဖတ်ရသော အရသာကို တမြည့်မြည့် ခံစားကြည့်ခဲ့ဖူး၏။

တင့်တယ်၊ ဗန်းမော်တင်အောင်၊ လင်းယုန်သစ်လွင်၊ မင်းကျော်၊ အောင်လင်း၊ မြသန်းတင့်၊ သန်းဆွေ၊ ဒဂုန်ခင်ခင်လေး၊ ဂျာနယ်ကျော် မမလေး၊ ခင်နှင်းယု စသော ဆရာ၊ ဆရာမတို့၏၊ စာပေလက်ရာများသည် အသည်းစွဲဖြစ်နေပေပြီ။

လင်းယုန်နီ၏၊ 'ချစ်မောင်လေးသို့' ဝတ္ထုကို ဖတ်ရသောအခါ၌ ကိုယ်ကိုယ်တိုင် ချစ်မောင်လေးအဖြစ်ခံစားလိုသော စိတ်များ တဖွားဖွား ရှိခဲ့ရသေး၏။ မမမြင့်၊ မြင့်စသည်တို့ကို ဖတ်ပြီးနောက် ချစ်မမကို ရှာဖွေလိုမှု တမ်းတမ်းတတ ရှိခဲ့လေသည်။ သော်တာဆွေ၊ သာကဒိုးတို့၏ လက်ရာမြောက်ဝတ္ထုများကို

ဖတ်ရှုခွင့်ရသောအခါ၌လည်း အူလှိုက်၊ အသည်းလှိုက် ရယ်ပွဲဖွဲ့ခဲ့သည်မှာ အကြိမ်ကြိမ်။

သာဓုရေးသည့် **'အတာ၊ 'ချစ်စံနမူနာ'၊ 'တပ်ထဲက မြတ်ကိုကို'၊ 'တစ်ဆောက်ကန်း'** ဝတ္ထုများ ဖတ်မိတော့ အားကျစိတ်များ၊ သတ္တိများ၊ မဟုတ်မခံစိတ်ဓာတ်များ ဖြစ်ထွန်းခဲ့သည်။

ဆရာ ရွှေဥဒေါင်း၏ စာပေများကို ဖတ်ရှုရသောအချိန်၌ စိတ်သည် အတော်ရင့်ကျက်လာပေပြီ။ တည်ငြိမ်ခန့်ညားသော၊ ဝေဖန်ပိုင်းခြားနိုင်သော၊ တွေးခေါ်မြော်မြင်သော စွမ်းအားများ ရရှိခဲ့ပေပြီ။

ဝတ္ထုဖတ်ခြင်းဖြင့် ဘဝကို တည်ဆောက်လာသောကြောင့်လား မပြောတတ်။ ကိုယ်တိုင် ဝတ္ထုရေးဖွဲ့လိုသည့် စိတ်သည် ထက်သန်လာသည်ထက် ထက်သန်လာ၏။

သို့သော် ဝတ္ထုကို မည်သို့ရေးမည်နည်း။

ဝတ္ထုရေးနည်းကို စူးစမ်းရှာဖွေမိသည်။ သည်တော့ ဝတ္ထုရေးနည်း သင်ရိုးညွှန်းတမ်းကို ရှာသည်။ ဖွေသည်။ ဖတ်သည်။ မှတ်သည်။ စာရေးနည်း သင်ရိုးညွှန်းတမ်းများသည် ကောင်းပါ၏။ ဆရာတစ်ဦး၏ **'ဆောင်းပါးနှင့် ဝတ္ထုတိုရေးနည်း'** စာအုပ်၌ **'စာရှုသူသို့'** ဟူသော အဖွင့်တွင်...

*"စာရေးမှုအတတ်ပညာသည် တိုင်းပြည်အတွက် အရေးကြီးသော ပညာတစ်ရပ်ဖြစ်သည်။"*

ဟူသော စာပိုဒ်ကို ဖတ်ရှုခဲ့ရသည်။

ပန်းလက်ရာစာပေ

စာတစ်ပုဒ်၊ စာတစ်အုပ်သည် အဘယ်မျှ အရေးကြီးပါသနည်း။ အပျော်ဖတ် ခပ်ပေါ့ပေါ့ စာအုပ်များသည်ကား ဤသို့ အယူအဆ ကြီးကြီးမားမား ထားချင်မှ ထားမည်။ တကယ့် အမွန်အမြတ်ထား၍ ရေးသောစာပေများသည်ကား တိုင်းပြည်အတွက် အဓိကရည်ရွယ် ထားပေလိမ့်မည် ဖြစ်၏။

ဤစာပေမျိုးသည်သာ သမိုင်းမှတ်တိုင်အဖြစ် ကျန်ရစ်မည်မှာ မုချတည်း။

မင်းလက်ရာစာပေ

## (၂)

ဆရာဇော်ဂျီ၏ နိဒါန်းတွင်...

"ဝတ္ထုသည် စိတ်ကူးဉာဏ်နှင့် ကင်း၍ ဖြစ်ပေါ် မလာနိုင်။ စိတ်ကူးဉာဏ်ကို မှီ၍သာ ဖြစ်ပေါ်လာနိုင်သည်။ သို့ရာတွင် စိတ်ကူးဉာဏ်နှစ်မျိုးရှိ၏။ လေထဲ၌ တိုက်အိမ်ဆောက်တတ်သော ပညာရှင် စိတ်ကူးဉာဏ်မျိုးလည်း ရှိသည်။ ထို့ကြောင့် စိတ်ကူးဉာဏ်သဘောကို လိုက်၍ ဝတ္ထုလည်း နှစ်မျိုးပြားရသည်။ တချို့ဝတ္ထုသည် လွမ်းစရာ၊ ပျော်စရာ ကောင်းရုံသာ ဖြစ်၏။ ထိုဝတ္ထုသည် သာမန် စိတ်ကူးဉာဏ်ထဲက ထွက်လာသော ဝတ္ထုမျိုး ဖြစ်သည်။ အချို့ဝတ္ထုသည် လွမ်းစရာ၊ ပျော်စရာကောင်း ရုံမျှမက လောကလူ့ဘုံ ဖြစ်ပျက်ပုံ အမှန်အကန် သဘောကိုလည်း ပြတတ်၏။

မင်းလက်ရာစာပေ

*ဆိုဝတ္ထုသည် ပညာရှင့်စိတ်ကူးဉာဏ်ထဲက ထွက်လာသော ဝတ္ထုမျိုး ဖြစ်သည်။"*

ဤသို့ ဆို၏။

မှန်ပါသည်။ ဆရာဇော်ဂျီက ဝတ္ထု၊ ဝတ္ထုရေးဖွဲ့သူတို့၌ ပညာရှင် နှစ်မျိုးနှစ်စားကို သရုပ်ခွဲပြလေသည်။ သရုပ်ဖော်စာပေနှင့် သရုပ်မှန် စာပေ၏ ပုံသဏ္ဍာန်ကွာဟမှုမှာ လွန်စွာအရေးကြီးသည်ဟု ထောက်လိုဟန်ရှိသည်။ သရုပ်ဖော်မှာ စိတ်ကူးရှင်၏ လွတ်လပ်မှု၊ ချဲ့ထွင်မှု နယ်ပယ်ကျယ်ဝန်း၏။ စိတ်ကူးပွင့်လျှင် ပွင့်သမျှ ရေးသည်။ လိုသလို ချဲ့သည်။

သရုပ်မှန် စာပေကား ထင်တိုင်းကျဲ၍ မဖြစ်။ ဘောင်ရှိသည်။ အမြီးအမောက်မတည့်လျှင် ရယ်စရာဖြစ်သွားမည်။ လောက၌ အစစ်အမှန် ဖြစ်ပျက်ခံစားနေရသမျှ၊ ဖိနှိပ်ချုပ်ချယ်ခံစားနေရသမျှ၊ ဆင်းရဲမွဲတေနိမ့်ကျနေသမျှ၊ ညှဉ်းပန်းနှိပ်စက်ခံနေရသမျှ လူတန်းစားတိုက်ပွဲ အမှန်ကို မီးမောင်းထိုးပြသော ဝတ္ထုအမျိုးအစားဟု ဆိုရမည် ဖြစ်သည်။

ဤသဘောကို ဆရာမောင်ထင်ကလည်း...

*"စာသမား မှန်သမျှ တစ်ခုမှတ်ရမည်မှာ နောင်လာ နောင်သားတို့သည်သာလျှင် အဆွေတို့၏ စာကို စာပေ မြောက် မမြောက် ဆုံးဖြတ်ရမည့် တရားသူကြီးများ ဖြစ်ကြပါသည်။ ထိုတရားသူကြီးများကို*

ဘယ်လို လာဘ်ထိုး၍မှ မရနိုင်ပြီ။ ထိုတရားသူကြီးကို ဘယ်လိုမှ လှည့်စား၍ မရနိုင်ပြီ။ ထိုတရားသူကြီး၏ ရှေ့မှောက်သို့ အဆွေစာပေ သမားတရားခံသည် ရောက်၍လာသောအခါ ထိုတရားသူကြီး၏ စီရင်ချက်ကို အဆွေစာပေသမားသည် ကံကောင်း ထောက်မသောကြောင့် ကြားနာရတော့မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်ထိုအခါ၌ အဆွေ၏၊ စာပေတို့သည် ပိုးထိုးခြစားခြင်းခံရသည်နှင့်အမျှ အဆွေ၏၊ အတ္တဘောသည်လည်း မြေကြီးသြဇာဖြစ်နေလိမ့်မည် တကား။"

ဤကဲ့သို့ ဆိုခဲ့လေသည်။

လျှော်ကန်လှပေစွ...။ စာပေမှတ်ကျောက်အတင်ခံရသော တစ်နေ့၌ အဆွေ၏ စာပေသည် ရွှေရည်စိမ်လော၊ အစစ်လော ဟူသည့် အဖြေပေါ်လာချိမ့်မည်။ ဤသည်မှာ သမိုင်းပေတန်၏ အဆုံးအဖြတ် ဖြစ်သည်။ ထိုပေတန်ဖြင့် အတိုင်းအထွာသည် ကာလတစ်ခု၌သာ မဟုတ်။

ခေတ်အဆက်ဆက်တိုင်းတာမှုကို ခံကြရမည်တည်း။

ထို့ကြောင့် ဆရာဇော်ဂျီက 'အချို့ဝတ္ထုသည် လွမ်းစရာ၊ ပျော်စရာ ကောင်းရုံမျှမက လောကလူ့ဘုံဖြစ်ပျက်ပုံ အမှန်အကန်သဘောကိုလည်း ပြတတ်၏' ဟု အခိုင်အမာဆိုသည်။ လောက

လူ့ဘုံ အဖြစ်အပျက်တို့ကို မှန်ကန်တိပစွာ သရုပ်မဖော်ဘဲ လိမ်ညာခဲ့မိပါက ထိုစာပေတရားခံအား စာပေတရားသူကြီးများက စီရင်အဆုံးအဖြတ်ခံရပေလိမ့်ဟု ဆရာမောင်ထင်က သတိပေးခဲ့၏။

ဆရာတို့၏ စာပေကျေးဇူးကား ကြီးမားလှပေစွ…

မင်းလက်ရာစာပေ

(၃)

တစ်လောက စာအုပ်တစ်အုပ် ရသည်။

စာအုပ်၏ မျက်နှာဖုံးပန်းချီကို လှေ့လာမိသည်။ စုတ်ချက် ခပ်ကြမ်းကြမ်းဖြင့် ဖြစ်သည်။ အစိမ်း၊ အပြာ၊ အဝါတို့ကလည်း မှိုင်းမှိုင်းညို့ညို့၊ အဝေးမှ တောတန်းရှည်သည် မိုးဒဏ်လေဒဏ်၏ ဖိနှိပ်မှုကို ပြင်းထန်စွာ ခံစားနေရဘိသကဲ့သို့ ငြိမ်ဝပ်ပိပြားလျက်။ ရှည်လျား ကွေ့ဝိုက်သော မီးရထားသံလမ်း မဆုံးနိုင်သည့်ခရီးကို ညွှန်းနေသယောင်ရှိသည်။ မတ်တတ်ရပ်လျက်ရှိသော အမျိုးသမီး ငယ်တစ်ဦးမှာ သံရေပုံးကလေးတစ်လုံးကိုသာ လက်တွင် ဆွဲလျက် မျှော်မှန်း၍ မရရှိနိုင်သေးသည့် အနာဂတ်တစ်ခုအား လွမ်းဆွတ်ကြေကွဲစွာဖြင့် ငေးကြည့်နေပုံ။

နောက်ဖုံး၌မူ အရိပ်မဲ့ သစ်ပင်ကြီးတစ်ပင်။ ပင်စည်တွင် ရေခမ်း အိုးကလေး တစ်အိုး။ သောက်သုံးမည့်သူ မပေါ်လာရှာ သေးသည့် သောက်ရေခွက်မှာ အိုးဖုံးထက်၌ မှောက်လျက် ငြိမ်သက်နေသည်။ ရှေ့မှ ဇရပ်အိုတစ်လုံးမှာမူ ခြောက်သွေ့နေဆဲ။ အရိပ်ခိုနားမည့် သူများအား မျှော်လင့်ကြီးစွာ စောင့်စားနေဘိ သကဲ့သို့။

လွမ်းမောဖွယ်သရုပ်ဖော်ပုံကပင် ရင်ထဲထိရှရပေသည်။

မင်းလက်ရာစာပေ

(၄)

အဖွင့် စာမျက်နှာအစ အမှာစာပါမကျန် ဖတ်လေ့ရှိသော အကျင့်သည် အရိုးစွဲနေပြီလား မသိ။ ယခုလည်း စာပေတိုက်လိပ်စာ၊ ပုံနှိပ်မှတ်တမ်း။ ထို့နောက် စာရေးသူ၏ အမှာ...

အမှာကို ဖတ်ရသောအခါ၌ ကာလတစ်ခု၏ အမှောင်သာမှုမှ ထောက်ပါသော သံခြေကျင်းကို တွေ့မြင်ရသလိုခံစားမိသည်။ သူ့ အမှာစာတွင်...

*'ဤစာအုပ်ကို လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော် ၁၉၈၈-နှစ်ကုန်ပိုင်း (စစ်အာဏာသိမ်းပြီးကာလ) စကာင် ရေးခဲ့ခြင်းဖြစ်ပြီး အကြမ်းသဘော ဦးဆုံးအကြိမ် ချရေးကြည့်ခဲ့ခြင်း ဖြစ်ပါသည်။*

*''နောက်ဆုံးစာမျက်နှာ (မခင်အေး ရထားစီးရင်းတွေးမောနေ်း)သာ ကျွန်တော် ၂၀၀၄- နှစ်ကုန် လွတ်*

မင်းလက်ရာစာပေ

*မြောက်စဉ် ရေသန့်ဘူးယဉ်ကျေးမှုကို မိတ်ဆက်ခံစ, မြင်ငေးမောလျက် ဤဝတ္ထုအဆုံးသတ်အနေဖြင့် တစ်ခန်း ရပ်ပေးခြင်း ရှိပါသည်။"*

*[မှုရင်းသတ်ပုံအတိုင်း]*

ဟူ၍ ပါရှိလေသည်။

၁၆-နှစ် ကာလအတိုင်းအတာသည် လူ့ယဉ်ကျေးမှုကို လျင်မြန်စွာ ဖြတ်သန်းလျက်ရှိသည်။ ရေသန့်ဘူးကာလသို့ ရောက်ခဲ့လေပြီ။ အမှောင်ထဲ၌ စာရေးသူသည် ကာလစက်ယန္တရားကို ဖြတ်သန်းနေထိုင်ခဲ့ရသဖြင့် ပြင်ပလောက၏ ရေသန့်ဘူးခေတ်ကိုပင် မသိမှိနိုင်အောင် ရှိခဲ့ရှာပေသည်။

စစ်အာဏာသိမ်းပြီးကာလသည် မည်းမည်းမြင်ရာ ရန်သူကဲ့သို့ သိမ်းကျုံးဆွဲနေကြပေသည်။ အမှာရေးသူပင်လျှင် ပြေးမလွတ်။ နံရံလေးဘက် သို့မဟုတ် ရေကြည်အိုင် တစ်ခုခုသော အကျဉ်းခန်းထဲ၌ ဘဝကို မြှုပ်နှံခံစားနေခဲ့ရမည်ထင်သည်။

*"ယခု ပြန်ဖတ်ကြည့်ရာ ပြင်ဆင်စရာတွေ များလှချည်ရဲ့ဟု မရိုးမရွခံစားရပါသည်။ တစ်အုပ်လုံး စဆုံး ပြန်ရေးချင်စိတ်လည်း အပြင်းအထန်ဖြစ်ပေါ်မိပါသေးသည်။"*

ဟု ရိုးသားစွာ ဝန်ခံသည်။ ထိုနောက်ဆက်၍ 'ခုရေးခုထုတ် စာအုပ်မျိုးမဟုတ်ဘဲ အနှစ်နှစ်ဆယ်ကျော် သိမ်းဆည်း

ခံခဲ့ရ၍ ယနေ့ မျိုးဆက်သစ်များ ဖတ်မိလျှင် ရှေးဆန်ပြီး ငြီးငွေ့ ဖွယ် ဖြစ်နိုင်သလို ကျွန်တော်တို့ ခေတ်ပြိုင် (ရင့်ကျက် မျက်လုံး) များအတွက်လည်း မဖွယ်မရာ မလောက်လေးမလောက်စား နိုင် ကောင်းနိုင်ပါလိမ့်မည်' ဟု ဖြေသိမ့်ပေးပေသည်။

*"ကျွန်တော် ပြင်ဆင်ရန် အခါခါ စဉ်းစားပါသေး သည်။ သို့သော်... (သတ်ပုံသတ်ညွှန်း အချို့မှ လွဲ၍) တစ်လုံးတစ်ပါးမျှ မပြင်ဆင်တော့ပါ။"*

*[မှုရင်းသတ်ပုံအတိုင်း]*

ဟူ၍ဆို၏။

ဆယ့်ခြောက်နှစ်သော အမှောင်ခေတ်သည် ဘဝတစ်ခုကို များစွာ ပြောင်းလွဲနိုင်ခဲ့သည်မှာ အမှန်ဖြစ်သည်။ အပြောအဆို၊ အနေအထိုင် ယဉ်ကျေးမှုစသည်တို့သည် ယူပစ်သလိုဖြစ်သွားနိုင် လေ၏။

သို့ဖြစ်၍ အမှာရေးသူက...

*"တောရိုင်းပန်းတစ်ပွင့်၏၊ ပွင့်ဖတ်ပွင့်ချပ်လွှာ များကို မလှပဟုယူဆပြီး ကပ်ကြေးဖြင့် ကိုက်ညှပ်ပုံ သွင်းပြုပြင်ခြင်းမျိုး မကျူးလွန်ဘဲ သဘာဝအတိုင်းပင် ခူး၍ ဆက်သလိုက်ခြင်းဟုလည်း ကျွန်တော် ခံစားမိ ပါသည်။"*

*[မူရင်းသတ်ပုံအတိုင်း]*

ဟု ပွင့်လင်းစွာဆို၏။

စဉ်းစားရမည်ဖြစ်၏။ တစ်ချိန်သော ကာလက လှပ တင့်တယ်သော ပန်းပွင့်တို့၏၊ ပွင့်ဖတ်ပွင့်ချပ်များကို ကပ်ကျေးဖြင့် ကိုက်ညှပ် ချိုးနှိမ်ဖျက်ဆီးခဲ့သူများကား မည်သူများ ဖြစ်မည်နည်း။

မင်းလက်ရာစာပေ

(၅)

နောက်တစ်မျက်နှာမှာ ကဗျာ။

ကြွေစက္ကူအချောဖြင့် ရိုက်ထား၏။ ကဗျာမှာ ကွန်ပျူတာစာစီ မဟုတ်။ လက်ရေး။ လက်ရေးမှာ တစ်ခေတ်တစ်ချိန်က အသုံးများခဲ့ကြသည့် တပ်ဦးအရေးအသားနှင့် ခပ်ဆင်ဆင်။ မည်သို့ဖြစ်စေ။ ကဗျာ ချစ်ပြီးသား။ ကဗျာတွေ့လျှင် မဖတ်ဘဲ မနေနိုင်။ သူ့ကဗျာ ခေါင်းစဉ်ကို ဖတ်ကြည့်၏။

*'နှင်းဆီနီ ဥဒါန်း'*

ဥဒါန်း၏ အရောင်အသွေးအတိုင်း ရဲရဲတောက်နေသည်။ ရဲရင့်ခြင်း၊ ပြတ်သားခြင်း၊ တိုက်ပွဲဝင်ခြင်း အဆင်းလက္ခဏာကို ထင်ရှား စေသည်ဟု ထင်သည်။ အောက်ပိုက်ကို ဖတ်ရှုကြည့်ရာ...

*'တလောကလုံး*
*အမှောင်ဖုံးတဲ့ည*
*အသက်ရှုမရအောင် မွန်းလှရဲ့'*

ကဗျာဆရာ ညည်းသံသည် ရင်ထဲသို့ ရိုက်ခတ်လာသည်။ နာကျင်စူးရှသွားသလို ခံစားမိသည်။ အမှောင်သည် တစ်လောကကို ဖုံးခဲ့သည်။ ဖုံးနေသည်။ အလင်းဆို၍ အပ်ဖျားတစ်ထောက်မျှ တွေ့ကြုံခွင့်မရ။ ပူလောင်မှု၊ စိုးရိမ်ကြောင့်ကြမှု၊ ကြောက်လန့်သိမ်ငယ်မှုများဖြင့် အမှောင်ထုထဲ၌ မရဲမဝံ့တိုးနေရဆဲအဖြစ်။ ထိုကာလသည် အသက်ရှူသည်မှာ မွန်းကျပ်နေရမည်မှာ အမှန်ဖြစ်ပေ၏။

*'လူတစ်ယောက် ဘဝကို*
*ငွေစက္ကူ တစ်ချပ်လို*
*ဖျက်သိမ်းဖို့များ ကြိုးစားကြသလား*
*မှားမယ်'*

ကဗျာဆရာ အံကြိတ်ပြီး၊ တောက်ခေါက်ပြီ။ ခေါင်းငုံ့လည်စင်းပြီး မခံစားနိုင်ပြီ။ လူတစ်ယောက်၏ လူ့အခွင့်အရေးသည် ရှိရမည်။ အကြောက်တရားဖြင့် ဖိနှိပ်ထားမှုကို တော်လှန်ရမည်။ လူတစ်ဦး၊ တစ်ယောက်၏ ရပိုင်ခွင့်၊ ခံစားခွင့်၊ လွတ်လပ်မှုတို့ကို ငွေစက္ကူကလေး တစ်ရွက်လို နင်းလိုနင်း၊ ချေလိုချေ၊ ဖျက်သိမ်းလို ဖျက်သိမ်းတတ်သည့် လက်တစ်ဆုပ်စာကို ကဗျာက သတိပေးလိုက်သည်။ မှားမယ်တဲ့...။

မှန်ပါသည်။ ကဗျာဆရာသည် အမှောင်ထဲ၌ပင် လက်သီးလက်မောင်းတန်းလျက် ကြုံးဝါးလိုက်ပြန်ပါ၏။

မင်းလက်ရာစာပေ

'ထွေးပြီးသားကို ပြန်မမြို
ကံကိုလည်း ယိုးမယ်မဖွဲ့
တိုက်ပွဲရဲ့ ဆုလာဘ်အဖြစ်
စနစ်ရဲ့ အကျဉ်းသားဘဝ
ငါ ခံယူပါ့မယ်
ကျေနပ်တယ်...
'ဟော့... နင်းချေမည့်သူတွေ
ခရေပွင့်တွေလို ငါမကြွေ
မြေတလက်မှ
ပိုင်ဆိုင်ခွင့်ရသရွေ့
နေ့သစ်ရဲ့ အရက်ဦးမှာ
ယုံကြည်ချက် ဆုးတွေဖွင့်
ခေါင်းထောင်လို့ဝင့်လိုက်မယ်
ငါဟာ
နီရဲတဲ့ နှင်းဆီပွင့်။ ။"

ဟူ၍ သတ္တိရှိရှိဖြင့် ကြွေးကြော်သည်။ ဟော့၊ နင်းချေမည့် သူတွေ၊ ဖိနှိပ်မည့်သူတွေ၊ မတရားချုပ်ချယ်နေမည့် သူတွေကို ငါ အရှုံးမပေးဘူးဟု ဆိုသည်။ ခရေပွင့်ကလေးတွေကဲ့သို့ ငြိမ်သက်စွာ အရှုံးပေးကြွေလွင့်သွားမည် မထင်နှင့်။ ဒီလို တိုက်ပွဲဝင်ရင်း အောင်ပွဲခံနိုင်အောင်၊ ရပိုင်ခွင့်ရအောင်၊ လွတ်လပ်ခွင့်

မင်းလက်ရာစာပေ

တွေ့ရအောင် ပိုင်ဆိုင်သည့် နေ့အထိ တိုက်ပွဲသွားမည်ဟု သစ္စာ အဓိဋ္ဌာန်ပြုလိုက်လေသည်။

ကဗျာ၏ နိမိတ်ပုံမှာ အင်မတန်သိုသိပ်နက်နဲလှပေသည်ဟု ထင် သည်။ ထိထိမိမိ ဖမ်းကိုင်ဆုပ်ယူနိုင်စွမ်းမရှိသော်ငြားလည်း မိမိ၏ ရင်ထဲအထိ အားမာန်တွေ အပြည့်ရောက်လာသလို ခံစား ရသည်။

စနစ်၏ သားကောင်းများအဖြစ် အမှောင်ထဲရောက်ခဲ့ဖူးသူ အချင်းချင်း အမှောင်ဘဝကို ကိုယ်ချင်းစာနာနိုင်မည် ဖြစ်သည်။ အမှောင်ထဲ (သို့မဟုတ်) နံရံလေးဘက်အတွင်းသို့ ကျရောက် နေဆဲ ကာလများစွာသည် မိမိတစ်ဦးတည်း နစ်နာဆုံးရှုံးသွား သည် မဟုတ်။ မိမိနှင့် ဆက်နွယ်နေသည်။ မိသားစုအားလုံး၏ ဘဝပါ ပျက်စီးဆုံးရှုံးရသည်များ ရှိပေသည်။

ဤဒဏ်ကို မမှုဘဲ ရင်ဆိုင်ရဲသူများကား လေးစားထိုက် ပါပေ၏။ အားမတန်သော်လည်း ၎င်းတို့သည် မာန်လျှော့မည် မဟုတ်ပါ။ လူသာ အသေခံမည်။ ယုံကြည်ချက် အသေခံဖို့ ဝေးစွာ...။

ထို့ကြောင့် ကဗျာဆရာက ရင်ကော့ခေါင်းမော့လျက်

*'ခေါင်းထောင်လို့ ဝင့်လိုက်မယ်*

*ငါဟာ...*

*နီရဲတဲ့ နှင်းဆီပွင့်...'* တဲ့။

(၆)

နောက်တစ်မျက်နှာတွင် ဝတ္ထု၏၊ အစ...

အခန်း (၁) ဖြင့် စ၍ဖွင့်လိုက်သော ရေးဟန်ကို တင်ပြလိုပါ၏။

*"သည်ပန်းချီကားတစ်ချပ်လုံးတွင် တစ်စုံတစ်ရာ ဖြည့်စွက်ရန် လိုနေသည်ဟု သူမအနေဖြင့် တောင့်တမိသည်မှာ ကြာပြီ။ ခုလို နွေဦးတွင် ပို၍ ထင်ရှားသည်မှာ နောက်ခံကွင်းပြင်နှင့် မှုန်ကျကျကားလမ်း၊ ပြီးတော့ ဟိုတစ်ပုံ သည်တစ်ပုံ စုထားသည့် သံလမ်းတို့ ရှည်များနှင့် ဇလီဖားတုံး အပုံတို့ရှေ့မှာ ထီးတည်းကုက္ကိုပင်ကြီးက ခါးနွဲ့နွဲ့နှင့် ထီးဆောင်းထားသော မိန်းမနှယ်။"*

စာဖတ်သူ၏ စိတ်ကို ရိုပ်ခနဲ ဖမ်းဆုပ်ထားနိုင်သော စာအဖွင့်

ကို သတိထားမိသည်။ ထိုစာပိုက်မှာ 'သည်ပန်းချီကား တစ်ချပ်လုံးတွင် တစ်စုံတစ်ရာဖြည့်စွက်ရန် လိုနေသည်ဟု သူမအနေဖြင့် တောင့်တ မိသည်မှာ ကြာပြီ။' ဟု ဖြစ်လေသည်။

ပန်းချီးကားတစ်ချပ်၊ သူမ… စသော စကားပြေကို ထောက်ချင့်လျှင် သူမတည်းဟူသော မိန်းကလေးသည် ပန်းချီပညာရှင်လော၊ ပန်းချီပညာသင်ယူနေသလော စသည့် အတွေးကို ပွားစေလိုက်သည်ဟု ဆိုနိုင်၏။ ထို့အပြင် တစ်စုံတစ်ရာ ဖြည့်စွက်ရန် လိုနေသည်ဟူသော စာပိုက်အရ သူမဆိုသော မိန်းမကလေးမှာ ပန်းချီပညာ၌ မရင့်ကျက် နိုင်သေးသောအဖြစ်လည်း တွက်ဆနိုင်ကောင်းအောင် အနက်ဖွင့်ပေး လိုက်ဟန်ရှိသည်။

'သူမအနေဖြင့် တောင့်တမိသည်မှာ' စာပိုက်တွင်မူ ပန်းချီအနုပညာလောကနှင့် ဝေးကွာနေပုံကိုလည်း တွေ့သည်။ တောင့်တမိ သည်ဟူသည့် အသုံးအနှုန်းမဟုတ်ဘဲ တွေးမိသည်။ သုံးပါက ပို၍ အနုပညာနှင့် နီးစပ်မည်။

ထို့ကြောင့် သူမသည် ပန်းချီဆရာမလား၊ သာမန် မိန်းကလေးလား၊ ကြည့်ရှု၍ ဝေဖန်မှုပေးသည့် သူလားစသော ဆင့်ပွား အတွေးများ ပေးလိုက်နိုင်သော စာအဖွင့် တစ်နည်းအားဖြင့် ဝတ္ထုအဖွင့်ဟု ပြောရမည်ဖြစ်ပါသည်။

တစ်ဆက်တည်းမှာပင် သံလမ်းများ၊ ဓလီဖားထုံးများကို ဖော်ပြလိုက်ခြင်းအားဖြင့် သူမသည် မီးရထားဌာနနှင့် အတော်

ကလေး နီးစပ်နိုင်သည်ဟု တွက်နိုင်ပေသည်။ တစ်ခါထပ်၍ တစ်ပင်ထီးတည်းရှိသော ခါးနှဲ့ အိုကြီးအိုမ ကုက္ကိုပင်ကြီး၏ ပုံသဏ္ဌာန် ဖော်ပြပုံမှာ လှ၍ နေသည်။ အကိုင်းအခက်အရွက်များ ဝေနေသောကြောင့် ထီးဆောင်းထားသည့် မိန်းမနှင့် တူပါသည်ဟု စာရေးဆရာက ညွှန်းသည်။

ထိုကဲ့သို့သော အဖွဲ့အနွဲ့ဖြင့် တည်ဆောက်ပြီးနောက် 'တံလျှပ်တွေကြွယ်သည့် နေ့လယ်ခင်းမှာ ညို တစ်ယောက်တည်း ထိုမြင်ကွင်းကို ကြည့်ရင်း လက်တွေ့ကျသော အလုပ်ကို လုပ်ဖြစ်ခဲ့သည်။'ဟု ဖြည့်သည်။ ထိုအပိုက်၌ သူမ၏ အမည်ကို မိတ်ဆက်ပေးလိုက်ပေပြီ။ သူမ၏ နာမည်မှာ 'ညို' ဖြစ်သည်။ ရှေ့မှာ ညိုဘာတွေဖြစ်ဦးမည်နည်း။

ညိုနောက်ကို ထက်ကြပ်မကွာ လိုက်ကြည့်ရဦးမည်တည်း။

မင်းလက်ရာစာပေ

## (၇)

ဝတ္ထုကို ဤသို့ ပျိုးထားသည်ကို သတိထားမိ၏။

စာရေးဆရာ၏ အာဘော်ကို ထောက်၍ ရှေ့ဦး ရည်ရွယ်ချက်တွေ တစ်စီတစ်တန်းကြီး ဖော်ပြနိုင်ဖွယ်ရှိသည်။ ဇာတ်ကောင်ဇာတ်ဆောင်တို့၏။ ပြောစကားများ၊ အချိတ်အဆက်များက တာဝန်ကျေပွန်စွာ ခေါင်ဆောင်မည်ဟု ယုံကြည်သည်။

သို့ ယုံကြည်လျှင် ထိုဝတ္ထု၏ ဦးတည်ချက်ကို ရှာမှ ဖြစ်မည်။ ဆရာနတ်နွယ်၏ **'ဝတ္ထုတစ်ပုဒ်ဖြစ်မြောက်ခြင်း'** ဟူသော ဆောင်းပါးကို ဖတ်ခဲ့ဖူးသည်။ အလျဉ်းသင့်၍ ဆောင်းပါးထဲမှ စာပိုက် တစ်ခုကို ထုတ်နုတ်ပြချင်ပါသည်။

ထိုစာပိုက်မှာမူ...

*"ဒီနေရာမှာ ဦးတည်ချက်အကြောင်း နည်းနည်း ပြောဖို့ လိုမယ်ထင်တယ်။ ဦးတည်ချက် တစ်ခုခု*

*မရှိဘဲနဲ့ ဝတ္ထုတစ်ပုဒ် ဖြစ်မလာနိုင်ပါဘူး။ ဒါကို ပြောင်းပြန် ပြန်ပြီး ပြောရရင် ဝတ္ထုတစ်ပုဒ် ဖြစ်လာတယ်ဆိုရင် အဲဒီ ဝတ္ထုမှာ ဦးတည်ချက် တစ်ခုခု တော့ ရှိတာအမှန်ပါပဲ။*

*"ဦးတည်ချက် ကောင်းမွန်တယ်၊ မကောင်းမွန်ဘူး။ ဦးတည်ချက် ပေါ်လွင်တယ်၊ မပေါ်လွင်ဘူး ဆိုတာဘဲ ပြောရပါ့မယ်။*

*"ဦးတည်ချက်ဟာ ဝတ္ထုရဲ့အသက်ပဲ။ ဝတ္ထုရဲ့ အခြေခံပါပဲ။ စာရေးဆရာတစ်ယောက်ဟာ ဦးတည်ချက် တစ်ခုကို မဆုပ်ကိုင်မိဘဲနဲ့ ဝတ္ထုတစ်ပုဒ်ကို မဖန်တီး၊ မထုတ်လုပ်နိုင်ပါဘူး။ ရေးချင်စိတ်နဲ့ ဦးတည်ချက်ဟာ ဒွန်တွဲနေတယ်လို့ ထင်ရပေမယ့် တကယ်ကတော့ ရေးချင်စိတ်ကနေ ဦးတည်ချက်ကို ပေါက်ဖွားတာပါ"*

ဟူ၍ ဖြစ်လေသည်။

မှန်ပါသည်။ ယခု စာရေးဆရာက 'ညို' ဟူသော ဇာတ်ဆောင်ကို စ, တင်မွေးဖွားပေးလိုက်ပါပြီ။ ညိုနှင့်တကွ ပါဝင်သရုပ်ဆောင်ကြမည့် ဇာတ်ကောင်တို့လည်း အဘယ်မည်သော ဦးတည်ချက်ကို သွားကြမည်နည်း။

ထိုဦးတည်ချက်ကို ဆုပ်ကိုင်မိဖို့အတွက် စာဖတ်သူတို့

တစိုက်မတ်မတ် လိုက်တော့မည် ဖြစ်သည်။ လိုက်မိသည်။ ညီသည် အသက်ဝင်နေသော ဇာတ်ဆောင်ဖြစ်သည်နှင့်အညီ မိမိ တည်ဆောက်ခဲ့သည့် ရေချမ်းကလေးကို ဝင်သောက်မည့် ပုဂ္ဂိုလ် တစ်ဦးဦး မျှော်မိခဲ့သည်။ အလှူရှင်တို့၏ ရင်၌ မြတ်သော သဘောသဘာဝကို စာရေးဆရာက ကြိုမြင်ထားပုံရှိသည်။

ဒေါ်ကျွဲမဟု အမည်ပေးထားပြီး ရေချမ်းအိုးစင်သည် မလှ မပ ဖြစ်သော်ငြားလည်း စေတနာရှင်၏ နှလုံးသားကား လှပြီး သား ဖြစ်သည်။ ထိုအလှသည် အေးမြ၏၊ ကြည်လင်၏၊ သန့်စင် ၏။

ဤသို့ အကြည်ဓာတ်ခံရှိခဲ့သော ညီ့ဘာဝကို တစ်ဖန် ဆက် ရဦးမည် ဆိုပါက...

(၈)

ညို့ဘဝထဲသို့ ဖြည်းညင်းစွာ ဝင်လာမည့် ဇာတ်ဆောင်တစ်ဦးကို စာရေးသူက အသာအယာပွဲထုတ်လာပြန်သည်။ ဇာတ်ဆောင်ကို ဤသို့ မိတ်ဆက်ပေး၏။

*"ညနေရောက်လာသော်လည်း အပူရှိန်က မလျော့သေး။ အဝေးမှ ဦးထုပ်ပျော့တစ်လုံး ငိုက်ငိုက် ဆောင်း၍ စိုက်စိုက်လာနေသူတစ်ဦး ရေအိုးစင်မြင်ပြီး အမြန်လျှောက်လာသည်ကို ညိုတွေ့လိုက်ရ၍ ဝမ်းသာအားရ ခြံစည်းရိုး ထောင့်သို့ ပြေးသွားကာ အကဲခတ်နေလိုက်၏။*

*"သူမနှင့် လေးလှမ်းခန့်အကွာရှိ ရေအိုးစင်၏ ရေမှုတ်ကို ထိုသူဆွဲကိုင်ပြီး အငမ်းမရ သောက်နေသည်ကို နောက်ကျောဘက်မှ မြင်ပြီး ညိုပျော်ရွှင်နေသည်။*

"*အား... ကောင်းပါ့ဗျား။ အလျှူရှင်ဒေါ်ကျွဲမ ချမ်းသာ သုခပြည့်ပါစေသတည်း...*

"*ရေနှစ်မှုတ် ဆင့်သောက်ပြီး ကျေနပ်ဝမ်းသာဖြင့် ထိုသူက စာစာမ်းကမွည်းကို ဖတ်ကာ ဆုတောင်း ပေး၍ ထွက်သွားသည်တွင် ညီမှာ နှစ်သက်ခြင်းနှင့် အလိုမကျခြင်း နှစ်မျိုးရောလျက် ကျွဲမြီးတို ကျန်ရစ်ခဲ့ ၏။*"

ရှည်လျား ကိုင်းညွတ်နေသော စကားပြေ အရေးအသားကို မပြောလိုပါ။ ဤကိစ္စသည် စကားပြေဆရာများ ဝေဖန် တည့် မတ် ပေးကြလိမ့်မည်ဟု ထင်သည်။

ပြောချင်သည့် ဇာတ်တွင် အဓိကကြသော မင်းသမီး၊ မင်း သား နှစ်ဦး၏ စရိုက်အသွင်အပြင်ကို စ,တင် မိတ်ဆက်ပေးပုံကို ပြောချင်သည်။

မိတ်ဆက်ပေးပုံမှာ ရိုးရိုးစင်းစင်းပင် ဖြစ်သည်။ အဖွဲ့အနွဲ့ မပါပါ။ ဆရာသိန်းဖေမြင့်၏၊ 'ခေတ်သစ်စကားပြေအစ၊ ပီမိုး က' ဟူသော ဆောင်းပါးကို သတိထားခဲ့ဖူး၏။

ဆရာသိန်းဖေမြင့်၏ စာဒ္ဒ...

"*နေရီရီ အရေးအသားတွင် အဖွဲ့အနွဲ့ မပါမဟုတ် ပေ။ အဖွဲ့အနွဲ့ မပါလျှင်လည်း ရသစာပေ မဟုတ် နိုင်ပေ။ သို့သော် ပီမိုးနင်းသည် အရှိကို အရှိအတိုင်း၊*

မင်းလက်ရာစာပေ

*မျက်စေ့ထဲ တိုက်ရိုက်ပေါ်စေသော အဖွဲ့အနွဲ့ကို အဓိက ထားသည်။ သူ့ သရုပ်ဖော်မှုသည် စကား ဝေဆာမှုကို အဓိကမထား၊ လှသည်ဆိုလျှင် စကားလုံး အမျိုးမျိုးနှင့် လှကြောင်းကို ထပ်တလဲလဲ ဆိုမနေ။ ဘယ်အစိတ်အပိုင်း၊ ဘယ်လက္ခဏာ၊ ဘယ်အပေါင်း အစပ်တွေကြောင့် လှသည်ကိုသာ ဖော်ပြသည်။*

*[မှုရင်းသတ်ပုံအတိုင်း]*

ဟု ဆို၏။

ယခု စာရေးဆရာ၏ စာတွင်လည်း ဇာတ်ဆောင် ပုံသဏ္ဌာန်ကို ဤသို့ ဖော်ပြသည်။ **'ဦးထုပ်ပျော့တစ်လုံး ငိုက် ငိုက် ဆောင်း၍ စိုက်စိုက်လာနေသူတစ်ဦး'** ဟူ၍သာ ဆိုသည်။ ဝတ်စားဆင်ယင်မှုမပါ။ လူကြီးလော၊ လူလတ်လော၊ လူငယ် လော မပြော။ ဥပမိရုပ်ပင် ထည့်မဆို။ ဤဦးထုပ်ပျော့နှင့် လူ၏၊ သွင်ပြင်လှုပ်ရှားမှုကိုသာ အဓိကထားသည်။ ထို့ပြင် ဦးထုပ်ပျော့၊ ငိုက်ငိုက်ဆောင်းဟူသော ဇာတ်ဆောင်၏ စရိုက် ကို ယင်းဝတ္ထုဖြင့် မိန်းထားချင်ပုံရလေသည်။

ထိုလျှို့ဝှက်ချက်ကပင်လျှင် စာဖတ်သူ့ရင်ထဲကို စ,တင် ပို့ဆောင် ထားသည်ဟု ဆိုနိုင်ပါသည်။

နောက်တစ်ချက် သတိပြုမိသည်မှာ ညို့ကို ဖြစ်သည်။ ညိုသည် သာမန် မိန်းကလေးလား၊ ရုပ်ဆင်အင်္ဂါမှာ အချောအလှ

လား၊ တောမှာ ပွင့်သည့် အလှမျိုးလားစသည်တို့ စာရေးဆရာက နည်းနည်းမျှ မဖော်ကျူး။

ဇာတ်နှင့် အံဝင်ခွင်ကျမည့် စရိုက်ကလေးကိုသာ လှစ်ခနဲပြခဲ့သည်။ လူငယ်တို့၏၊ စရိုက် သဘာဝအတိုင်း ထိန်းချုပ်မထားတတ်သည့် ပွင့်လင်းမှု ကလေးကိုသာ အသားပေးခဲ့ပါသည်။ **'ညီမှာ နှစ်သက်ခြင်းနှင့် အလိုမကျခြင်း နှစ်မျိုးရောက်လျက်ကျွဲမြီးတိုကျန်ရစ်ခဲ့၏၊'** ဟူသော အရေးအသားသည် လူငယ်တို့၏ စရိုက်ကို ပေါ်လွင်စေသည်ဟု ဆိုရမည် ဖြစ်သည်။

မိမိကိုယ်တိုင် တကူးတက တည်ဆောက်ခဲ့ရသော ရေချမ်းစင်၊ မိမိကိုယ်တိုင် အပင်ပန်းခံ၍ ရေဖြည့်ထားခဲ့သော ရေချမ်းအိုးကို သောက်သွားသူ၏ ဆုတောင်းသံသည် ညီ့ရင်၌ စွဲထင်စရာ ကျန်ရစ်ခဲ့မည်မှာ အမှန်ပင်ဖြစ်နိုင်ပါသည်။

မင်းလက်ရာစာပေ

(၉)

'စေတနာရှင် ဒေါက်ကြွမ ကောင်းမှု'

ဟူသော ကမ္ပည်းစာတန်း ထိုးခဲ့ပြီးနောက်တွင်လည်း စာရေးဆရာက စိတ်ဝင်စားဖို့အတွက် အချိတ်အဆက်များဖြင့် တို့ထိပေးပြန်သည်။

တစ်ကြိမ်တစ်ခါမျှ သောက်သုံးသွားသူ၏ ဆုတောင်းသည် ညို့ရင်မှာ ခေတ္တတွယ်မှီခိုနေသည်မဟုတ်။ ညစဉ်မက်နေရသည့် အိပ်မက်ပမာ မှီတွယ်နေလေပြီ။

ကျေနပ်ခြင်း၊ ဝမ်းသာခြင်း၊ ပီတိဖြစ်ခြင်းများစွာဖြင့် ညိုသည် နေ့စဉ် ဝီရိယရှိလာနေသည်။ နံနက် စောစောထ၍ ကုက္ကိုပင်ကြီးအောက် ရောက်လာစမြဲ။ တံမြက်စည်းတစ်ချောင်းဖြင့် အမှိုက်များ လဲကျင်းနေမြဲ၊ ရေအိုးကို ရေအသစ်ပြည့်နေမြဲ။ ဒီအလှူဒါနကောင်းမှုကို ပြုမြဲ ပြုရင်း မသိမသာ ဦးထုပ်ပျော့နှင့် လူကိုမျှော်မိနေဆဲ ဖြစ်သည်။

ရောက်လာပါပြီ။

ထိုကဲ့သို့ ထပ်မံတွေ့ဆုံပုံကိုလည်း ဤသို့ ဖော်ပြသည်။

"မနေ့ကအချိန် မနေ့က ပုဂ္ဂိုလ်ထပ်ရောက်လာပြန်၏။ သူမ၏ ပထမဆုံး အလျှုခံပုဂ္ဂိုလ်မို့ ညို မှတ်မိနေပြီး ဂရုတစိုက် အနားသို့ မယောင်မလည် ကပ်သွားမိသည်။

"ညို့ထက် ငါးနှစ်ခြောက်နှစ်ခန့် ကြီးမည်ဟု ထင်ရသော ထိုသူမှာ ဦးထုပ်စုတ်နှင့် အဝတ်နွမ်းများကြောင့် လူကြီးတစ်ယောက်လို သာမန်ကြည့်လျှင် တွေ့ရမည် ဖြစ်သည်။ သူကား လွယ်အိတ်စုတ် တစ်လုံးကို စလွယ်သိုင်းလျက် ရေတာဝကြီး ခပ်သောက်ကာ သာခုပါ ဒေါ်ကျွဲမရယ်... ဟု ခေါ်ပြန်၏။

"ရက်အတန်ကြာသော် တစ်နေ့ ညို သောက်ရေဖြည့်နေခိုက်၊ သူရောက်လာသည်။ သောက်ရေစစ်တွင် အမှုန်များကပ်နေ၍ သူမ ဆေးကြောသန့်စင်နေသည်ကို သူစောင့်နေ၍ ညိုအားနာကာ... ခဏလေးနော်၊ ဒီနေ့ အလုပ်တွေ ရှုပ်သွားလို့ ရေဖြည့်တာနောက်ကျသွားတယ်' ဟု စကားပြောမိသည်။

"သူက...

'ရပါတယ် ဖြည်းဖြည်းလုပ်... အခုမှ နေပူထဲက လာတော့ ချွေးသိပ်လိုက်ဦးမယ်'

ဟု ပြောကာ ညို့အား ရပ်ကြည့်နေသည်။"

မင်းလက်ရာစာပေ

ဤအချိတ်အဆက်မှာ ညီိုနှင့်သူ့ကို ရင်းနှီးမှုရစေခြင်း၌ စတင် ချိတ်ဆက်လိုက်ခြင်းဖြစ်သည်။ တစ်ဆက်တည်းမှာပင် ညို့အလှနှင့် ဆွဲဆောင်မှုကို ထည့်ပေးသည်။ 'အသားညိုစိမ့်စိမ့်နှင့် နှစ်လိုဖွယ် မျက်နှာပိုင်ရှင်ကလေး၏ ကျက်သရေမှာ သူမ ရင်တွင်းက စေတနာဓာတ်ခံကြောင့် ပို၍ ဆွဲဆောင်မှု ရှိလေသလားဟု သူတွေးနေ၏' ဟု ဖော်ထုတ်ပြီး ညို့စိတ်အလှကိုပါ လှစ်ဟ လိုက်ပါသေးသည်။

ထို့နောက် စကားအသွားအပြန် မျှတရင်းနှီးမှုရအောင် စာရေး ဆရာက ထပ်၍ ဖြည့်စွမ်းပေးသည်မှာ...

*"ဒီမှာ ဒေါ်ကျွဲမဆိုတာ ဒီအနားမှာ နေတာလား"*

*ဟု မေး၏။ ညို ရယ်ချင်စိတ်ကို မျိုသိပ်ရင်း...*

*"အင်းပေါ့" ဟုသာ ဖြေလိုက်၏။*

*"ဘယ်အိမ်ကလဲ"ဟု သူ ထပ်မေး၍ ညိုက သူမတို့ အိမ်ကိုသာ ညွှန်ပြလိုက်သည်။ ခြံစည်းရိုးလေး သေသပ်စွာ ကာထားသည့် အုတ်ကြွပ်နီမိုး အိမ်ကလေးကို သူကြည့်ရင်း...*

*"ဩော်... ဒါရုံပိုင်ကြီးအိမ်ပဲ"*

*ဟု ရေရွတ်နေသည်။*

*"တော ဘူတာဆိုတော့ ရုံပိုင်ကလေးလို့ပဲ ခေါ်သင့်တယ်"ဟု ညိုက ဝေဖန်သည်။*

"ဘူတာကြီးကြီး သေးသေးဗျာ။ ဒေါက်ကျွဲမကို အားနာတဲ့ အနေနဲ့ ရုံပိုင်ကြီးလို့ပဲ ခေါ်မယ်"

ညိုသည် သူ့သောက်ရေခပ်သောက်နေစဉ် ဤသို့ ပြောမိ၏။

"အဲဒီ ဒေါက်ကျွဲမက သူ့ကို ဒေါက်ကျွဲမလို့ ခေါ်ရင် မကြိုက်ဘူး။ သိပ်စိတ်ဆိုးတယ်။ သူ့အလှူကို သာဓု ခေါ်တာ၊ ဒါနမြောက်အောင် သုံးဆောင်တာတော့ သူက ဝမ်းသာတယ်"

"ဟာ... အဲဒါက စိတ်ဆိုးတယ်၊ မခေါ်ဘူး။ ကျွဲမြီးတိုတယ်လို့ ခေါ်တယ်။ ဒေါက်ကျွဲမဆိုတော့ ကျွဲမြီး တိုတယ်ဆို ပိုသဘာဝကျတယ်။ ဟာ... လူကြီးကို နောက်ပြောင် မိပြီ။ ကန်တော့... ကန်တော့ဗျာ"

ဟူ၍ ထိထိမိမိ ချိတ်ဆက်ပေးထား၏။

စကား အသွားအလာ အပေးအယူကြောင့် ညိုနှင့် သူဆိုသော လူရွယ်တို့မှာ ပွင့်လင်းစွာ ရင်းနှီးခင်မင်သွားအောင် ဖန်တီးပေးလိုက်ပါသည်။

မင်းလက်ရာစာပေ

## (၁၀)

ရုံပိုင်ကတော် ဒေါ်တင်တင်၏ သမီးညီကလည်း ခေသူ မဟုတ်ပါ။ သူ့အလှူခံ ပုဂ္ဂိုလ်အား ရယ်လျက်...

*"ရပါတယ်... ဒေါ်ကျွဲမက သဘောကောင်းပါတယ်။ ဒါပေမဲ့ ကျွဲမြီးတိုတယ်ဆိုတာ သူ့မူရင်းပုံပြင်က ဘယ်လိုလဲ၊ သိရင်ပြောပြပါ"*

ဟူ၍ တောင်းဆိုသည်။

သူ့ဇာတ်ဆောင် လူရွှယ်က ကျွဲမြီးတိုပုံပြင်တစ်ပုဒ်ကို ကျနစွာ ရှင်းလင်းပြောပြပြီး နှုတ်ဆက်ထွက်သွားတော့သည်ဟု ဆိုပါသည်။

ဤအချက်အလက်များကို ကြည့်ခြင်းဖြင့် ဇာတ်ကို ဇာတ်ရှိန် တဖြည်းဖြည်း မြင့်ယူလာသည်ကို တွေ့ရသည်။

မင်းလက်ရာစာပေ

## (၁၁)

*"ဝတ္ထုရှည်တွင် အကြောင်းအရာလည်း စုံရမည်။ အချိန်ကာလလည်း ရှည်လျားရမည်။ ဇာတ်ဆောင်များ၏ ဝိုင်းရင်း ... မှာ ... ရေးသားပြနိုင်ရမည်။"*

မောင်သစ်ဝင်း၏ **'စာရေးနည်းသဝဏ်လွှာများ'** စာအုပ်တွင် အထက်ပါအတိုင်း ဖတ်ရှုရသည်။

အကြောင်းအရာစုံရမည်ဆိုသည့်အတိုင်း စာရေးဆရာသည် သူ့ဇာတ်၊ သူ့ဇာတ်ကောင်များကို ထောင့်စုံမှ သုံးသပ်ရှုမြင်ထားသည်။ ညို့နှင့် ရင်းနှီးခင်မင်လာသည်မှ စ၍ သူ့ကို အကူအညီပေးနိုင်မည့် ကိစ္စများအား တောင်းခံဆန္ဒပြုလာသည်။

ဥပမာအားဖြင့် သူစာဖတ်ချင်သည်။ စာကောင်းပေကောင်းနှင့် နိုင်ငံရေး စာအုပ်ကောင်းများ ငှားရမ်းဖတ်ရှုလို၏။ သူက ချည့်သည်လို ခိုကိုးနေရသောကြောင့် စာအုပ်ဆိုင်နှင့် မသိမကျွမ်း။ စာအုပ်ဆိုင်ကလည်း သူစိမ်းတစ်ဦးကို လွယ်လွယ်ကူကူနှင့် စာအုပ်ငှားမည်မဟုတ်။

ထိုဒုက္ခကို ညို့ ကူညီမှဖြစ်မည်။ ညို့ အာမခံမှ ငှားလို့

ရမည်။ ထို့ကြောင့် ညို့ကို အကူအညီတောင်းသည်။ ညိုကလည်း သူ့ဆန္ဒကို ဖြည့်ဆည်းပေး၏။

ထိုသို့ ဖြည့်ဆည်းပေးရာ၌လည်း သရုပ်ထင်လာအောင် စာရေး ဆရာက ကြိုးစားအားထုတ်ထားလေသည်။ ညိုတို့ နှစ်ယောက် အချီအချ စကားပြောဟန်ကို...

*"ကျုပ် မသိဘူး။ ကျုပ်ကိုလည်း မသိတော့ သူတို့ ငှားပါ့မလား မသိဘူး။ အဲဒါ ကြားကဝင်ပြီး ငှားပေးနိုင်မလား မသိဘူး"*

*ဟု မသိဘူး သုံးလုံးဆက်ကာ သူပြန်မေး၏။*

*"ညိုက အာမခံပေးရမှာလား"*

*သူ့နှာမည်ကို ထည့်ပြောလာ၍ သူသတိထားမိပြီး "ဟုတ်ပါတယ်"ဟု ဖြေသည်။*

*ညို စဉ်းစားနေသည်။ ဘူတာတစ်ဝိုက်တွင် ရထားသံ ကြား၍ ဈေးသည်တချို့ လှုပ်ရှားလာကြ၏၊ စာပို့ရထားမှာ ဟောဟဲမြည်သံဖြင့် အဝေးမှလာနေပြီ။*

*"ဘယ်မှာ နေလဲဆိုတာတောင် မသိရဘဲ ညိုက..."*

*သူမက စကားမဆက်နိုင်ဘဲ ခက်နေ၍ သူက "ဟုတ်ပါတယ်လေ။ ဒါဆိုလည်း ရှိပါစေတော့လေ... ကျုပ်က ငှားပြီး ထွက်မပြေးပါဘူးဆိုတာ ပါးစပ်နဲ့ ဘယ်လိုမှ သက်သေပြလို့မရဘဲ"*

မင်းလက်ရာစာပေ

*သူ စိတ်ပျက်စွာ ထရပ်သည်။ ညိုအားနာ သနားစွာဖြင့် "လာပါ... လိုက်ခဲ့ပါ။ ဒီတစ်ခါ ငှားကြည့်မယ်လေ။ ညိုနဲ့တော့ ဆိုင်နဲ့တော့ သိပါတယ်"*

ဤသို့ ချိတ်ဆက်သည်။

ညိုနှင့် သူဆိုသော ဇာတ်ကောင်ကို တဖြည်းဖြည်း ရင်းနှီးမှုကို ဖြည့်လိုက်သည်။ ၎င်းတို့ နှစ်ဦး ဘေးချင်းယှဉ်ကာ လျှောက်လာရင်း သော်တာဆွေ၏၊ ဒန့်သလွန်သီးရောင်းချပုံကို ပြောသွားကြသည်။ ထိုဇာတ်လမ်းကလေးမှာ လူတို့၏။ လောဘကို ညွှန်းထားသည့် ဇာတ် ဖြစ်သည်။ နောက်ဆုံး၌ ခုနစ်တောင့်သမားက ရှစ်တောင့်မရလို့ မကျေနပ်၊ ခြောက်တောင့်သမားက ခုနစ်တောင့်မရလို့ မကျေနပ်။ ရန်တွေ့ ခံရသည့်အဖြစ်။ **[ထိုဇာတ်လမ်းကို မြန်မာ့အသံ ရေဒီယိုမှ အသံလွှင့် ဇာတ်လမ်းအဖြစ် လွှင့်ထုတ်ခဲ့ဖူး၏။ စာရေးသူ]**

စာအုပ်များ ငှားရန် ဆိုင်အနီးရောက်သော် ညိုက သူ့နာမည်သိချင်သဖြင့် လှည့်ပတ်မေးပုံမှာ...

*"နေပါဦး... စာအုပ်ငှားတော့ အာမခံပေးရအောင် ညို့ကို နာမည်ပြောထားဦးလေ"*

ဟု ဆိုသည်။

သူ ပြန်ဖြေသည်။

*"အေးဗျာ... ဖဲသောင်းလို့ပဲ မှတ်ထားဗျာ"* တဲ့။

မင်းလက်ရာစာပေ

(၁၂)

စာရေးဆရာသည် ခေတ်ကို မေ့မထား။

အလျဉ်းသင့်လျှင် သင့်သလို ပြောသည်။ သူ့ဝတ္ထု သူ့ဇာတ်ကောင်နှင့် လျော်ညီမည့် အခန်းတွင် ဖြတ်ခနဲ ထိုးပြလိုက်သေး၏။ ထိုစာပိုက်ကို ထုတ်နုတ်ပြပါဦးအံ့...

*"လျှပ်စစ်မီးကြိုး သွယ်ထားပါလျက် ညစဉ်လိုလို မှန်အိမ်ထွန်းနေရသည်မှာ ကမောက်ကမနိုင်လှသော ဖြစ်စဉ်တစ်ခုဟု ညီတွေးမိသည်။ အဖိုနဲ့အမ ကြိုးနှစ်ချောင်းတွဲပါလျက် အလင်းဓာတ်ကား မရ။ မီတာပုံး၏၊ ဖြစ်တည်မှုသည် ပိုင်ရှင်အား ထိန်းသိမ်း စောင့်ရှောက်ခ တောင်းရန် သက်သက်သာ။"*

အိမ်တိုင်း မီးလင်းရမည်ဆိုသော ဆောင်ပုဒ်ကိုသရော်ထားသည်မှာ ခပ်ယဉ်ယဉ်ရှိသည်။ အချို့က ဓာတ်ကြိုးကိုင်လို့ ဓာတ်

မလိုက်ဘူး၊ သတင်းစာကိုင်မှ ခေတ်လိုက်မှာဟုပင် ဆိုကြသည်ကို မှတ်မိသေးသည်။

ခေတ်စနစ်၏ မသေချာ မရေရာမှုကြီးကို အနှစ်လေးဆယ်ကျော် ခါးစည်းခံခဲ့ရပြီဖြစ်သည်။

နောက်တစ်ပိုက်တွင်...

*"အဖေက ခေတ်ခဲရေဒီယိုဖြင့် တဝှီးဝှီး တဝှမ်းဝှမ်း လေတိုးသံများအကြား ပြည်ပမှလွှင့်သော လိုင်းကို ကြိုးစားပမ်းစား ဖမ်းနေသည်။ ညီမှာ မှန်အိမ်အောက် ကြမ်းပေါ်မှောက်လျက် စာအုပ်ထဲမှ စာအချို့ကို ကူးရေးတန်ရေး ကျော်ဖတ်တန် ဖတ်နေ၏။*

ဟူ၍ ဖြစ်သည်။

ပြည်တွင်းသတင်းကို အားကိုးလို့မရ။ အတွင်းမှာ ဆေးခါးကြီး ဖြစ်နေပါလျက် အပေါ်ယံအချိုဖုံးထားသည်က များသည်။ နာရေးသတင်းလောက်သာ ဖတ်သည့် လူပဲ ရှိသည်။

သိချင်သော သတင်းအမှန်အကန်ကို သိချင်ကြသူတိုင်း ပြည်ပ သတင်းကိုသာ အားကိုးနေကြရသည်။ ထို့ကြောင့် လူတိုင်းလိုလိုပင် ခေတ်ခဲရေဒီယိုကလေးကို ကိုင်ဆောင်ထားလေ့ရှိသည်။ ဤသည်မှာ စာပေ လွတ်လပ်ဆုံးရှုံးမှုကို စာရေးသူက မသိမသာ မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်ပါ၏။

* * *

မင်းလက်ရာစာပေ

"ကိုဖေသောင်းတို့တောမှာ အထက်တန်းကျောင်း ရှိလား"

သူ့မျက်နှာ မအီမသာ ဖြစ်သွားပြန်ပြီး

"ရှိတဲ့တောမှာ ရှိတယ်။ မရှိတဲ့တောမှာ မရှိဘူး။ မူလတန်းကျောင်းစရိတ် မတတ်နိုင်တာရော မိဘ အလုပ်တွေမှာ ဝင်နေကြတာရော... ရင်မောစရာကြီး" ဟု စကားကြောကို တစ်ဘက်သို့ လှည့်ကာပြော သည်။ ညိုသည် ကောက်ညှင်းပေါင်းတစ်ဆုပ်ကို နှိုက် ပြီးမှ "ဟုတ်လား" ဟု တအံ့အသြမေး၏။

"ဒါ ဘာမှမဆန်းပါဘူး။ မြို့က ပညာတက်တွေ တောမှာ ကျောင်းဆရာ သွားလုပ်ကြဖို့ တိုက်တွန်းရုံနဲ့ ဒီပြဿနာ မပြီးသွားဘူး။ သင်ပေးသူဘက်က ပြည့်စုံ တောင် သင်ယူသူဘက်က ယူနိုင်မယ့် အခြေအနေ လိုသေးတယ်။ တချို့ကလေးတွေဆိုရင် အစ်ကို တစ် နှစ်၊ ညီ တစ်နှစ် ကျောင်းတက်ရတယ်။

သူ့စကား မရှင်း၍ ညိုက "ဘယ်လို..." ဟု ပြန်မေးသည်။

"အစ်ကို ကျောင်းနေတဲ့ နှစ်မှာ ညီက မနေနိုင်ဘူး လေ။ ငွေမလုံလောက်လို့ ဆိုပါစို့။ နောက်နှစ်တော့ ညီကျောင်းနေ၊ အစ်ကိုက မိသားစုဝင် ငွေရှာ၊ ဒီလို ကြံဖန်သင်ရတာပဲ"

မင်းလက်ရာစာပေ

ခေတ်၏ ပစ္စက္ခကို စာရေးဆရာက အနုစိပ်ပုံဖော်ထားပေသည်။

လူတစ်ကိုယ်၊ ကားတစ်စီး၊ တိုက်တစ်လုံး ပိုင်ဆိုရမည်ဟု ကြွေးကြော်ခဲ့သော ပြည်တော်သာခေတ်နောက်ပိုင်း၌ လူတန်စားများ နစ်သည်ထက်နစ်မွန်ခဲ့ကြသည်။ ဖ·ဆ·ပ·လ အဖွဲ့ချုပ်ကြီး နှစ်ခြမ်းကွဲတော့ အိမ်စောင့်အစိုးရတက်သည်။ ပြည်တော်သာ စီမံကိန်းကြီး ရေစုံမျောသွားသည်။ ပြန်၍ နာလန်မထူတော့။

ထိုနောက် အမြဲတေပါတီ။ နောက် မ·ဆ·လ အစိုးရ၊ အာဏာရှင်ဆန်ဆန် အုပ်ချုပ်ခံခဲ့ရသဖြင့် ပြည်သူများ၊ အလုပ်သမားများ ကျောင်းသားများ ပြားပြားဝပ်ခဲ့ကြရပေသည်။

မိဘတွေ ဆင်းရဲတော့ သားသမီးမွဲသည်။ စားဝတ်နေရေး မွဲရုံမျှမက ပညာရေး ပါမွဲကြရသည်။ ရေသန့်ဘူးကောက်သည့် ကလေးက ကောက်လို့၊ အမှိုက်ပုံနှိုက်သည့် ကလေးက နှိုက်လို့ ကျောင်းနှင့် အဝေးကြီးဝေးခဲ့ကြရပြီတကား။

ဤသို့ဖြင့် တစ်နေ့တခြား ကလေးများစွာတို့သည် ပညာမဲ့သွား ကြရမည်ကို စာရေးဆရာက ကြိုတင်ကြည့်မြင်ပြီး သတိပေးလိုက်ပုံ ရှိပါ၏။

မင်းလက်ရာစာပေ

## (၁၃)

ဝတ္ထုလုံးချင်း၏ အခန်း (၃)...

ဒီအခန်းမှာ စာရေးဆရာက သူ့ဇာတ်ဆောင် ကိုဖေသောင်း၏ မိသားစု ပုံရိပ်ကို မိတ်ဆက်ပေးပါသည်။ အစ်မဖြစ်သူ ရီနွယ့် လှုပ်ရှားပုံ၊ သံယောဇဉ်ထားပုံနှင့် သူ့မောင်လေး ကြိုက်နှစ်သက်တတ်သည့် သီချင်းများကို အကြောင်းပြုထားသည်။

ထိုစဉ် အိမ်ရှေ့၌ မိခင်နှင့် လူစိမ်းတစ်ဦးတို့ စကားပြောဆိုနေကြသည်ကို တွေ့လိုက်ရပုံတို့ကို ဖွဲ့ဆိုသည်။ ထိုလူစိမ်း ထွက်သွားပြီးမှ...

*"ဘာလဲအမေ... အမေ့သားအကြောင်း လာမေးတာပဲ မဟုတ်လား"*

*"တခြားဘာရှိရဦးမှာလဲ။ ငါတော့ တတ်နိုင်ရင် ဆိုင်းဘုတ်တင်ထားရကောင်းမလားတောင် စဉ်းစားမိ*

*တယ်” ဟု သူမ မိခင်ဖြေကာ စိတ်လှုပ်ရှားနေသော အမူအရာဖြင့် အိမ်ထဲပြန်ဝင်လာသည်။*

*အမေ့မျက်နှာ သနားစရာကောင်းလောက်အောင် ပူပန်မှု အရောင်တို့ ရောယှက်နေ၍ ရီနွယ် မကြည့်ရက် ကြည့်ရက် မြင်ပြီး*

*“အမေကလည်း အမူအရာ သိပ်ပျက်တာပဲ” ဟု ကရုဏာဒေါသော ပြောမိသည်။*

*“ငါ သိပ်ဟန်မဆောင်တတ်ဘူး။ နောက်ဆိုရင် နင်တို့ပဲ ထွက်ရှင်းတော့”*

ဟု ပြောဖြစ်သည်။

စကား၏ အရိပ်အငွေ့ကို ဖတ်ရခြင်းအားဖြင့် သားအတွက် စိုးရိမ်မကင်းရှိနေကြပုံရသည်။ လာရောက်စုံစမ်း မေးမြန်းသူမှာ ၎င်းတို့၏ သားကို ခြေရာကောက်လိုက်နေသည်မှာ ထင်ရှားသည်။ သားအမိနှစ်ယောက် ထိုပြဿနာကို မကြာခဏဖြေရှင်းနေကြရ ဟန်ကို ပေါ်လွင်အောင် စာရေးဆရာက ရိပ်ဖမ်းသံဖမ်းပေးသည်။ သို့သော် မည်သူမည်ဝါဖြစ်သည်ကို အတိအကျထုတ်မပြော။ ပဟေဠိဆန်ဆန် လျှို့ဝှက်ထားသေးသည်။

ထို့နောက် ရီနွယ် အတွေးဖြင့် ဖြည့်သည်။ ရီနွယ်တွေးသည်မှာ ‘ဒီကောင်လေး ပြဿနာ ဘယ်တော့မှ ဆုံးမယ် မထင်ဘူး။ ရင်ဆိုင်ခိုင်းလိုက်ရင် ကောင်းမလား’ စသော စကားလုံးများက စာဖတ်သူအား ဝေ၄ပေးထားဟန် ရှိသည်။

မင်းလက်ရာစာပေ

မကြာခင်မှာ မော်တော်ဆိုင်ကယ်သံကြားရသည်။ ဦးလေးအောင် ရောက်လာ၏၊ ရီနွယ် တံခါးဖွင့်ရင်း အိမ်ထဲမြန်မြန် ဝင်လာရန် ခေါ်သည်။ ဆက်သွယ်မှုကို စောင့်ကြည့်နေသူများ တွေ့ရှိသွားမှာ စိုးသည်။

ဦးလေးအောင်က စာထုတ်ပေးသည်။ စာမှာ တိုတို...

*"ဖေသောင်း၊ နေကောင်းတယ်*
*ပိုက်ဆံလက်ကျန်က နည်း*
*ပြောရမှာလည်း အားနာတယ်"*

ထိုမျှသာ ဖြစ်သည်။ ရီနွယ်သည် ထိုစာတိုကို ဝါးစားပစ်သည်။ စာဖျောက်ဖျက်ခြင်းသည် သက်သေခံပစ္စည်းကို အစအန မရှိအောင် လုပ်ခြင်းဖြစ်သည်။

ယခုစာ၌ ဖေသောင်းဟု အမည်တပ်လိုက်သဖြင့် ညီနှင့် ရင်းနှီးနေသူမှန် စာဖတ်ပရိသတ်ကို အသိပေးလိုက်ခြင်းပင် ဖြစ်ပါသည်။

အနီး ဖေသောင်းသည် အဘယ်ကြောင့် လျှို့ဝှက်စွာ ပုန်းအောင်းနေရသနည်း။ အဘယ်မည်သော ရာဇဝတ်မှုကို ကျူးလွန်ခဲ့ပါသနည်း။ အဘယ်ကဲ့သို့သော တိုက်ပွဲကို ဝင်ရောက်ဆင်နွှဲပါသနည်း။

စသည့်စသည့် တွေးဖွယ်ရာများကို စာဖတ်သူအား လက်တို့ အဖော်ပြုထားခဲ့ပေသည်။

* * *

မင်းလက်ရာစာပေ

နောက်အခန်းတွင်...

*"ဟုတ်တယ်။ ညီ့လည်း သူ့ကို မသက်ဘူး"*

ဟူသော စကားဖြင့် ဖွင့်လိုက်သည်။ ရှေ့စာမျက်နှာမှ ရိုးနွယ်တို့ မိသားစု၏ စိုးရိမ်မှု၊ ထိတ်လန့်မှု၊ လှုပ်ရှားမှုများသည် ညီ့တို့ဘက်ဆီသို့ ကူးဆက်လာပုံကို ဖော်ပြလိုက်ပြန်သည်။

သမီးမိန်းကလေးညီ့နှင့် မိခင်ဖြစ်သူ ဒေါ်တင်တင်တို့သည် ပွင့်လင်းကြပုံရသည်။ ညီ့က မိခင်ကို အကြောင်းစုံပြောပြထားခဲ့ပြီး ဖြစ်၍ ဒေါ်တင်တင်ကပင်...

*"ဟင်... မသက်ဘာတောင် ဘာလို့ တရင်းတနှီး လုပ်နေရသေးလဲ။ နင်... ကလေးလည်း မဟုတ်တော့ဘူး၊ ဓာတ်ကြိုးကို စမ်းကိုင်တယ်ဆိုတာ မြွေကို ငယ်ထိပ်ပုတ်တာထက် ကြောက်စရာကောင်းတယ်။ မြွေကိုက်ရင် ဆေးရှိသေးတယ်ဟဲ့"*

ဟု ဆုံးမသည်။

ညီ့ ဆင်ခြေလဲလိုက်သည်မှာ ထိထိမိမိ ရှိလေသည်။

*"ဓာတ်ကြိုးပေမယ့် ညီ့တို့အိမ်မှာ သွယ်ထားတဲ့ ဓာတ်ကြိုးမျိုးပါ။ ဘယ်တုန်းက မီးလာဖူးလို့လဲ။ ညီ့ သိချင်တာက ဒီဓာတ်ကြိုးရဲ့ နောက်ကြောင်းအမှန်"*

ခေတ်လူငယ်တို့၏ စရိုက်အသွင်ကို ထည့်ထား၏။ လူငယ်တို့၏၊ သဘောသဘာဝအတိုင်း လှုပ်ရှားမှုအားလုံးကို ဖော်ထုတ်

မင်းလက်ရာစာပေ

ချင်သည်။ စုံစမ်းချင်သည်၊ မေးမြန်းချင်သည်မှာ စရိုက်တစ်ခု။ ထို့အပြင် အစား အသောက်နှင့် ပတ်သက် အဆင့်မရှိပုံလည်း...၊

*"ဒီမှာ တွေ့လား။ လူတွေ အစစ်အမှန်ကို အတု အယောင်တွေ ရောကုန်ကြတာ ဆီတွေကအစ အမှန် မရှိတော့ဘူး။ ထမင်းပူပူနဲ့ ဆမ်းစားလည်း ဘာ အရသာမှ မရှိ၊ နှလုံးသွေးကြော ပိတ်ဖို့ ပိုနီးစပ်တဲ့ အန္တရာယ်တောင် ရှိတယ်တဲ့၊ ငါဖတ်ဖူးတယ်"*

ဟူ၍ အိမ်ရှင်မတို့၏ ညည်းသံကိုပါ ကြားနိုင်ပေသည်။

စာရေးဆရာသည် ပြောချင်သည့်စကား၊ ခေတ်၏ ကမောက် ကမကို သူ့ဝတ္ထု၌ အကွက်မဟာအောင် ထည့်သွင်းထားပေ၏။ သူ့ သံရော်ချက်များမှာ လေးနက်တိကျမှု ရှိနေစေသည်။ ထိုနောက် ညို့ စကားကို ကြည့်လျှင်...

*"အမေပြောသလိုပဲ... ညိုက အသိုက်ထဲက ခေါင်းပြူကြည့်နေရတာ မှန်ပါတယ်။ ဒါပေမယ့် သူကလည်း အန္တရာယ် မပေးတတ်တဲ့ ငှက်ကလေး တစ်ကောင်ပါပဲ အမေ...။ သူ့မှာ ထိတ်လန့်စရာ အကြောင်းတစ်ခုကြောင့် ကျီးကန်းလိုပဲ ပူပန်နေရ တယ်။ ကျီးကန်းတောင်မှ တစ်ခါတလေ စိတ်အေး လက်အေးသာ နေလို့ရသေးတယ်။ ညိုပြောချင်တာက*

မင်းလက်ရာစာပေ

*သူဟာ လေးခွကိုင်ထားတယ်။ ဒါပေမယ့် ကြက်ငှက်တွေ ပစ်ဖို့ မဟုတ်ဘူး"*

ဟုလည်း ခပ်ဟောင်ဟောင် ပြောလေသည်။

လေးခွကိုပင် လက်နက်ကြီးသဖွယ် သတ်မှတ် အရေးယူ အပြစ် ပေးခံခဲ့ရသည့် အဖြစ်ကို စာရေးသူက လှောင်ပြောင်ထားလိုက်ပါသေးသည်။

မိမိတို့၏ စား၊ ဝတ်၊ နေရေးခေတ်ကြီးကို မည်သူမျှ မေ့နိုင်ကြဦးမည် မဟုတ်ပေ။

မင်္ဂလာရှိစေ

# (၁၄)

အခန်း (၄) တွင်မူ...

*"ဟိုဟိုဒီဒီ သိပ်မသွားနဲ့၊ လူတွေနဲ့ သိပ်မရှုပ်နဲ့၊ အခြေအနေ မကောင်းသေးဘူး။ မင်းအိမ်ကို လာလာပြီး မျက်နှာစိမ်းတွေ လာစုံစမ်းနေကြတယ်"*

*"ကျွန်တော့် သူငယ်ချင်းတွေဖြစ်မှာပါ၊ အမေတို့ မသိလို့ နေလိမ့်မယ်"*

*"ဒါတော့... ငါလည်းမသိဘူး။ မင်းအမေနဲ့ အစ်မက ဘာကိုမဆို သံသယနဲ့ ပူပန်နေရတယ်။ ဒါကို မင်း ငဲ့ညှာဦး။ မင်းလုပ်ချင်တာ လုပ်ခဲ့ပြီးပြီ"*

ဟူ၍ ဖေသောင်းနှင့် ဦးလေးအောင်တို့၏ အပြန်အလှန် စကားပြောခန်းကို ဖတ်ရှုရသည်။

ဇာတ်ဆောင် ဖေသောင်း၏ အသွင်အပြင်သည် တဖြည်းဖြည်း ကြွလာအောင် နှံ့ထုတ်လာပြီဟု ထင်ပါသည်။ အမေနှင့် အစ်မတို့သည် သူ့သား၊ သူ့မောင်အတွက် မည်သည်ကို ပူပန်နေရသနည်း။ မည်သူ့ကိုမျှ ယုံကြည်စိတ်မချနိုင်အောင် ရှိနေရပါသနည်း။

စသော အတွေးများဆီသို့ ဦးတည်ပေးထားခဲ့ပေပြီ။

(၁၅)

အခန်း (၅)တွင်ကား ဖေသောင်း၏ ပုံရိပ်သွင်ပြင်ကို တစ်စွန်း တစ်စ ဖော်ပြထားသည်ဟု ထင်သည်။ ထိုစာပိုဒ်မှာ...

*"တစ်ယောက်တည်း ငြီးငွေ့နေရတယ်။ ဖြစ်နိုင်ရင် အဆက်အသွယ် လုပ်စေချင်တယ်။ ဘယ်သူတွေ ဘယ်မှာရှိလဲ ငါလည်းမသိဘူး။ မင်းတို့ သိသမျှ စုံစမ်းပေးပါ။ ငါတို့ ဒီအတိုင်းနေလို့လည်း ရေရှည်မှာ ဖြစ်မှာ မဟုတ်ဘူး။ ထပ်လှုပ်ရှားရဦးမှာပဲ။ ဒါကြောင့် ဒီစာရရချင်း ငါတို့ အဖွဲ့တွေ ပြန်စုထားကြပါ။ ငါ နောက်တစ်စောင် ထပ်ရေးဦးမယ်။ အဲဒီကျရင် ငါ့ကို တွေ့နိုင်မယ့်နေရာ ငါရေးပေးလိုက်ပါမယ်။ အခု ငါ့ နာမည် ဖေသောင်းလို့ပဲ မင်းတို့ သုံးစွဲကြပါ"*

ဟု တိုက်ပွဲခေါ်သံကို ကြားလိုက်မိသည်။

ဤစာပိုဒ်မှာ စကားဝှက်ဖြင့် ညွှန်းထားသည်။ ဇာတ်ကောင်

၏ အမည်ရင်းကို မထုတ်ဖော်။ ဖေသောင်းဟူသော နာမည်ဝှက်ဖြင့် သူ့ ရဲဘော်ရဲဘက်များကို ဆက်သွယ်နေကြောင်း သဘောပေါက်နိုင်သည်။

တစ်ရံက စာရေးဆရာငြိမ်းကျော်သည် ချယ်ရီရောင်အတွေးသစ် စာတန်းများ အခန်းတွင် စာတန်းတစ်ပုဒ်ရေးသည်။ သူ့စာတန်းမှာ **'ဆရာဦးနာရသူ'** ဟူသော ခေါင်းစဉ်ဖြစ်သည်။

ထိုစာမှာ...

*''ကဗျာတစ်ပုဒ် စာတစ်ပုဒ် ဖတ်ပြီးလျှင် ပြန်လည် စဉ်းစားဖြစ်သော အလေ့အထသည် ကျွန်တော့်တွင် စွဲနေသည်။ စာကိုဖော်ပြရာ အကြောင်းခြင်းရာတို့ကို ကျွန်တော် သတိထားသည်။ မြှုပ်ထားသည်တို့ကိုလည်း စဉ်းစားကြည့်တတ်သည်။ တူးဖော်ကြည့်တတ်သည်။ အနက် ထွေပြားတတ်သော စာမျိုးကို ဉာဏ်ကစားကြည့်ရသည်မှာ ဦးနှောက်အလေ့အကျင့်ရသည်ဟု သဘောထားသည်''*

ဟူ၍ ဖြစ်ပါ၏။

ယခုလည်း စာရေးဆရာ၏ စာပိုဒ်တွင် **'တစ်ယောက်တည်းငြီးငွေ့နေရတယ်။ ဖြစ်နိုင်ရင် အဆက်အသွယ်လုပ်ချင်တယ်'** ဟူသည့် စာများ၊ စကားများသည် မြှုပ်ကွက်များအဖြစ် ဖွဲ့နွဲ့ထားပေသည်။

ထိုအချက်အလက်များကို ထောက်လျက် နာမည်ရင်း မဟုတ်သော ဖေသောင်းအပေါ်၌ စဉ်းစားကြည့်စရာ၊ တူးဖော်ကြည့်စရာ ဖြစ်ပေသည်။

ဆက်၍ အနက်ထွေပြားမည့်စာများ၊ ဉာဏ်ကစားရမည့် စာများကို ရှာဖွေကြည့်ကြပါစို့…

* * *

တစ်နေ့တွင် ဦးရွှေခင် ဆရာတော်ကျောင်းသို့ ရောက်သွားသည်။ ဆရာတော့်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။ ပြီးမှ ကျောင်းပရိဝုဏ်အတွင်း၌ တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးသည့် လူရွယ်တစ်ဦးအား သတိထားခဲ့မိ၏။

ထို့ကြောင့် ဆရာတော့်အား လျှောက်ထားကြည့်မိသည်။ ဆရာတော်က မကင်းရာ မကင်းကြောင်း မိဘများက ခဏလာထားကြောင်း ဖြစ်သည်။

ဦးရွှေခင် အိမ်ပြန်ရောက်လျှင် ဒေါ်တင်တင်အား ထိုအကြောင်းကို ပြောပြလိုက်သည်။ ညီ့ကား ထိုသတင်းကို ကြားသိလိုက်ရသော အခါ၌ ပို၍ သူ့အကြောင်းကို သိချင်လာသည်။ တစ်ခုခုတော့ တစ်ခုခု လျှို့ဝှက်ထားသည်ဟု နားလည်သည်။ ထိုရက်ပိုင်းအတွင်းတွင် ညီ့ သူ့ကို စောင့်ကြည့်မိသည်။ အနေးရထားပေါ်က လူနှစ်ယောက်ဆင်းလာသည်။ ကိုဖေသောင်းနှင့် တွေ့သည်။ ဘူတာအနီးက လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြ၏။

နေ့တစ်ဝက်နီးပါး ခေါင်းချင်းဆိုင် စကားပြောကြသည်။ ထို့နောက် သူတို့အဖွဲ့ ကုဋ္ဌိုပြင်ကြီးနောက်ဘက်သွားသည်။ ကိုဖေသောင်းက ဘုန်းကြီး ကျောင်းဘက် သွားရာလမ်းကို ညွှန်ပြသည်။

ပြီးလျှင် ထိုလူနှစ်ယောက် ညနေစာပို့နှင့် ပြန်သွားကြ၏။ ကိုဖေသောင်းကို အထုပ်ကြီးတစ်ပွေ့တစ်ပိုက်ဖြင့် ပြန်သွားတော့သည် အထိ စာရေးဆရာက ဖော်ပြလိုက်ပြန်သည်။

စာဖတ်သူအား ထပ်၍ နှိုးဆော်အဖော်ညှိလိုက်ပြန်လေ၏။ လူနှစ်ယောက်၊ အထုပ်များ စသည်တို့ကို အထူးလျှို့ဝှက်လိုက်လေသည်။

ညှိုပါမ်က စာဖတ်သူကိုပါ ပဟေဠိဆန်ဆန် ပေးထားခဲ့ပေ၏။

(၁၆)

ထိုပဟောဋ္ဌိသည် ညီ့ထံတွင်လည်းကောင်း၊ စာဖတ်ပရိသတ်တွင်လည်းကောင်း အဆုံးမသတ်။ ရွာထဲက အပျိုခေါင်းဆောင် မခင်အေး ထံသို့ပါရောက်ရှိခဲ့လေတော့သည်။

ပဟောဋ္ဌိ၏ သဲလွန်စကို ရှာဖွေဖို့ နှစ်ယောက်သား ဆွေးနွေးမိကြသည်။ စကား အစ, ၌...

*"မမအေးတို့ ကျောင်းဘယ်တော့ ပြန်ဖွင့်မှာလဲ"*

*"မကြေညာသေးပါဘူးဟာ။ ကြာဦးမယ် ထင်တာပဲ။ ပြဿနာက"*

ဟု ဆိုသည်။

မမအေး (သို့မဟုတ်) မခင်အေးသည် တော၏၊ အပျိုခေါင်းဆောင်သာမဟုတ်။ ကျောင်းတော်ကြီး၏ ကျောင်းသူဖြစ်နေကြောင်းကို စကားအသွားအလာဖြင့် သိရသည်။

ထိုစဉ် မမအေးသည် ကုက္ကိုပင်ကြီးအောက်သို့ အကြည့်ရောက်သွားသည်။ စာစောင်အချို့ကို လှန်လှောကြည့်ရှုနေသော

သူ့ကို အမှတ်မထင် မြင်သွားသည်။ ဟဲ့… ဟု ရေရွတ်ရင်း မျက်လုံး ပွတ်ကြည့်သည်အထိ။

ဒီတော့ ညီုက မေးသည်။ သူ့ကို သိသလားဟု မေးသော အခါတွင် မမအေးကလည်း 'အေး ဟဲ့… တူတော့ တူတယ်။ နေဦး… နှုတ်ခမ်းမွေးကြီးနဲ့၊ ဟဲ့… ဟုတ်ပါပြီ၊ သူက ဘယ်လို ဒီကိုရောက်' ဟု ဖြေသည်။

သူ့ကို ကောင်းစွာသိထားပြီးဖြစ်သော မမအေး၏ အဖြေ ကြောင့် သူ့အဆင့်ကို စာဖတ်သူကို ရိပ်ဖမ်းသံဖမ်း သိခွင့်ရလိုက် စေပါ၏။ ဆက်၍လည်း…

*"ဟုတ်တာပေါ့၊ သေချာပြီ။ ကြည့်စမ်း။ ငါက သူ့ပါသွားပြီအောက်မေ့နေတာ"*

*ညီု၏ သိလိုစိတ်ကို ကလိထိုးနေသလိုရှိလာ၍*

*"မမအေးတို့က ကျောင်းကလား"ဟု အမောတ ကော မေးလိုက်သည်။*

*"အေး… ဟုတ်တယ်။ ငါတို့နဲ့ ဘာသာတူတူပဲ၊ အခန်းတော့ မတူဘူး" ဟုဖြေသည်။*

ဟု ရေးသားထားသည်။

ဤအချက်အလက်ကို ထောက်၍ ကိုဖေသောင်းဆိုသူမှာ ပညာအရည်အချင်း မနိမ့်ကြောင်း ပေါ်လွင်သည်။ ထိုနောက် ညီုက သူ့နာမည် ကိုဖေသောင်းဟုတ်လားဟု မေးလျှင် မမအေး

မင်းလက်ရာစာပေ

က သူနာမည် မသိကြောင်း ပြောပြီးနောက်... 'သြော်... ငါက သူ ပါသွားပြီ မှတ်လို့'ဟု ဆိုသည်။

ညို 'ဘာပါတာလဲ၊ မမအေးရဲ့' ဟု မေးပြန်သည်။

ဒီတော့မှ မမအေးက...

*"ဟိုတလောက ကျောင်းမှာ ရုတ်ရုတ် ရုတ်ရုတ် ဖြစ်တယ်မဟုတ်လား။ အဲဒါ သူ ဖိုးတက်ကြွ လုပ်နေတာ။ ငါတို့ အဆောင်ဘက်တောင် လာခေါ်သေးတယ်။ ငါ ကြောက်လို့ လိုက်တော့မလိုက်ရဲဘူး။ လက်ကိုင်ပဝါတွေတော့ စုပြီး ပေးလိုက်ပါတယ်"*

ဟု ဖြေသည်။

ဒီအဖြေကြောင့် ကိုဖေသောင်းမှာ တက္ကသိုလ်ကျောင်းတော်သား ဖြစ်ကြောင်းကို အထင်အရှားပြလိုက်သည်။ ကျောင်းသား၊ ကျောင်းသူတိုင်း၏ အသိတွင် ဆန္ဒတူညီမှုမှာ အတူတူရှိကြောင်းကိုလည်း ထင်သာ မြင်သာ ရှိအောင် ရေးပြလိုက်ခြင်း ဖြစ်ပေသည်။

စာရေးဆရာသည် ဇာတ်ဖြည့် မမအေးကို နွယ်လျက် ရှေ့ဆက်ရမည့် အခန်းများ သွယ်ဆက်ဖို့ အစီကထားလာသည်ဟု မှတ်ရသည်။

ခရေကုံးကြိုးသီသလို တစ်ပွင့်ပြီးတစ်ပွင့် သီကြိုးတွင် ထည့်သွင်း သွားမည်မှာ အသေအချာဖြစ်ပေလိမ့်မည်။

မင်းလက်ရဲစာပေ

(၁၇)

"ဟဲ့… ငါ အားပေးတာ ဘယ်သူမှ မသိစေနဲ့ဦး။ တော်ကြာ ငါပါ အဆွဲခံနေရဦးမယ်"

ဟု မမအေးက ထိတ်ထိတ်ပြာပြာ နှုတ်ပိတ်ခဲ့သေးသည်။ မည်းမည်းမြင်ရာ လိုက်ဆွဲထည့်နေသည့် ခေတ်ကြီး၏ အကြောက်တရားဖြင့် ခြိမ်းခြောက်နေပုံကား ပီပြင်လှပေသည်။

"ကန့်စပ်မှာ အတီးခံရပြီး နောက်တစ်နေ့ ကျောင်းဝင်းထဲ သူတို့ ပြန်ရောက်လာသေးတယ်။ ပိတ်ပြီး ဆွဲသွားတော့ သူပါသွားပြီ အောက်မေ့နေတာ ကြည့်စမ်း… သူ… ကျောင်းဝင်းအပြင်မှာလည်း အဲဒါတွေ လိုက်လုပ်နေသေးတယ်။ လက်စသတ်တော့ ကိုယ်တော်ချောက ဒီကို လာရှောင်နေတာပဲ ဖြစ်ရမယ်"

ဟု မမအေးက တစ်ထစ်ချ ဆိုလိုက်သည်။

ညိုကလည်း မမအေးအား စကားပိတ်လိုက်ပုံမှာ တကယ့်

သံယောဇဉ်တည်း။ "မမအေး... ဘယ်သူ့မှ မပြောနဲ့နော်။ သူဒုက္ခရောက်ပါမယ်" ဆိုသည်။ အသုံးအနှုန်း ကလေးများသည် တစ်ယောက်နှင့် တစ်ယောက်ငြိတွယ်နေပုံကို ဖော်ပြသက်သေတည်ထားလိုက်ခြင်းပင် မဟုတ်လော။

* * *

နောက်တစ်နေ့တွင် သူတို့ နှစ်ယောက် တွေ့သည်။

ညိုက သူ့ကို နောက်သည်။ သူ့သမိုင်းကြောင်းကို လျှို့ဝှက်မထားနိုင်အောင် စကားအစ်လိုက်ခြင်းဖြစ်သည်။ 'တနေ့က လူတချို့ လာမေးသွားတယ်။ ဒီနားမှာ ကောလိပ်ကျောင်းသား တစ်ယောက် လာပုန်းနေတယ်၊ မတွေ့ဘူးလားတဲ့' ဟူသော စကားဖြင့် အစ်လိုက် ရင်းပဲ သူထိတ်ထိတ်ပျာပျာ ဖြစ်သွားပုံများ အကွက်ကျကျ လှပစွာ ထည့်ထားသည်။

ညိုက နှုတ်ခမ်းမွှေးအတုဖြင့် ရှောင်ပုန်းနေကြောင်း ထည့်ပြောလျှင် သူမခံနိုင်။ နှုတ်ခမ်းမွှေး အစစ်ဖြစ်ကြောင်း ဆွဲကိုင်ပြသည်။

စ၊ ချင် နောက်ချင်သည့် ညို့စကားများကြောင့် သူခေတစိတ် အနှောင့်အယှက် ဖြစ်သွားရသေးသည်။ နောက်မှ ညိုက ချော့သည်။ ထိုင်ပါ၊ လာပါဟု ခေါ်သည်။ စိတ်အေးအေးထားပါ၊ ညို ဘယ်သူ့မှ မပြောပါဘူးဟု ပြောမှ သူသက်ပြင်းချနိုင်တော့သည်။

ထို့နောက် မခင်အေး အကြောင်းကို မေးသည်။ ကိုဖေသောင်းနှင့် ကျောင်းမှာ ဘာသာရပ်တူသည့် မခင်အေးကို ပြောပြသော်လည်း သူမသိ။ သူ့ရင်မှာ ပူပင်သောကသာ ဖြစ်ရသည်။ မခင်အေးသည် ရန်သူလော၊ မိတ်ဆွေလော မခွဲခြားနိုင်တော့ပေ။ တွေ့သွားလျှင် အခက်ဖြစ်မည်ကိုသာ စိုးရိမ်ကြောင့်ကြရသည်။ သို့ပေသည့် ညိုက အာမခံသည်။ မခင်အေး ဆိုသူမှာ အားပေးသူဖြစ်ကြောင်း၊ ဘယ်ကိုမှ သွားတိုင်မည့်သူမဟုတ်ကြောင်း ပြောပြသည်။ ထိုနောက် သူ့ရာဇဝင်နောက်ကြောင်းကို ပြောပြရန် တိုက်လိုက်သည်။

မင်းလက်ရာစာပေ

## (၁၈)

ကျောင်းတော်က စ,သည့်နောက်ကြောင်း ပြန်ပြောသည်။

နောက်တစ်နေ့တွင် သူကျောင်းဝင်းထဲရောက်ခဲ့ကြောင်း၊ မနေ့က အဖမ်းမခံရသော ကျောင်းသားများကို တွေ့ရသေးကြောင်း။ အပန်းဖြေခန်းမထဲတွင် တိုင်ပင်နေကြကြောင်း၊ မနေ့ကလိုပင် အပြင်ပြန်ထွက် ကြဦးမည်ဟု စီမံနေကြောင်း သူပြောသည်။

ထိုနောက် သူသည် လက်ကိုင်ပိုစတာရေးဆွဲဖို့ လှည်းတန်းဈေးသို့ ရောက်လာပုံ၊ စက္ကူဆေးဝယ်ဖို့ဖြစ် ထွက်လာရပုံ၊ ပြန်လာသော အခါ၌ ကျောင်းကို အပြင်က ဝိုင်းထားကြပုံ၊ ကျောင်းထဲလုံးဝဝင်လို့ မရတော့ပုံနှင့် ကျောင်းထဲမှ အဖွဲ့အားလုံးကို ခေါ်ဆောင် သွားကြပုံကို ခရေစေ့တွင်းကျ ရှင်းပြလိုက်လေသည်။ ထို့နောက် သူသည် ဒီမြင်ကွင်းကို ကြည့်ပြီး မကျေမနပ်ဖြင့်

အိမ်သို့လာသည်။ ရပ်ကွက်ထဲက လူငယ်များကိုစုသည်။ သို့ရာတွင် ထိုလူ့ပ်ရှားမှုကို တစ်ရပ်ကွက်လုံးသိနေပြီး ကျောင်းမှာ သူလှုပ်ရှားခဲ့သမျှကိုလည်း ရပ်ကွက်ရုံးက သိထားသဖြင့် မှတ်တမ်း တင်ထားပြီဟု သူသိလိုက်ရသည်။

မိသားစုမှာလည်း သူ့အတွက်ကြောင်း မျက်ရည်နှင့် မျက်ခွက် ဖြစ်နေကြရပေပြီ။ နောက်ဆုံးတွင် ဦးလေးအောင် အကျိုးဆောင်ပေးသဖြင့် ဒီတောရကျောင်းသို့ ရောက်ခဲ့ရကြောင်းများကို ညို့အား ဖွင့်ဟ ပြောပြလိုက်ပေတော့သည်ဟု စာရေးဆရာက အပိုအလိုမရှိ ဖော်ပြထားပေသည်။

ခေတ်၏ အချိုးအကွေ့၊ အနိမ့်အမြင့်များကို စာရေးဆရာသည် သူ့ကလောင်စွမ်းဖြင့် တစ်စပြီးတစ်စ ဆွဲထုတ်ပြသလျက်ရှိသည်မှာ အံ့ဝင်ခွင်ကျရှိပါပေ၏။

(၁၉)

အခန်း (၇) တွင် ဇာတ်ကောင်များ၏ ရင်းနှီးမှု အရှိန်မြင့်သည် ထက် မြင့်လာသည်ကို တွေ့ရ၏။

ဤစာပိုက်တွင် ညှိုသည့် တောရကျောင်းသို့ ဆွမ်းချိုင့်ပို့သည်။ နေ့စဉ် နေ့တိုင်း ဆွမ်းပို့သည်ဟု သိရသည်။ 'ဆွမ်းပို့တာ နောက်ကျ လှချည်လား' ဟူသော စကားကို ထောက်ချင့်ခြင်းအားဖြင့် ညှို ဆွမ်း အမြဲတမ်း ပို့သည်ကို တွက်၍ ရပေသည်။ ဇာတ်၏ အဓိကဇာတ်ဆောင်နှစ်ဦး ထိတွေ့ဆက်ဆံနေမှုမှာ လွန်စွာ အရေးကြီးသည်။

သူတို့နှစ်ယောက် တွေ့ဆုံရာမှ ပြောဆိုပုံများမှာ စာဖတ်ပရိသတ်အတွက် သက်ဝင်ယုံကြည်လာအောင် ဖမ်းယူရခြင်းဟု ယုံကြည်ရသည်။ စကားအချိတ်အဆက်၊ အပေးအယူတို့သည် သံယောဇဉ်မိုတွယ်မှု ဖြစ်စေ၏။

ထို့ထက်မက တစ်ယောက်နှင့်တစ်ယောက် ရင်ထဲမှာ သံမဏိ ကြိုးကလေးတစ်မျှင်ကဲ့သို့ ခိုင်မြဲစွာ ချည်နှောင်ဖို့ အထောက်အကူ ဖြစ်မည်ဟု ထင်ပါသည်။

စာရေးဆရာသည် ထိုအချက်ကို ကောင်းစွာ ဆုပ်ကိုင်ပြီး စာဖတ်သူ ရင်ထဲသို့ ပို့ပေးခဲ့ပေသည်။ မာလကာသီးခူးသည့် အပိုင်းမှာမူ ညီ့တို့၏ ရင်းနှီးမှုကို ပို၍ မြှင့်ပေးထားသည်ကို တွေ့မြင်ရသည်။

မာလကာသီးခူးရင်း ပျားတုပ်ခံရသည်။ မျက်နှာမှာ အဖု အပိန့်တွေ ထွက်လာသည်။ ပျားတုပ်ခံရလျှင် ထုံးတို့ထားရသည် ကို ညီ့ တွေးမိသည်။ ကျောင်းမှာ ထုံးမရှိ။ ညီ့တို့အိမ်မှာတော့ ထုံးရှိသည်။ အိမ်ခေါ်ဖို့ အကွက်ဝင်လာသည်။

စက်ဘီးနောက်ခုံပေါ်တွင် တင်၍ခေါ်လာခဲ့၏။ ဤသို့ ဇာတ် ကို ဆောင်ပို့လိုက်ရာမှ မိခင်ဒေါ်တင်တင်နှင့်ပါ ချိတ်ဆက်ပေး လိုက်သည် ဖြစ်ပါသည်။

ပျားတုပ်ခံရရာမှ ဖေသောင်းဖျားသည်။ ညီ့တို့သားအမိ နှစ် ယောက်က ပြုစုစောင့်ရှောက်ပေးသည်။ ဒေါ်တင်တင်ကမူ မောင်ဖေသောင်းအပေါ်၌ သားတစ်ယောက်လို သဘောထားကာ ကရုဏာဒေါသော ပြောရင်းပြုရင်းနှင့်ပင် ကြည့်ရှုရှာသည်။

နောင်သောအခါ၌ ညီ့တို့ မိသားစုအားလုံးနှင့်ပါ အကျွမ်း ဝင် ခင်မင်သွားရုံမျှမက ထိုအိမ်မှာပင် ညအိပ်ခွင့်ပင် ရရှိလာ သည်ကို တွေ့ရသည်။

စာရေးဆရာသည် သူ့ဇာတ်ကောင်ကို ဦးရွှေခင်၊ ဒေါ်တင်တင် နှင့် ညီ့တို့ အသိုင်းအဝိုင်းထဲ ဝင်ဆံ့လာအောင် တဖြည်းဖြည်း ပို့ဆောင် ပေးနိုင်ခဲ့သည်ဟု ယူဆရပါပေသည်။

မင်းလက်ရာစာပေ

## (၂၀)

စာရေးဆရာက သူ့ဇာတ်ဆောင် နှစ်ဦး၏ လှုပ်ရှားမှု အပိုင်းများကိုသာ ဖော်ပြနေလို့ မဖြစ်သေးပါ။ သံယောဇဉ် အတွယ်အတာ အယုအယချည်း ဖော်ပြနေရုံမျှနှင့် ဇာတ်သည် အိုင်သွားမည်ကို စိုးရိမ်ရသည်။

ရည်မှန်းချက် လမ်းလွဲသွားနိုင်သည်။ သမိုင်းလမ်းကြောင်း ငတ်သွားနိုင်သည်။ ဥပမာ ကိုဖေသောင်းနှင့် ညိုတို့၏ အဓိက ဇာတ် တစ်ခုသာ ဖြစ်သွားလိမ့်မည်။ ဝတ္ထုအင်္ဂါရပ်နှင့်မညီ။

ထိုအချက်ကို စာရေးဆရာသည် ကောင်းစွာ သိသည်။ လိုသည့် နေရာတွင် အရံဇာတ်ဝင်များကို ဖြည့်ရပေလိမ့်မည်။ ယင်းသို့ ဝင်လာသည့် အရံဇာတ်ဝင်သည် ဝတ္ထု၏ ကျောရိုးတွင် မည်မျှ အကျိုးပြုမည်ကို ကြိုတင်ပြင်ဆင်ထားပြီးသား ဖြစ်ပေသည်။

အခန်း (၉) တွင် ဇာတ်ဖြည့်အင်အား နှစ်ဦးကို စာဖတ်သူအား မိတ်ဖွဲ့ပေးထားသည်။ ထွန်းသက်နှင့် သူရတို့ ဖြစ်သည်။ ဖေသောင်း၏၊ ယုံကြည်အားကိုးရသော ရဲဘော်များဖြစ်သည်။ သူတို့ သုံးဦးသည် ယုံကြည်ချက်တူသည်။ တိုက်ပွဲတူသည်။ သတ္တိနှင့် ဇ, ရှိသူများ ဖြစ်ကြသည့် လူငယ်များ။ သူတို့၏ စကားသံကို နားထောင်ကြည့်ပါလေဦး...။

*"လူတွေကို ဘာကြောင့် လုပ်ရမယ်ဆိုပြီး စည်းရုံးဖို့ မလိုလှဘူးကွ။ ဘယ်လိုလုပ်ကြမလဲဆိုတာပဲ ငါတို့ကို မေးနေကြတယ်"*

*ထွန်းသက်စကားကို သူရ ခေါင်းညိတ်ထောက်ခံရင်း...*

*"အေး... ငါတို့ဘက်က နောက်တစ်ပွဲ ဒီထက်ပိုပြီး ကျယ်ပြန့်အောင် ဆင်နွှဲနိုင်ဖို့ပဲ" ဟု သုံးသပ်၏။*

တိုက်ပွဲအတွက် သူတို့ ကြိုတင်ပြင်ဆင်ထားဖို့ အရေးတကြီး လိုအပ်နေကြောင်း တိုင်ပင်သည်။ ငယ်ရွယ်သူကျောင်းနေဘဝဖြစ်ကြသော်လည်း သူတို့ ကျောင်းခန်းထဲ၌ မနေနိုင်။ မနေခဲ့ရ။ သူတို့ တိုက်ပွဲသည် မပြီးဆုံးသေး။

*"မိုးဦးကျရင်တော့ ကျောင်းပြန်ဖွင့်မှာပဲ။ ငါတို့ ဒီအတောအတွင်း ရသလောက် လိုက်ချိတ်ထားရမယ်"*

မင်းလက်ရာစာပေ

*"ဟော့ကောင် ဖေသောင်း။ မင်းတော့ ပြန်လို့ မဖြစ်သေးဘူးကွ။ မင်းတို့ အရပ်လူကြီးက သိပ်မဟန်ဘူး"*

*"ဒါဆိုလည်း ငါဒီကပဲ စည်းရုံးနှိုးဆော်စာတွေ ရေးနေမယ်ကွာ၊ ဒီမှာ အကြမ်းရေးထားတာ ဖတ်ကြည့်ဦး"*

ထိုစကားသံများသည် မျိုးဆက်သစ် လူငယ်တို့၏ ရင်ထဲက အသံဖြစ်သည်။ ထိုစဉ်က လူတိုင်းပင် ကျားခြေရာလည်း ကြောက်ရ၊ ကျားချီးလည်း ကြောက်ရသည့် အချိန်ဖြစ်သည်။ မလိုရင် မလိုသလို ဘိန်းပစ်ဖမ်းသည့် လက်ကိုင်တုတ်အရပ်လူကြီးများအား ခေါင်းထောင် မကြည့်ဝံ့သလောက်ရှိခဲ့ကြရပေသည်။

ငြိမ်ဝပ်ပိပြားနေရုံသာမဟုတ်။ ခေါင်းကိုပါ ထုနှက်ထားသဖြင့် နာလန်မထူနိုင်လောက်အောင်ပင်။

* * *

စာရေးဆရာသည် သူ့ဝတ္ထုအတွက် လိုအပ်သော ဇာတ်ရံကို ထည့်ပြီးနောက် လူကြမ်းမပါရင် မပြီးဟုလည်း သိထားသည်။ ဗီလိန်ကို ထည့်ဖို့ကိုလည်း အံဝင်ခွင်ကျဖြစ်အောင် စဉ်းစားထားမှ။ ထိုဗီလိန်ထည့်သွင်းရာ၌ ထည့်ချင်သလို ထည့်မဖြစ်။ ခေတ်နှင့်

လျှော်ညီသော သမိုင်းအမှန်အကန်၌ရှိသော တကယ့်ပကတိ အရှိကို ထည့်မှ ဖြစ်မည်။

အချို့ပါ လူတို့သည် လောက၌ မရှိမဟုတ်။ အမှန်တကယ်ရှိနေ၊ ရှိနေဆဲဖြစ်သည်။ ဘယ်သူ ဘာဖြစ်ဖြစ်၊ ငတောမာ ပြီးရောဆိုသော လူ့အတ္တအချောင်သမားများသည် ရိုက်သတ်လို့ မကုန်။ ထိုအထဲတွင် အုန်းသိန်းတို့ သားအဖလည်းပါသည်။ အုန်းသိန်းသည် ညို့ကို သဘောကျနေသည်။ အဖေက အရပ်လူကြီး၊ ဂုဏ်ရှိ၏။ ပစ္စည်းဥစ္စာချမ်းသာ၏။ တိုက်ရှိ၏။ ထိုအရှိန်အဝါများကြောင့် အုန်းသိန်း ညို့ကို အလွယ်နှင့်ရနိုင်လိမ့်မည်ဟု သွေးနားထင်ရောက်နေသည်။

သို့ရာတွင် ညိုက အုန်းသိန်းကို စိတ်မဝင်စား။ အလုပ်အကိုင် မယ်မယ်ရရ မရှိ၊ ပညာမရှိ။ လူ့ပေါ်ကြော့မို့ ခပ်ရှောင်ရှောင်နေသည်။ တစ်ခုသော သင်္ကြန်ရက်တွင် မုန့်လုံးရေပေါ်လုံးကြသည်။ ညိုလည်း ပါသည်။ မခင်အေးလည်း ပါသည်။ ထိုပွဲတွင် အုန်းသိန်းက ညိုကို ရေလောင်းမည်ဟု ကြံရွယ်ထား၏။ ညိုနှင့် မခင်အေးတို့က ရုတ်တရက် ပြန်သွားကြသည်။ အုန်းသိန်း ရေမလောင်းလိုက်ရ။

မကျေမနပ်ဖြစ်လျက် နေသည်။ နောက်အိမ်အထိ လိုက်ချောင်းသည်။ နောက်ဖေးဆူးချုံကြားထဲ တိုး၍ ချောင်းသောအခါ၌ ညိုက တစ်ဦးတစ်ယောက်အား အိုးမည်းဖြင့် သုတ်လိုက်သည်ကို တွေ့လိုက် ရတော့သည်။

မင်းလက်ရာစာပေ

တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် အိုးမည်းသုတ်ကာ ရင်းရင်းနှီးနှီး ပျော်ရွှင်နေသည်ကို မြင်တွေ့လိုက်ရလေသည်။ ထိုသို့ လာချောင်းသော အုန်းသိန်းကို နှီးထိုင်ဖြာနေသော အဘမောင်ကို မြင်လိုက်သည်။ ဒီကောင် ဒီအထိ လာချောင်းပါကလားဟု တွေးမိပုံကို အားဖြည့်ထားလေသည်။

* * *

အုန်းသိန်း ထိုမျှနှင့် တင်းမတိန်။ မခင်အေးထံသွား စုံစမ်းသည်။ ရင်ထဲထိတ်သွားသော်လည်း မခင်အေး ဣန္ဒြေရရ ဖြေလိုက်သည်။ 'တောကလာတာပါ။ တကယ့်ကိုကား မမြင်ဘူး၊ ရထားမမြင်ဘူးတဲ့ နေရာက'ဟု ဖြေသည်။ ထပ်ဆင့်၍လည်း 'အလကားပါဟာ သိပ်ပြီး ကျပ်ပြည့်တာတောင် မဟုတ်ဘူး' ဆိုပြီး အုန်းသိန်းကို လှည့်စားပထုတ် လိုက်သည်။

မင်းလက်ရာစာပေ

(၂၃)

အုန်းသိန်း၏ ပြဿနာမှာ သေးလှသည်မဟုတ်။

သကြန်ရေကို ညို့အိမ်သို့ ရောက်လာပြီး ရေလောင်းဖြစ်အောင် လောင်းသည်။ ထိုနောက်ပိုင်း၌ ညိုတို့ အိမ်ပတ်ဝန်းကျင်တွင် လာလာချောင်းသည်။ ကိုဖေသောင်းနှင့် ညိုတို့ ဘူးစင်အောက်တွင် တစ်ယောက်နှင့် တစ်ယောက် ဘူးသီးအကြောင်းပြောရင်း ဆိုရင်း ပုတ်ခတ် ကျီစယ်နေသည်ကို တွေ့သွား၏။ ခြေ၌ ခရာဘူး စူးသည့်ထက် အသည်းမှာ စူးသော အချစ်စူးက ပို၍ နာသည်ဟု ထင်သည်။

ထိုကဲ့သို့သော အခြေအနေ အရပ်ရပ်ကြောင့် မမအေး (ခေါ်) မခင်အေးက နှစ်ယောက်စလုံးကို သတိပေးသည်။ အုန်းသိန်းကို လျှော့ မတွက်ရန် အထပ်ထပ် မှာကြားသည်။

အုန်းသိန်း ဖခင်မှာ အရပ်လူကြီးပြီးတော့ ပေါက်ရောက်

သည်။ ပါဝါလည်း ပြသည်။ ဒီအချက်များကြောင့် အနေအထိုင် အဆက် အသွယ် အစစ အရာရာ ဆင်ခြင်ကြဖို့ တိုက်တွန်းသည်။ ဤသို့ သုံးဦးသား ပြောဆို ဆွေးနွေးပုံများမှာ စိတ်ဝင်စားလာအောင် ဆွဲဆောင်ထားပေသည်။ စကားလုံး ကြွယ်ကြွယ်သုံးထားပြီး ဇာတ်ကောင်များ၏၊ စရိုက်ကို ဖော်ပြထားလေသည်။ ဖေသောင်းနှင့် ညိုတို့ကြားတွင် အုန်းသိန်းမည်ကဲ့သို့ ထိုးဖောက်ဝင်ရောက်လာလေမလဲဟူသော ဗျာပါရကို စာရေးဆရာက မသိမသာ တို့ထိပေးလိုက်ဟန်ရှိလေသည်။

* * *

အုန်းသိန်း၏ အန္တရာယ် မသေးသည်ကို မခင်အေးရော၊ ညိုပါ သိသည်။ ကိုဖေသောင်းနှင့် ညိုတို့ သံယောဇဉ်တွယ်မိသည့် နောက်ပိုင်း၌ အုန်းသိန်းကို အထူးသတိထားနေကြရသည်။

မထား၍ မဖြစ်၊ အုန်းသိန်းဆိုသည့် လူစားက မိုးကြိုးပစ်တောင် ကွာမည်မဟုတ်ဟု ညို နားလည်ထားသည်။ တစ်ခါ ညို တောရကျောင်းသို့ ဆွမ်းချိုင့် ပို့သွားရင်း လမ်း၌ အုန်းသိန်းနှင့် တိုးနေသည်။ ဘယ်လဲဟု မေးရင်း ညို့နောက်သို့ လိုက်ဖြစ်အောင် လိုက်ခဲ့ဖူး၏။ ညိုက ကိုဖေသောင်းကို မျက်စမျက်နဖြင့် ရှောင်ပုန်းနေဖို့ သတိပေးခဲ့ ရဖူး၏။

ခင်စစ်ဆိုလျှင် 'မလိုက်နဲ့လို့' ညို မတားဝံ့။ တားလိုက်မိပါက အုန်းသိန်းကြောင့် ပြဿနာတွေ မီးနိုးကြွက်လျှောက်

ဖြစ်ကုန်မှာ စိုးရိမ်သည်။ ထို့ကြောင့် မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူဆိုသလို ဆက်ဆံနေရသည်။

စာရေးဆရာသည် သူ့ဇာတ်ကောင်အား ဤသို့ဖြင့် ဘေးကျပ်နံကျပ်ဖြစ်အောင် ချုပ်နှောင်ထားသည်ကို တွေ့ရပေသည်။

မင်းလက်ရာစာပေ

(၂၂)

တစ်ခါကလည်း ဘူတာတွင် ဖေသောင်းတို့အဖွဲ့ဆုံဖို့ရှိသည်။ ထွန်းသက်နှင့် သူ့ရ ရောက်လာကြမည်။ ဒါကို ညိုသိသည်။ သို့သော် ထိုစဉ်က အုန်းသိန်းသည် ဘူတာတွင်းရှိ လက်ဖက်ရည်ဆိုင်တွင် ထိုင်လျက်ရှိ၏။

တစ်နေကုန်ထိုင်မည့်ပုံ။ မလွယ်ကြောပေ။ သူတို့အဖွဲ့ရောက်လာလျှင် ကျားရှေ့ သမင်ဖြတ်လျှောက်သလို ရှိမည်။ ကျားစာဖြစ်သွားနိုင်သည်။ ကျားကို နေရာရွှေ့မှ ကျားမရှိမှ သမင်ချမ်းသာ လိမ့်မည်ဟု ညိုတွေးသည်။

ထို့ကြောင့် ညို အုန်းသိန်းကို တစ်နေရာသို့ ပ, ထုတ်သွားရ၏။ စက်ဘီးငှားချင်ယောင်ဆောင်သည်။ ဈေးကြီးဘက်သွားချင်သည်ဟု ဆိုသည်။ သကောင့်သားကလည်း ဒီအခွင့်အရေးကို လက်လွှတ်မခံ။ လိုက်ပို့ပေးသည်။

မင်းလက်ရာစာပေ

ထိုအချိန်တွင် ဖေသောင်း၊ သူရနှင့် ထွန်းသက်တို့ တွေ့ဖြစ်သွား၏။ ဖေသောင်းက လက်ကမ်းစာစောင်ကို ပေးလိုက်သည်။ 'အေး၊ ကောင်းတယ်။ ဒါကို ကော်ပီဆွဲပြီး အများကြီး ထုတ်ဖြန့်ရမည်။ အခု ငါတို့မှာ စက္ကူအလှူရှင်ရှိနေပြီကွ။ သူရတို့ဆီက စက်နဲ့ ခိုးခိုး လှည့်နေတာ။ ရတာနဲ့ ငါတို့ လျှောက်ဖြန့်တာပဲ' ဟု ဆိုသည်။

ညနေစောင်း ရထားလာမှ ပြန်သွားကြ၏။

* * *

ညို့ မလိမ့်တစ်ပတ်လုပ်ကာ အုန်းသိန်းကို ပ၊ ထုတ်သွားရသည့် အဖြစ်ကို ဖေသောင်းမသိ။ သူ့တိုက်ပွဲစာတန်းများ ပေးလိုက်ရသည်ကိုသာ ကြည်နူးဝမ်းမြောက်နေသည်။

မခင်အေးက ဒီအကြောင်းတွေကိုသိသည်။ ဖေသောင်းဝမ်းသာနေသလို မခင်အေး မခံစားနိုင်။ အုန်းသိန်း အောင်ပွဲခံကြွားဝါနေသည်မှာ အန္တရာယ်တစ်ခုလို မြင်သည်။

အုန်းသိန်းက အရပ်ထဲတွင် 'ညိုက အုန်းသိန်းကို ကြည်သွားပြီ'ဟု မဟုတ်မဟာတ် သတင်းလွှင့်သည်။ ထိုအကြောင်း ကိုဖေသောင်း သိအောင် ရှင်းပြလိုက်သည်။

ဒီကိစ္စမှာ ဖေသောင်း တရားခံလိုဖြစ်နေသည်။ ထိုနေ့က ညို့ကို ဖေသောင်း ပြောမိသည်။ 'ကိုယ်တို့အဖွဲ့တွေ ချိန်းထားတယ်။ အုန်းသိန်း ရန်ကရှင်းအောင် ဘယ်လိုလုပ်ရမလဲ' ဟူသော

စကားပဲဖြစ်သည်။ ထိုစကားကြောင့် ညို့ အုန်းသိန်းကို လှည့်ထုတ်သွားခြင်း ဖြစ်သည်။ ဒီလိုဖြစ်သည်ကို ညို့ မိဘများ မသိ။ ညို့ကို ဆူသည်။ ညို့က ဝန်ခံဖြေရှင်းခဲ့ရသည်။

မခင်အေးက ညို့ ဖြေရှင်းချက်ကို ဘဝမကျ။ ထို့ကြောင့် ဖေသောင်းကိုပါ ဆူသည်။ သတိပေးသည်။

*"တစ်ခုတော့ အလေးအနက် စဉ်းစားတာပေါ့။ ရှင်ဟာ တောသား အယောင်ဆောင်ထားတဲ့ နောက်ကြောင်း တစ်ခုကို ဖုံးကွယ်ထားသူဆိုတာ အုန်းသိန်း အသေအချာ သိနေတယ်။ ဗိုးစင်အောက်က ရှင့်စကားတွေကို သူမှတ်မိခဲ့တယ်ဆိုတာ မမေ့နဲ့"*

ဟု မခင်အေးက တိုက်တွန်းသည်။ ဖေသောင်း နှောင်တရသည်။ ညို့ ဂုဏ်သိက္ခာ ထိခိုက်မည့် အလုပ်မျိုးမလုပ်ပါ့ဟု တောင်းပန်၏။ မခင်အေး၏ မိန်းမသားတို့၏ ဘဝအနေအထားကို ပြောပြရာတွင်...

*"တစ်ခါတစ်ခါ ရှင်တို့ယောကျ်ားတွေဟာ မိန်းမသား ဆိုတဲ့၊ အတိမ်းအစောင်းမခံတဲ့ ဖြစ်တည်မှုကို လေးနက်ဖို့ မေ့နေတတ်တယ်။ ဘာနဲ့တူသလဲဆိုတော့ ရေစိုရင် ပျက်တတ်တဲ့ ရေဆေးပန်းချီကားကို မိုးရွာထဲ ခေါင်းပေါ်တင်ဆောင်ပြီး ကိုယ်လိုရာ ခရီးသွားသလိုပေါ့"*

ဟူ၍ ဖြစ်သည်။

မင်းလက်ရာစာပေ

ညို့နှလုံးသားတွင် ဆေးမှင်ရည်များ စွန်းထင်း မကျန်ရစ်မည်ကို မခင်အေး စိုးရိမ်ပူပန်စကား ဆိုခဲ့ပေပြီ။

* * *

ဇာတ်မပေါင်းခင် ဇာတ်ခေါင်းကွဲဖို့ကို စာရေးဆရာက ဖန်တီးလိုက်ပြန်သည်။ စာဖတ်ပရိသတ်၏ ရင်ထဲ ဟာတာတာ ဖြစ်အောင် လုပ်လိုက်သည်။ ဒီဖမ်းစားချက်သည် ထိထိမိမိ ရှိနေသည်ဟု ထင်ပါသည်။

တစ်နေ့ ညို တောရကျောင်းသို့ ဆွမ်းချိုင့်ပို့ ရောက်သွားသည်။ ဖေသောင်း ညို့ကို မေးသည်။ ညို အဆူခံရသည်ဟု မေးသောအခါ၌ ညိုက...

*"ရပါတယ်။ အမေတို့က ညို့ကို ယုံတယ်။ အဲသလို မလုပ်ရဘူးဆိုတဲ့ သဘောပဲ ပြောတာပါ"*

ဟု ဆိုသည်။

သို့ပေသည့် နှစ်ယောက်စလုံး၏ ရင်၌ စိုးရွံ့တွေက ပြေပျောက်မသွား။ အန္တရာယ်ခပ်သိမ်း၊ ဘေးခပ်သိမ်းတို့သည် တစ်နေ့သောအခါ၌ ထိုးဖောက်ဝင်ရောက်လာမည်ကို သိနေကြ၏။

*"ဘာပဲဖြစ်ဖြစ် ညိုရယ် ကိုယ့်အတွက် ဖြစ်ရတာမို့ ကိုယ့်မှာပဲ တာဝန်ရှိတယ်။ ဒါပေမဲ့ နောက်တစ်ခါ ဖြစ်စရာအကြောင်း မရှိတော့ပါဘူး။ ကိုယ်ဒီဒေသက စွန့်ခွာ ပါတော့မယ်"*

မင်းလက်ရာစာပေ

ဟူသော ရင်၌ ထိရှစရာ စကားတစ်ခွန်းကို ဖေသောင်း ပြောရလေပြီ။ မတတ်သာ ခပ်ခွာခွာနေကြရဦးမည်။ ဒီကာလ အတိုင်းအတာမှာ မည်ရွေ့မည်မျှ ကြာမည်ကို ဘယ်သူမှ အတတ် မသိနိုင်။

'ကိုယ့်အလုပ်ကို စဉ်းစားကြည့်တယ် ညို။ သံယောဇဉ်ကို အလိုလိုက်လို့ မရဘူး။ အစာထက် အသက်ကို တန်ဖိုးထားရမယ့် ငှက်လိုဖြစ်နေတယ်။ ညိုနဲ့ကိုယ် ဒီလိုပဲတွေ့နေကြရင် တစ်နေ့ မဟုတ် တစ်နေ့ အန္တရာယ်က ခြေရာခံပါလိမ့်မယ်။ အထူးသဖြင့် သူရတို့လာရင် ကိုယ်တို့ အပေးအယူလုပ်တဲ့ စာစောင်တွေက လူမိလို့ မဖြစ်ဘူး။ မသင်္ကာလို့ ကြည့်မယ်ဆိုတဲ့ အခြေအနေကို ရောက်လို့ မဖြစ်ဘူး' ဟု လွမ်းမောဖွယ် ပြောဖြစ်သည်။ ထိုစကား လုံးများသည် နှစ်ဦးသား၏ ရင်ကိုသာမျှမဟုတ်။ စာဖတ်သူ၏ ရင်ကိုပါ ထိမှန်ရပေသည်။

အမှောင်သည် တဖြည်းဖြည်း မှုန်းကျုပ်လာပြီဖြစ်ကြောင်း မီးမောင်းထိုးပြထားလေပြီ။ အုန်းသိန်းကိုယ်တိုင်က ဖေသောင်းမှာ တောသားမဟုတ်ကြောင်းကို သဘောပေါက်နေသည်။ ညိုကို ဈေးကြီး လိုက်ပို့တုန်းက အတင်းအကျပ် မေးခဲ့ဖူး၏။

ဖေသောင်း အနေနှင့် အဖမ်းမခံနိုင်ချေ။ ရှေ့ဆက်ရမည့် တိုက်ပွဲများက ရှိနေသေးသည်။ အောင်ပွဲခံသည်အထိ တိုက်ပွဲဝင် နေရဦးမည်။

ထို့ကြောင့် သူရှောင်သွားတာအကောင်းဆုံး။

မင်းလက်ရာစာပေ

*"မနက်ဖြန်ပဲ သွားတော့မယ်လေ။ သန်ဘက်ခါ ဆိုရင် သူရတို့လာကြဦးမှာပါ။ သူတို့မလာခင် သူတို့ ဆီ ရောက်အောင် သွားရမယ်။ သူရတို့နဲ့ပဲ နေပြီး ကျောင်းဖွင့် ချိန်အထိ ကြိတ်လှုပ်ရှားနေရမှာပဲ။ ညို့ကို တော့ အခုကတည်းက နှုတ်ဆက်တယ်နော်"*

ဟု ရင်နှင့်ဖွယ်စကားဖြင့် နှုတ်ဆက်သံကို ကြားလိုက်နိုင် သည်။

အဆုံး၌ ဖေသောင်း၏ စကားတစ်ခွန်းကို စာရေးဆရာက ထိမိစွာ ဖြည့်သွင်းလိုက်ပါသေးသည်။ "... တွေ့တုန်း ဆုံတုန်းမှာ ကိုယ့်အပေါ် စိတ်ချမ်းသာစရာတွေချည်းပေးခဲ့တဲ့ ညို့ကို ကိုယ် ကျေးဇူးလည်း တင်ပါတယ်။ ကိုယ်တို့ပြန်ဆုံကြတဲ့အခါ ဘယ်သူ က ပိုသတိရလည်းဆိုတာ ပြောခွင့်ရပါရစေလို့သာ ကိုယ်ဆု တောင်းပါတယ်" ဟူ၍...

(၂၃)

ဆရာဇော်ဂျီ၏ အဆိုအမိန့် ရှိခဲ့ဖူးပါ၏။ ဆရာက 'ရသစာပေ ပုံသဏ္ဌာန် ပြဿနာ' ဟူသော ဆောင်းပါး၌...

*''စာပေအရာ၌လည်း (၁) အသိကိုပေးသော အသိပေး စာပေဟူ၍လည်းကောင်း၊ (၂) စေတနာကို နှိုးဆော်သော စေတနာနှိုး စာပေဟူ၍လည်းကောင်း ရှိသည်ဟု သိသင့်ပါသည်။ ရေးပုံရေးဟန်ရှိသော စာပေသည် အခြားမဟုတ်။ ဆိုခဲ့သော စေတနာ နှိုးစာပေ (ဝါ) ရသစာပေ ဖြစ်ပါသည်။ ရသစာပေ၌ ရေးပုံရေးဟန် ရှိရခြင်းသည် ပရိသတ်၏၊ စေတနာကို နှိုးဆောက်ရသော အလုပ်ကို လုပ်ရသောကြောင့် ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ပရိသတ်အား နှစ်သက် ခြင်းကို ဖြစ်စေလျက် ထိုနှစ်သက်ခြင်းနှင့် တစ်ပါ*

*တည်း ဘဝအသိတစ်ခုသည် ပရိသတ်၏ စိတ်၌ အလို
အလျောက် ဝင်ရောက်လာအောင် အလုပ်လုပ်ရသော
ကြောင့် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။”*

ဟူ၍ ရေးသားခဲ့ဖူးပါသည်။

ယခုဝတ္ထုတွင်လည်း စာရေးဆရာသည် သူ့ဇာတ်ကောင်တို့ကို စရိုက်ပေါ်လွင်အောင် ခြယ်မှုန်းရင်း စေတနာ၊ အနစ်နာခံမှုများဖြင့် ပရိသတ်ကို တဖြည်းဖြည်း အသိပေးထားသည်ဟု ယူဆရပါပေသည်။

ညီနှင့် ဖေသောင်းတို့သည် နောက်ဆုံး၊ သို့မဟုတ် ခွဲခွာရတော့မည့် အချိန်ပိုင်းရောက်လာပြီဟူ၍ ရေးပြလိုက်သောအခါ စာဖတ်သူ၏ ရင်တွင်း၌ နာကျင်ထိရှသွားစေပါသည်။

လူတို့သည် ခေတ်တစ်ခေတ် သားကောင်များအဖြစ် လည်စင်း ခံနေရသည်ကို မုန်းတီးလာစေပြီး ထိုဘဝမှ လွတ်မြောက်မှုကို တမ်းတမ်းတတ မျှော်လင့်လာပါတော့သည်။

* * *

ဖေသောင်းမှာ ကြားထားခဲ့သည့်အတိုင်း ရောင်နီနုမသန်းမီ ရောက်လာသည်။ ညီ့မိဘနှစ်ဦးကို ရိုသေစွာ ထိုင်ကန်တော့သည်။ ကျေးဇူးတင်စကားပြောသည်။

တကယ်ခွဲခွာသွားတော့မည်ကို သိလိုက်ရသော ဦးရွှေခင်က ဝမ်းနည်းခြင်းတစ်ဝက်၊ ဆုံးမသတိပေးခြင်းတစ်ဝက်ဖြင့်...

မင်းလက်ရာစာပေ

*"အေးကွာ... မင်းတို့ကလည်း ဆက်လှုပ်ရှားနေတော့ ဒီအခြေအနေ ရောက်လာတာကိုး။ နေရာရွေ့ရပြီပေါ့ကွာ။ ဘယ်ပဲရောက်ရောက် ဉာဏ်ပညာရှိရှိ ပြုမူနေထိုင်ပါ။"*

ဟု လူကြီးစကားဆိုလေသည်။

ဖေသောင်းသည် လူကြီးသူမစကားများကို နားထောင်ပြီးနောက် ရထားဆိုက်ခါနီး၍ မီးဖိုချောင်ထဲ၌ ထမင်းကြော်နေသော ညီ့ကို ဝင်နှုတ်ဆက်သည်။ ညီက ကြော်လှော်ရင်း တစ်ဖက်မှ **'ခဏလေးနော်'** ဟု ဆိုလိုက်ရာ ဖေသောင်းကလည်း...

*"ထားလိုက်စမ်းပါ ညီရယ်။ ဒီအချိန်မှာ ညီ အလုပ်ရှုပ်ပြီး ကြော်နေတာကို ကိုယ်မစားရက်ဘူး။ တစ်မျိုးကြီးပဲ"*

ဟု ဝမ်းနည်းကြေကွဲစွာဆိုသည်။ ညီက ရင်ဘတ်ထဲမှာ ပူဆာ ဆာကြီးဟု ခံစားချက်ကို ထုတ်ပြလိုက်သည်။ ထိုနောက် ဘူးစင်အောက် သွားကြသည်။ ဘူးသီးပုပ်ကလေးတွေကို အကြောင်းပြုလျက် အလွမ်းစကားပြောဖြစ်ကြသည်။

**'ကိုယ့်ကြောင့် ပုပ်သွားတဲ့ ပျော်ရွှင်ခြင်းတစ်ခုကိုတော့ ကိုယ်ကြည့်ပြီး နောင်တရနေပါ့မယ်'** ဟူ၍ နောက်ဆုံး ရင်နာနာဖြင့် နှုတ်ဆက်ခွဲခွာထွက်သွားသူကို ညီမျက်စိတစ်ဆုံး ငေးကြည့် ကျန်ရစ်ခဲ့သည်။

မင်းလက်ရာစာပေ

ရထားပေါ်က လက်ပြနှုတ်ဆက်နေသော်လည်း ညိုလက်ပြခြင်း မပြု။ ပေကပ်ကပ်နေသည်။ လက်နှစ်ဖက်ကို နောက်ပစ်လျက် ကုတ္တိုပင်ကို မှီကာ အရုပ်တစ်ရုပ်လို မလှုပ်မခြောက် ကျန်ရစ်ပုံကို မျက်စိထဲ ကွင်းခနဲ ကွက်ခနဲ မြင်အောင် ဖော်ပြလိုက်ပေသည်။

မင်းလက်ရာစာပေ

စာတ်ကို ဤသို့ဖြင့် မသိမ်းသေးပါ။ တိုက်ပွဲသည် မပြီးဆုံး သေး။ ဆက်၍ နွဲရဦးမည်ဖြစ်သည်။ မိုးဦးကျ ကျောင်းများ ဖွင့်သောအခါ၌ ကျောင်းတော်သားများ ကျောင်းထဲတွင် ပြန်လည် စုမိကြသည်။

ဖေသောင်းတို့ အုပ်စုတွေ ပြန်လှုပ်ရှားသည်။ စာအုပ်အလှူ ခံသူခံ၊ ရံပုံငွေရှာသူရှာ၊ ကြွေးကြော်သံ ရေးသူရေးဖြင့် အလုပ်ရှုပ် နေသည်။

မခင်အေးသည် ကိုဖေသောင်းဟို သွားရှာသည်။ တွေ့သည်။ ဖေသောင်းမှာ သူ့အလုပ်နှင့် သူရှုပ်နေသည်။ မခင်အေးကို တွေ့ပါ လျက် ညီ့သတင်းကို မမေးရကောင်းလားဟု ဒေါပွသည်။ ရှင် တော ဘူတာကလေးကို မေ့သွားပြီလားဟုလည်း စကားနာထိုး သည်။ စာကလေးတစ်စောင်တောင် မထည့်ရကောင်းလားဟု

လည်း ရှန်တွေ့သည်။ လိပ်စာမသိရင် ရုံပိုင်ကြီးဆို မရောက်ဘဲ နေမလားဟုလည်း အပြစ်ဆိုသည်။

ဖေသောင်းကား အေးအေးပင်။ ရေးပါ့မယ်ဟု ပြောရင်း လုပ်လက်စအလုပ်ကိုသာ မဲလုပ်နေသည်။

* * *

ဒီအခန်းသည် စာရေးဆရာအတွက် အရေးကြီးပိုင်း ဖြစ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဇာတ်ကောင်များ၏ စရိုက်သဘာဝများကို သလဲသီးကဲ့သို့ သူ့အကန့်နှင့်သူ၊ သူ့အကွက်နှင့်သူ အံ့ဝင်ခွင်ကျ ချထားခဲ့ပြီးဖြစ်သည်။

ကြည်နူးခြင်း၊ လွမ်းမောခြင်း၊ ပေါက်ကွဲခြင်း၊ မကျေနပ်ခြင်းတို့ကို အချိုးကြပေးခဲ့သည်။ သူ့စရိုက်၊ သူ့အထာတို့ကို တာဝန်ကျေကျေ ပေးဆောင်ခဲ့ပြီးနောက် ဝတ္ထုခေါင်းစဉ်၏ အဓိက သော့ချက်ကို ဖွင့်လိုက်သည်ကို တွေ့ရသည်။

ဖွင့်ပုံမှာ...

*"အလှူခံဖို့ လာနေတယ်"*

ဟူသော စကားနှင့်ဖွင့်သည်။

တိုက်ပွဲသည် မပြီးဆုံးသေးပါ။ လှုပ်ရှားမှုအတွက် အားလုံးပင် အချိုးကျ ယူထားရသည်။ ထိုနေ့က ဖေသောင်းတို့ အုပ်စုသည် အဆောင်တွေဘက် အလှူခံထွက်သည်။

မခင်အေးသည် အလှူခံဖို့လာနေတယ်ဟူသော အသံကြောင့်

မင်းလက်ရာစာပေ

ပိုက်ဆံအိတ်ထဲက ပိုက်ဆံဆွဲထုတ်၍ အဆောင်ပေါ်မှ ပြေးဆင်းခဲ့သည်။ ဝေဖာတစ်ထုပ်ဝယ်သည်။

တောင်းတစ်လုံးကို ဝါးလုံးလျှိုထမ်း၍ လာနေကြသော ဖေသောင်းနှင့် သူရကို တွေ့လိုက်ရသည်။

မခင်အေး ရင်၌ တင်းခနဲဖြစ်သွားသည်။ ဝေဖာထုပ်ကို တောင်းထဲထည့်ရင်း 'ရှင်မစားနဲ့' ဟု ဆူအောင့်အောင့်ကြီး ပြောသည်။ ဖေသောင်းက ဝေဖာ ကျွန်တော် ကြိုက်တယ်ဗျ၊ စားမှာပဲ ဟု နောက်သည်။

ကျေနပ်မှု မရှိသော မခင်အေးက ဒီလိုမှန်းသိရင်ရှင့်အတွက် မှန်တစ်ချပ် လှူလိုက်ချင်တာဟု ဆိုသည်။ သူနားမလည်။ ဘာလုပ်ဖို့လဲဟု ဆိုသည်။ ကျွန်တော့် ရုပ်ရည်လှပတာ ကျွန်တော် သိပြီးသားပဲဟု ပြောသည်။

မခင်အေးကား စိတ်တိုနေဆဲ။ ပက်ခနဲပြန်ပြောသည်မှာ...

*"ရှင့်ရုပ်ကို ပြန်ကြည့်ဖို့ မဟုတ်ဘူး။ ကျောခိုင်းရာမှာ ဘာတွေဖြစ်ကျန်ခဲ့မှန်း မသိသူအတွက် နောက်ကြည့် မှန်တစ်ချပ်လှူချင်တာ"*

ဟူသတည်း။

မင်းလက်ရာစာပေ

(၂၅)

စာရေးဆရာသည် သူ့ဝတ္ထုကို 'နောက်ကြည့်မှန်' ဟု ခေါင်းစဉ်ပေးခဲ့လေပြီ။

မှန်ပါသည်။ ကျောခိုင်းသွားသူများအတွက် နောက်၌ ဘာတွေဖြစ်ကျန်ရစ်သလဲ၊ ဘာတွေနစ်နာခဲ့သလဲစသော အဖြစ်သနစ်ကို ပြန် မကြည့်တတ်သူတို့အဖို့ နောက်ကြည့်မှန်တစ်ချပ် လိုအပ်သည်မှာ အမှန် ဖြစ်သည်။

လူမှန်လျှင်၊ လူစိတ်ရှိလျှင် မိမိပြုခဲ့သော ကိစ္စဝိစ္စအများ အမှန်ကို သုံးသပ်ဝေဖန်၍ တာဝန်ယူရမည် မဟုတ်ပါလား။

* * *

ဤတွင် ဇာတ်က အဆုံးမသတ်သေးပါ။

စာရေးဆရာသည် သူ့ဇာတ်ကောင်များ၊ အရံဇာတ်ဆောင်များ၊ ဇာတ်ပို့များ၊ လူကြမ်းဇာတ်ကောင်များကို မွေးခဲ့ပြီးပြီ။

မင်းလူကံရာစာပေ

သူနေရာနှင့်သူ သွက်သွက်လက်လက် လှုပ်ရှားစေခဲ့ပြီးပြီ။ ခေတ်၏။ အဖြစ်အပျက် အတက်အကျ၊ အနိမ့်အလျှောတို့ကို ဖော်ပြခဲ့ပြီးပြီ။

ဇာတ်၏ အရှိန်၊ ဇာတ်၏ ဩဇာသည် မြင့်နေပြီဖြစ်သည်။ နောက်ကြည့် မှန်သည် ထိုကဲ့သို့ အနေအထားရောက်ပြီးမှ တီခနဲ ဖြတ်ချလို့ လက်ခံကြမည် မထင်။ အထူးသဖြင့် စာရေးဆရာမွေး ထုတ်ခဲ့သော ဇာတ်ဆောင်များလည်း ငံ့သောအားဖြင့် ခွင့်လွှတ် ကြမည် မဟုတ်ချေ။ တောင်းဆိုကြမည်ဖြစ်၏။

ထို့ကြောင့် နိဂုံးကမ္ပတ်အဆုံးသတ်ရလိမ့်ဦးမည်။

မင်းလက်ရာစာပေ

(၂၆)

ပြည်ပအဝေးမှ ထုတ်လွှင့်သည့် သတင်းမီဒီယာများကိုသာ အားထားနေရသည်။ အချိန်နှင့် တစ်ပြေးညီ သိခွင့်ရသည်။ ကျေးဇူးတင် ထိုက်ပေစွတကား။

သို့ရာတွင် မိုင်ပေါင်းများစွာမှ လေထုကို ဖြတ်သန်းလာရသဖြင့် အသံလှိုင်းသည် မညီမညာ။ နိမ့်လိုက်မြင့်လိုက် လှိုင်းသံ မငြိမ်။ တဝီဝီ၊ တရှဲရှဲ ဖြစ်ချင်ဖြစ်သည်။ တစ်ခါတစ်ရံ ဘေးပတ်ဝန်းကျင် အသံများက ဝင်၍ နှောင့်ယှက်တတ်သေး၏။

ညီ့အာရုံစိုက်နားထောင်သည်။ မျက်စိထဲမှာ ပုံဖော်ကြည့်သည်။ ကျောင်းသားထုအုပ်စုထဲတွင် ဖေသောင်းတစ်ယောက် ဟိုပြေး ဒီပြေး ဖြစ်နေသည်ကို မြင်ယောင်သည်။

ညီ့ရင်မှာ တထိတ်ထိတ်ရှိနေ၏။ ဖေသောင်းနှင့် ပတ်သက်၍ ညီ့ ပူပင်သောကသည် မသေး။ ထို့အတွက် မိဘနှစ်ပါးအား ရန်ကုန် လိုက်သွားချင်ကြောင်း ခွင့်ပန်၏။ ဦးရွှေခင်နှင့် ဒေါ်တင်တင် တို့သည် သမီးဆန္ဒကို လိုက်လျောပေးကြသည်။

(၂၇)

ညို မမအေး (ခေါ်) မခင်အေးနှင့်အတူ အဓိပတိလမ်းပေါ်သို့ ရောက်လာခဲ့သည်။ အပန်းဖြေရိပ်သာရှေ့၌ အသံချဲ့စက်တင်ထားသည့် စင်မြင့်ကို တွေ့ရသည်။ ကျောင်းသားထုမှာ ဖွေးနေသည်။ အရပ်ထဲက လူကြီးများ၊ မိန်းမများလည်း ပြည့်ကျပ်နေသည်။ လက်ခုပ်သံ တဖျောင်းဖျောင်း။

မခင်အေးက ညို့ကို တစ်နေရာတွင်ထိုင်နိုင်းထားသည်။ ဘယ်မှ မသွားရန်မှာကြားပြီးနောက် ဖေသောင်းကို လိုက်ရှာ၏။ ညိုတစ်ယောက်တည်း ထိုင်နေရင်း တရားဟောပြောနေသူကို အာရုံစိုက်မိသည်။ '**အဓိပတိလမ်းကစခဲ့တဲ့ ပထမအကြိမ်ကျောင်းသား သပိတ်ကပဲ ကိုလိုနီစနစ် ထမ်းပိုးအောက်မှ လွတ်မြောက်ရေးအတွက် မီးရှူးမီးပန်းဖြစ်ခဲ့တယ်**'ဟု အစချီသောမိန့်ခွန်းကြောင့် စောစောက ကြော့ကြော့က်စိတ်ဝင်နေသော ညိုသည် ခုမှ စိတ်အေးသက်သာရှိသွားသည်။

ထိုအခိုက် ပွဲလှန့်သည်။ ရုတ်ရုတ်သဲသဲ ဖြစ်သည်။ ညို့ထ ရပ်ပြီး ပြေးပေါက်ရှာသည်။ ကျောင်းသားများက ပွဲကို ပြန်ထိန်း သည်။ မခင်အေး ပြန်ရောက်လာသည်။ ညို့ကို မပြေးရန် တား ထားသည်။

ဒုတိယအကြိမ် မခင်အေးထွက်သွားသည်။ သွားရှာသည်။ လေးဘီးကားပေါ်တက်တော့မည့် ဖေသောင်းကို မြင်သည်။ လှမ်းခေါ်သည်။ ဖေသောင်းက မခင်အေးကို လိုက်ခဲ့ဖို့ ခေါ်ရင်း အာစီသရီးက အဖွဲ့အား သွားကြိုမည်ဖြစ်ကြောင်း ပြောသည်။ မခင်အေးက ညို ရောက်နေကြောင်း ပြောပြသည်။ ကားပေါ်က ပြန်ဆင်းမည်ပြုသည်။ ထွန်းသက်က ဟိုမှာ ချိန်းထားပြီးတော့၊ လိုက်ခဲ့ဦးဟု ဆိုသည်။ မခင်အေးက ရှင်တို့ ဖာသာသွားခေါ်ဖို့ ပြောသော်လည်း မရ၊ ကိုယ်ရေးကိုယ်တာ ဦးစားမပေးနဲ့၊ မင်းပါမှ ဖြစ်မှာ ဆိုပြီး ဖွတ်ဆွဲသည်။

မခင်အေးက ညို နေပူထဲမှာ တစ်ယောက်တည်း စောင့်နေ တယ် ဆင်းခဲ့ပါဟု ပြောသည်။ ဖေသောင်းက အမြဲဆောင်းနေကြ ဦးထုပ်ကို ကမ်းပေးရင်း ခုချက်ချင်း ပြန်လာမယ်။ နေပူရင် ဦးထုပ်ဆောင်းထားဖို့ မှာရင်း ပါသွားသည်။ မခင်အေး မကျေ မနပ်ဖြင့် 'အေးပါ၊ ရှင့်ထိုက်နဲ့ ရှင့်ကံ၊ နောက်မှ အစိုးအဆိုနဲ့၊ အခုတော့ ညို့ထိုက်နဲ့ ညို့ကံပါ' ဟု အော်ဟစ်လိုက်သည်။

ကား၏ နောက်ကြည့်မှန်ထဲ၌ ကျန်ရစ်ခဲ့သော မခင်အေး အား ဖေသောင်း မကြည့်ရဲကြည့်ရဲဖြင့်သာ။

* * *

မင်းလက်ရာစာပေ

ညို့ ကိုယ်စား မကျေနပ်သူမှာ မခင်အေး။ သံယောဇဉ်ဖြင့် ဒီရန်ကုန်ကို တကူးတကနဲ့ လိုက်လာရှာသည့် ညို့ကိုပင် ဂရု တစိုက် မရှိရအောင်လားဟု ဒေါသဖြစ်သည်။

မခင်အေးသည် ဇာတ်ဆောင်နှစ်ဦးကို အမှီလိုက်၍ အား ပြိုင်လာ၏။ မိန်းမသားအချင်းချင်း ငဲ့ညှာသည်။ သနားသည်။ ကရုဏာထားသည်။ ဖေသောင်းက အရေးတယူမရှိပုံကို ကြည့် ပြီး ဇတ်ဇတ်ကျဲ ပြောချသည်။ သတ္တိရှိရှိ ထောက်ပြသည်။ နှလုံးသားမရှိလို့ ဝေဖန်ပစ်သည်။

ဦးထုတ်ယူပြီး ညို့ဆီပြန်လာသည်။ ညို့ကို ဦးထုပ်ပေးပြီး မခင်အေး စိတ်နာနာဖြင့် ပြောသည့် စကားများမှာ...

*"လာစမ်းပါ... နင် ကလဲ့စားမချေချင်ဘူးလား။ ချေရမယ်။ ကလဲ့စားဆိုတာ မသိတတ်သူတွေအတွက် ချေဖို့ လိုကိုလိုတဲ့ ဆုံးမနည်းပဲ၊ လာခဲ့'ဟုလည်း* ကောင်း၊

*"ဦးထုပ်ဆောင်းထား နေပူတယ်။ ဒါပေမဲ့ သူ့ ဦးထုပ်လို့ မမှတ်နဲ့"*

ဟု လည်းကောင်း ခါးသီးနာကြဉ်းစွာ ဆိုသည်။ စင်မြင့်ပေါ် မှ အသံတို့ကလည်း...

*"ဆဲဗင်းဂျူလိုင်က စခဲ့တဲ့ စစ်အာဏာရှင် အောက်က လွတ်မြောက်ရေး လှုပ်ရှားမှုဟာ တို့နောင်*

မင်းလက်ရာစာပေ

တော် အစ်မတော်တွေရဲ့ သွေးနဲ့ရေးခဲ့တာ။ ဘဝတွေနဲ့ ရင်းပြီး အရိုးတွေနဲ့ ခင်းထားခဲ့တာ" ဟူ၍ ရဲရဲတောက် မိန့်ခွန်း၊

"ဦးသန့်နဲ့ မှိုင်းရာပြည့် အရေးတော်ပုံတွေနဲ့ လက်ဆင့်ကမ်းခဲ့တာ။ ငါတို့ရဲ့ တာဝန်ကို စက်မှု ကျောင်းသား ဖုန်းမော်က သွေးနဲ့ မီးရှူးဖောက်ပြီး အချက်ပေးခဲ့ပြီ။ ငါတို့ ခေတ်မှာ အပြီးသတ်တိုက် ကြမယ်"

ဟူ၍ မီးဟုန်းဟုန်းတောက်မည့် မိန့်ခွန်းများသည် ကျောင်းတော်ကြီး၏ ပရိဝုဏ်အတွင်းတွင် ကမ္ဘာတည်သရွေ့ ပြန့်လွင့်လျက် ရှိစေတော့သည်။

မင်းလက်ရာစာပေ

(၂၈)

အခြေအနေတွေ မကောင်း။ ပွဲဖျက်မည့်သူတွေ အားစမ်းလာသည်။ တရားဟောစင်ဘေး၌ လုံခြုံရေး အပြည့်ချထားရသည်။ ဖေသောင်းမှာ တာဝန်တွေများလှသည်။ တောမှ လိုက်လာရှာသည့် ညို့ကို သွားမတွေ့နိုင်။

ဒီအခြေအနေကို မခင်အေး မသိ။ ညို့ကို လာမတွေ့ရကောင်းလားဟုသာ မြင်သည်။ ဒေါပွသည်။ ဖေသောင်းတို့ အုပ်စုစင်နောက်တွင် လူတံတိုင်းပမာ လက်ချင်းဆက် ကာကွယ်ထားသည့်အနား ဖြတ်လျှောက်စဉ် ထမင်းထုပ် နှစ်ထုပ်ရလာသည်။ ဖေသောင်းက တောက ညီမတွေ ဘာမှမစားရသေးဘူးဟု ဆို၍ပေးနိုင်းလို့ ရလာတာ။

ထမင်းထုပ် ဖြေစားရင်း ညို စိတ်မကောင်းဖြစ်မိ၏။ ညို့အပေါ်မှာ မခင်မင်တတ်တာတို့၊ နေပူခံဦးထုပ် တစ်လုံးလောက်

တန်ဖိုးမထားတာတို့၊ ညို လိုက်လာတာကို ဂရုမစိုက်နိုင်တာတို့ကို တွေးပြီး ဝမ်းနည်းသည်။

မခင်အေးသည်လည်း ညို မျက်နှာညှိုးတာကို ကြည့်ပြီး စိတ်မကောင်း ဖြစ်သည်။ စိမ်းကားခြင်းကြိမ်လုံးဖြင့် နာနာအရိုက်ခံထားရသော သံယောဇဉ် ညိုခမျာကို သနားသည်ထက် သနားမိ၏။

နောက်နေ့တွင် အခြေအနေ မကောင်းတော့ပြီ။ တစ်မြို့လုံး အုံကြွနေသည်။ မခင်အေး အငှားကားတစ်စီးဖြင့် ညို့ဆီရောက်လာခဲ့သည်။ ညို့ကို အပါခေါ်လျက် ပြန်ခဲ့ကြသည်။

* * *

မလွယ်တာတော့ အမှန်ပင်။

ကျောင်းသားတွေ စုမိသွားပြီ။ အရှိန်ကောင်းနေပြီ။ နောက်ဆုတ်ဖို့ ဝေးလေစွ။ မြေနီကုန်းမှာ ပွဲကြမ်းသည်။ လုံထိန်းများနှင့် ရင်ဆိုင်နေသည်။ အသည်းထိတ်စရာ ကောင်းသည်။

ညို လွတ်ခနဲ ပြောသည်။

*"ကိုဖေသောင်းတို့ ပါမှာ သေချာတယ်"*

တိုးတိုးပဲ ဖြစ်သည်။ သို့သော် ညို့ရင်ထဲ၌ ကမ္ဘာကြီးတစ်ခု ပေါက်ကွဲမြည်ဟိန်းသံကဲ့သို့ ကြားနေရသည်။

ဘူတာတွင် ရထားဆိုက်လေပြီ။ တောဘူတာကလေးတွင် လူစုံ တက်စုံ ရောက်နေကြသည်။ မိသားစုများသာမက ရပ်ထဲ

မင်းလက်ရာစာပေ

ရွာထဲက လူတွေပါ ပါသည်။ သတင်းမေးကြသူတွေကလည်း မနည်း။ ထိုအထဲတွင် အုန်းသိန်းလည်း အပါအဝင်ဟု စာရေးဆရာက အာရွှာဝကကိုပါ ထည့်သွင်းလိုက်ပြန်သည်။

* * *

ငှက်တစ်ကောင်လို အမြဲတမ်း ပျံဝဲနေသည်မှာ အုန်းသိန်း။

ခြံစည်းရိုးနောက်က ချောင်းသည်။ ညို ရေကပြင်မှာ ထိုင်နေတာ တွေ့သည်။ လက်ထဲက ဦးထုပ်တစ်လုံးကို သတိပြုမိသည်။ ဖေသောင်း ဦးထုပ်မှန်း အတတ်သိလိုက်ရ၍ ရင်ထဲဖျဉ်းခနဲ ဖြစ်သွားသည်။

ဖေသောင်း ဘယ်မှာလဲ...

မှမအေး (ခေါ်) မခင်အေး ရောက်လာသည်။ သူ့ထံ၌ သတင်းစုံ ပါလာသည်။ ဈေးကြီးပိုင်းက ခင်မောင်လတ် ပြန်မရောက်လာကြောင်း၊ သူ့မိဘများ သနားဖို့ကောင်းကြောင်း၊ လမ်းပေါ်မှာ ပျောက်သွားတာထက်စာရင် အုတ်နံရံကြားက ပုံစံထမင်းစားနေရတာက ကောင်းသေးကြောင်း ပြောပြသည်။

ညိုကတော့ ကိုဖေသောင်း အကြောင်းပဲ သိချင်သည်။ ဟိုတစ်ယောက်လည်း ဦးထုပ်လေးပေးလိုက်ပြီး ဘာမှ မသိရတော့ဘူးဟုသာ ပြောမိသည်။ မခင်အေးက 'တော်စမ်းပါဟယ်' ဟူ၍ ဟန့်သည်။ ပြီး သူလွတ်သွားလည်း စာလေးဘာလေးရေးပြီး စိတ်ပူသက်သာအောင် အကြောင်းကြားဖို့ စဉ်းစားတတ်

တာမျိုး မဟုတ်ဘူးဟု ပယ်ပယ် နယ်နယ်ကြီး ပြောချသည်။ ညို့က တစ်ခုပဲ မေးသည်။ မမအေးတို့ ဒီလိုပဲနေတော့မှာလား ဆိုတော့ မခင်အေးက ကားဂိတ်မှာ ကျောင်းသား အဖွဲ့တွေ စုနေကြောင်း၊ သူ့ကိုလာခေါ်ကြောင်း၊ ထင်ထင်ပေါ် မလုပ်ရဲသေးကြောင်း အချိန်တန်ရင် လုပ်ကြဦးမှာဖြစ်ကြောင်း ညို့ကို ရှင်းပြသည်။

ညို့ အားရှိပါးရှိပင်...

*"လုပ်ကြပါ၊ လုပ်ကြပါ။ ထောင်ထဲက လူတွေကို ငဲ့ကြပါဦး။ လွတ်လာအောင် လုပ်ကြပါဦး"*

ဟု တိုက်တွန်းနေလေသည်။

●

မင်းလက်ရာစာပေ

(၂၉)

ထောင်ထဲမှာ ပုံစံထမင်း၊ ပုံစံဟင်းပဲရသည်။

ပုံစံဆိုလို့ ထမင်းဖြူတော့ မဟုတ်။ လုံးတီး။ မနက်ပိုင်းတွင် လုံးတီးထမင်း၊ ပဲဟင်းနှင့် ငါးပိကလေး နည်းနည်းတစ်ကော်။ ညနေ ပိုင်းလုံးတီးထမင်း၊ နိုင်လွန်ဟင်းချို (ကစွန်းကြီးရွက် ရေလုံပြုတ်)နှင့် ငါးပိနည်းနည်းတစ်ကော်။ ပဲဟင်းနှင့် နိုင်လွန် ဟင်းချိုမှာ ဆီပြား မပါ။ ရသာကင်းကင်း။ အဆင်းအချင်း မရှိသည့် ဟင်းဖြင့်သာ မနက်၊ ညနေ ကျွေးကြရသည်။

ငါးပိများများ စားပါက အသားတွေ ယားယံလာသည်။ ကုတ်ပါများတော့ ဝဲ။ ရေပုံမှန် မချိုးရသဖြင့် ဝဲ၏ အယားဒဏ် က ပိုဆိုးလာတော့သည်။ ကုတ်လေကုတ်လေ အရသာရှိသလို ဝဲတို့က ပွားလာ၏။

ထောင်ထဲတွင် ဖေသောင်းလည်း ဝဲပေါက်သည်။ အကျဉ်း ခန်းထဲ နေရသူအချင်းချင်းက နောက်ပြောင်ခေါ်ရာမှ ဝဲထူ ဖေသောင်းဟူသော ဂုဏ်ထူးတစ်ခုရလိုက်ပြန်၏။

မင်းလက်ရာစာပေ

ဝ ကုတ်ဘူးဟု ပယ်ပယ် နယ

မေးသည်။ မမအေး

(၃၀)

လွတ်ပြီဟူသော သတင်းကို ရေဒီယိုက ကြားလိုက်ရသည်။ ညို့ အရမ်းဝမ်းသာသွားသည်။ မခင်အေးဆို အပြေးတစ်ပိုင်းဖြင့် ရောက်သွား၏။ 'သူတို့အားလုံး ပြန်လာကြပြီ။ ဟိုတစ်ယောက်ပါ သွားရင်လည်း ပြန်ပါလာမှာပဲ' ဟု ဝမ်းသာစကားဆိုသည်။ မခင်အေးက တိုးတိုးဟုသာ သတိပေးသည်။ ထို့နောက် မခင်အေးကပင် လူတွေအားလုံး ဒီအကြောင်းပဲ ပြောနေကြောင်း ဘာတွေ ဆက်ဖြစ်မည်ကို မသိသေးကြောင်း ပြော၏။

နောက်တစ်နေ့ ကားဂိတ်သို့ လာခဲ့ကြသည်။ ဟိုနားတစ်စု၊ သည်နားတစ်စု ဝိုင်းဖွဲ့ပြီး တိုးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်နည်း ပြောနေကြသည်ကို တွေ့သည်။ တစ်ခုသော လက်ဖက်ရည်ဆိုင်ထဲ မခင်အေး လှမ်းကြည့်သည်။ မျက်ရိပ် မျက်ခြည်ပြလိုက်ရာ လူငယ်တစ်ဦး ထွက်လာသည်။

မင်းလက်ရာစာပေ

လမ်းအတူလျှောက်... ...ျုားပေကျုံနေသော ... တင်းဝေ...သည်။ ခင်မောင်လတ် ပြန်ရောက်မ... ...နေ သည်ကို ...င်း။ ညိုက ... အလွန် သိချင်လှသည့် မေးခွန်းကို ဝင်... ...သည်။ ဟို... ဟို ကိုဖ... သောင်း ဆိုတာရော တွေ့ခဲ့သလားဟု မေးမိရာ မခင်အေးက ဖေသောင်းဆိုတာ နာမည်ရင်းမှ မဟုတ်ဘဲ၊ ဘယ်... သိချင်မှ သိမှာပေါ့ဟု ပိတ်လိုက်သည်။

လှူငယ်က ဆက်လှုပ်ရှားမည်ဖြစ်ကြောင်း၊ မခင်အေးတို့ ဝင်ပါစေချင်ကြောင်း ပြောသည်။ မခင်အေးက ရှေ့တန်းတော့ မထွက်ရဲ၊ နောက်မှာတော့ ရှိနေပါကြောင်း ပြောလိုက်သည်။ လှူငယ်က ညို့ကို ကြည့်ရင်း ညီမက ရုံပိုင်ကြီး သမီး မဟုတ်လား။ မနှစ်က ဆယ်တန်းအောင်တယ်ဆိုဟု မေးရာ ညိုက ဟုတ်ကြောင်း ဝန်ခံလိုက်၏။

ထိုနောက် သူတို့နှင့်လက်တွဲရန် ခေါ်သည်။ ညိုခေါင်းညိတ်လိုက်သည်။ လှူငယ်က ဝမ်းသားအားရစွာပင် ခင်မောင်လတ်ဆီက သတင်း...ပြီး ပြန်တွေ့ကြမည်ဟု ချိန်းဆိုသွားလေ၏။

...မှာ ကိုမြင့်ဖော်တည်း။

* * *

...ာ တန်းခိုးပြချင်နေသည်မှာ ကြာပြီ။ ဖခင်ဖြစ်သူ က...

"*ရုပ်ထဲရွာထဲမှာ သတိထားကြည့်။ ဟိုအဖွဲ့တွေ*

ပြီးရှား...းဟု ပယ်ပယ် န...ာတင်းပို့စမ်း။ ဆူချင် ပူချင်တဲ့ ...ည။ မမအေး...ုံးမရဖို့ ငါ့မှာ တာဝန် ရှိတယ်''

ဟု အရူးကို ဘုံမြှောက်လိုက်သည်။ အုန်းသိန်း မနောခွေ့သွားသည်။

''အုန်းသိန်းတို့ ဘယ်လောက်အရာရောက်တယ်ဆိုတာ သိရမှာပေါ့။ မခင်အေးနဲ့ ပေါင်းပြီး အုန်းသိန်းကို အရေးမလုပ်ချင်တဲ့ညီ။ ဘယ်သူတွေက ပိုနှမ်းသလဲဆိုတာ သိရစေမယ်။ ငါထင်တဲ့အတိုင်း ဖြစ်နေလို့ကတော့ ခြေသလုံး လာဖက်ရပြီသာမှတ်''

အုန်းသိန်း လေးကင်း တပြုံပြုံ ရှိနေပုံကို မျက်စိထဲ ထင်းခနဲ လင်းခနဲ နေအောင် ရေးပြထားပေသည်။

မင်းလက်ရာစာပေ

(၃၁)

ဖေသောင်းမှာ ဆိုင်းသံဗုံသံကြားလျှင် မကဘဲ မနေနိုင်သည့် သဘင်သည်လို ဖြစ်နေသည်။ အမေနှင့် အစ်မရီနွယ်က ချုပ်ချယ်ထားသည်။ သတင်းမေးများကြောင့် စိတ်ပူသည်။ သို့သော် သူရနှင့် ထွန်းသက်ကို အိမ်မလာရ။ သူတို့နှစ်ယောက် အဝေးမှ ကိုယ်ရှောင်ပြသည်။

အလစ်တွင် သူတို့သုံးယောက် ဆုံသည်။ ရှေ့လုပ်မည့် လုပ်ငန်းစဉ်တွေ ဆွေးနွေးသည်။ ဆက်လုပ်ကြမည် အဖြေထွက်လာသည်။ သက်ဆိုင်ရာက အပေါ်ယံ ပြောင်းလဲမှုကိုသာ ပေးသည်။ အရပ်ထဲမှာ လူတိုင်းပါးစပ်ဖျားမှာ ဝေဖန်သံတွေ မဆုံး။

ထို့အတွက် ဖေသောင်းတို့ အိမ်မှာနေဖို့ မဖြစ်တော့။ စည်းရုံးရေးအတွက် နယ်မြေခွဲသည်။ နယ်မြေခွဲရာ၌ ဖေသောင်းက သူ့စိတ်ကြိုက် ရွေးယူလိုက်လေသည်။

မင်းလက်ရာစာပေ

၁၆၄ ... ပွယ်းဟု ပယ်ပယ် န...မည်မှာ ဖေသောင်းနယ်မြေ ...ပျက်မှတ်ထားသည်။ မမအေး...

...ဂိ...

## ၁၈

မခင်အေးတို့မှာ ကိုမြင့်ဖော်တို့နှင့်သာ ဆက်သွယ်နေရသည်။ ညှည်ကြားထဲ အုန်းသိန်း ရန်ကတစ်မှောင့်။ ကားဂိတ်တွင် ညွှံ တချို့နှင့် စွန်လိုဝဲနေသည်။

ထိုအကြောင်းကို မခင်အေးက ရှင်းပြသည်။ ကိုမြင့်ဖော်က 'ကိစ္စမရှိဘူး။ ဒီအချိန်မှာ ဒီလိုကောင်မျိုးတွေ တက်ကြွပြနေတတ်တာပဲ။ ရှောင်နိုင်သရွေ့ရှောင်။ နောက်ဆုံး မရှောင်သာရင် ပြန်ချရုံပဲ' ဟု ပြောသည်။

ထို့နောက် လေးခွကိုင်ထားသင့်ကြောင်း ရှင်းပြသည်။ ကျား၊ မ မရွေးကိုင်ထားသင့်ကြောင်း ပြောရာ ညိုက နည်းနည်းပါးပါး ပစ်တတ်ပါသည်ဟု ဝင်ထောက်သည်။ အိမ်ပြန်ရောက်လျှင် ညို လေးခွလုပ်သည်။ မာလကာကိုင်းကို လွှဖြင့် ဖြတ်တောက်နေသည်။ အဘမောင်က ညို လေးခါလုပ်သည်ကို ဝင်ကူ၍ လုပ်ပေးလိုက်တော့သည်။

* * *

ညို ရေအိုးစင်မှာ ရေဖြည့်ရန် ပုံးဆွဲ၍ ထွက်လာသည်။ ထိုစဉ် လယ်သမားတစ်ယောက် ထွန်တုံးနှင့် နှင်တံကိုချကာ ရေခပ်သောက်နေသည်ကို တွေ့ရလေသည်။ ဘေးမှ အသာရပ်

စောင့်ကြည့်နေသည်။ ရွံ့များပေကျံနေသော ထိုလယ်သမား ခြေထောက်တွင် ဝဲများပေါက်နေ သည်ကို သတိထားမိလိုက်သည်။ ထိုအခိုက်လယ်သမားကြီးက 'သာဓုပါဗျာ၊ သာဓုပါ ဒေါ်ကျွဲမကြီးရယ်' ဟု အသံကြားလိုက်ရသည်။ လယ်ထဲက ရေပုံးလွတ်ကျ သွားမတတ် ညိုလန့်သွားသည်။ ဝါးခြမ်းကောက်ကို မော့ပြလိုက်မှ ကိုဖေသောင်း မျက်နှာကို ဘွားခနဲ မြင်ရ...

အိမ်ထဲသို့ ကမန်းကတန်းခေါ်သွင်းလိုက်ရလေသ...

* * *

ဖေသောင်း ရေမိုးချိုးနေစဉ် ညိုက မခင်အေးကို ပြေး၍ခေါ်သည်။ ညို ပြန်လာသည်။ တစ်ယောက်တည်း။ နောက်မှ မခင်အေး လိုက်လာသည်။ ဝဲဆေးတစ်ဘူးပါ ပါလာသည်။ သူတို့သုံးယောက် တိုင်ပင်ကြသည်။ မခင်အေးက မြင့်ဇော်တို့ အနေဖြင့် ရန်ကုန်အဖွဲ့တွေနှင့် တွေ့ချင်နေကြောင်း ပြောပြလိုက်သည်။

မြင့်ဇော်တို့နှင့် တွေ့ပေးဖို့ စီစဉ်ကြသည်။ ထိုကဲ့သို့ တွေ့ဆုံဖို့ လှုပ်ရှားသောအခါ၌ မခင်အေး ကိုယ်တိုင်မသွားရဲ။ ဖေသောင်း ပို့သော စာကို ညိုကိုယ်တိုင်သွားပို့ရသည်။

ညိုသည် ဒီလောက်တော့ ဖြစ်ပါတယ် ဆိုသည့်အတိုင်း ပိတ်စ တစ်စကို ကိုင်၍ ထွက်လာသည်။ မိန်းမအင်္ကျီချုပ်ဆိုင်ထဲ ဝင်သည်။ အထက်ဆင်တပ်ချင်လို့ပါဟု ဆိုကာ ကိုမြင့်ဇော်၏ ညီမ မသူဇာဘေးတွင် ဝင်ထိုင်သည်။ အစ်မ အစ်ကို့ကို

ပေးပေးပါ။ သိတယ်မဟုတ် လားဟု ပြောရင်း စာကို ထိုးပေး လိုက်လေသည်။ မသူဇာက ဝန်းကျင်ကို လှစ်ခနဲ ကြည့်ပြီး 'သဘောပေါက်တယ်၊ သိပ်မရဲနဲ့ဦး' ဟု ပြောရင်း ယူထား လိုက်၏။

* * *

တစ်နေ့လုံး တစ်ညလုံးပင် ညိုတို့အိမ်၌ အောင်းနေရသည်။ ထုံ့ပြင် ဖြစ်သမျှ ဇာတ်ကြောင်းများကို ညိုတို့အား ပြောပြသည်။ ညိုသည် ကိုဖေသောင်း ပြောပြနေသမျှကို နားထောင်ရင်း ကြမ်းပြင် လှဲနေသည်။ အတန်ကြာလျှင် ညိုအိပ်ပျော်သွား၏။ ဦးရွှေခင်နှင့် ဖေသောင်းတို့သာ ရှေ့ရေးတိုင်ပင်ဆွေးနွေးနေကြ သည်။ မနက်မိုးလင်းမှ ညိုက ကိုဖေသောင်းကို နှိုး၏။ ကိုမြင့် ဇော်တို့နှင့် ချိန်းထားသည့် တောရကျောင်းသွားသည့် လမ်းဆုံသို့ ကိုဖေသောင်း ထွက်သွားမှ ညို သက်ပြင်းမောချနိုင်ရှာသည်။ မခင်အေး ရောက်လာသောအခါတွင် ကိုဖေသောင်းကို လယ် စောင့် တဲတွင် နေရာချထားသည်ဟု သိရသည်။ သူထမင်းစားဖို့ အဆင်မှ ပြေပါ့မလားဟု ပူပန်မိသည်။ မခင်အေးက သူတို့ စီစဉ်ပေးလိမ့်မည်ဟု ဆိုသည်။ မသူဇာနှင့်သာ ဆက်သွယ်မှု လုပ်ကြမည်ဟုလည်း ပြောသည်။

ထိုရက်ပိုင်းအတွင်း သူတို့လှုပ်ရှားမှုက တက်တက်ကြွကြွရှိ

သည်။ တောမြို့ကလေးမှာ လှုပ်လှုပ်ရှားရှားဖြစ်နေ၏။ ဈေးကြီး အနီး ကုက္ကိုပင်ကြီးမှာ လွှံ့ဆော်ရေး ပိုစတာကပ်ထားသည်။

ဤသတင်းကို အုန်းသိန်း၏ ဖခင်သိလျှင် ယမ်းပုံမီးကျ ဖြစ်တော့သည်။ ငါ့ခွင်ထဲတော့ လာမလုပ်နဲ့ မျိုးကန်းကုန်မည် ဟု ကြိမ်းဝါးသည်။ ခြိမ်းချောက်သည်။ မကြာမီ ကောင်စီရုံးရှေ့ တွင် တိုက်ပွဲ ပိုစတာ တစ်ချပ်အခန့်သား ရောက်[illegible]သည်။ အုန်းသိန်း၏ ဖခင်သည် ဝိုင်းအုံကြည့်နေကြသည့် လူများ[illegible]း အော်ဟစ်ထုတ်ပြီး ၎င်းပိုစတာကို ဖြုတ်ယူလိုက်လေ၏။

မင်းလက်ရာစာပေ

# (၃၂)

အခန်း (၃၁) နှင့် (၂၂) တို့တွင် ဇာတ်ရှိန်တက်သည်ထက် တက်လာသည်။ သွက်သွက်လက်လက်ရှိလာသည်။ စာရေးဆရာသည် အခန်းဖွဲ့ရာ၌ လိုအပ်သလို အတိုအရှည်ဖြင့် ကစားထားသည်။ ဇာသိပ် မချဲ့။ သူ့ ဇာတ်ကောင်များ ပြောလိုသည့်စကား၊ ပေးလိုသည့် အသိကို တိုတိုရှင်းရှင်း လိုရင်းကိုသာ ပြောစေတော့သည်။

ညို့ထံသို့ ဖေသောင်း ရေးလိုက်သောစာမှာ...

*"ညို သိပြီးရောပေါ့...။ ရှစ်ရက်နေ့ စမယ်။ ကိုယ့်ဘက်မှာ အားလုံးနီးပါး အဆင်ပြေပါတယ်။ အရေးကြီးတာက အစီအစဉ် အသေးစိပ်ချဖို့ ကိုယ်တို့အဖွဲ့တွေ ဆုံကြမယ်။ စည်းဝေးဖို့ အချိန်နဲ့ နေရာကို ကိုမြင့်ဇော်တို့ ရွေးနေတယ်။ ညိုနဲ့ မခင်အေးက*

*မသူဇာတို့နဲ့ တွေ့ပြီး ဆက် လုပ်ရမှာတွေ ရှိတယ်။*
*အဲဒီကျရင် သိလိမ့်မယ်။ ကျန်းမာ ချမ်းသာပါစေ...*

*ဝဲထု မေသောင်း"*

ဤသို့ ဖြစ်သည်။

ညိုစာကို ဖျောက်ဖျက်ပစ်လိုက်သည်။ ထိုနောက် ဝါးခမောက် ကိုယ်စီ ရာထားသည်။ ကချင်လုံချည်နှင့် လည်ကတုံး အင်္ကျီအဖြူ အဆင်သင့်။

ညိုမှာ ရင်ခုန်တက်ကြွလျက်ရှိသည်။

* * *

ညိုနှင့် မသူဇာတို့သည် ပိတ်စအနီရောင်ကို ဖြန့်ချထားသည်။ ပိတ်စ, ပေါ်တွင် မြေဖြူနှင့် ပုံကြမ်းခြစ်သည်။ ထိုနောက် ရွှေဝါရောင် ပိတ်စဖြင့် ခွပ်ဒေါင်းရုပ်ကို ခင်း၍ ကပ်ကြည့်သည်။ ထိုနောက် ညိုနှင့် မသူဇာတို့က လက်ချုပ်ချုပ်သည်။

အခန်းတံခါးများ လုံစွာ ပိတ်ထားပါလျက် မခင်အေး လန့်လျက် ရှိသည်။ ရေတစ်ခွက်သောက်သည်။ အစည်းအဝေးမှာ ညိုတို့ အိမ်နောက်ဖေးရှိ လယ်ကွင်း၌သာ ပြုလုပ်ဖို့ ဆုံးဖြတ်ထားကြ၏။ စက်ဘီးများ ဖြတ်သွားတိုင် ဒါ ခင်မောင်လတ်၊ ဒါ ကိုမြင့်ဇော်မှန်း အတတ်သိနေကြသည်။

မခင်အေးက အုန်းသိန်းတို့ သားအဖ လာချောင်းချင် ချောင်းနေမည် လူလုံးထွက်ပြနေမှဟု ဆိုကာ ဘူတာရှေ့သို့ ထွက်သည်။

မင်းလက်ရာစာပေ

အုန်းသိန်းတို့ ရောက်လာပြီ။ လက်ဆွဲမှန်အိမ်တစ်လုံးဖြင့် ငိုက်မြည်းနေသော အဘမောင်အား အုန်းသိန်းဖခင်က ''အစောကြီးရှိသေးတယ်၊ ငိုက်နေပြီလား'' ဟု ပြောသည်။ အဘမောင်က မိုးအေးလို့ ကွေးနေဖို့ အကောင်းဆုံး' ဟု ဆိုသည်။ မအိပ်နိုင်ပါဘူးဗျာ၊ ရပ်ရေး ရွာရေး ရှိသေးတယ် ဟူ၍ ပြောပြီး ထွက်သွားကြသည်။ သူတို့နောက်တွင် ကောင်စီဝင်များ၊ အရံမီးသတ်တပ်ဖွဲ့ဝင်များ ပါသွား၏။

မကြောက်ပါနဲ့ဟု မခင်အေးကို အားပေးပြီး ညို အိမ်နောက်ဖေး ဆင်းသည်။ ခြံထောင့်က ချောင်းကြည့်သည်။ ကိုမြင့်ဇော်တို့ ကင်းချ ထားတာ လုံပါ့မလားဟု စိတ်ပူသည်။

ဖားရိုက်ချင်ယောင်ဆောင်နေကြသည့် လယ်သမားသားများက ကင်းစောင့်သည်။ မီးအုပ်ဆောင်းဖြင့် အချက်ပြသည်။ အန္တရာယ် ကင်းပြီ။ လူစုံပြီ။ ထူးခြားဖြစ်စဉ် မရှိဟူသော သင်္ကေတ။

သို့ရာတွင် ညို့စိတ်မှာ မသက်သာ။ အုန်းသိန်းတို့အဖွဲ့ ဘယ်ပျောက်သွားသည် မသိ။ စာအုပ်ဆိုင်ဘက်ချိုးမသွား။ ညို အိမ်ပေါ် ပြန်တက်ပြီး ဖခင်ငယ်စဉ်က သိုင်းကစားသည့် ရှမ်းဘောင်းဘီဝတ်၊ ဆံပင် ကျစ်ကျစ်စီး၊ ဝါးခမောက်ဆောင်းကာ ခြံနောက်ဖေး ရောက်လာပြန်သည်။ တံခါးအသာမ, ဖွင့်ပြီး ချောင်းနေ၏။ တကယ်တော့ အုန်းသိန်းတို့အဖွဲ့ သွားဝိုင်းခြင်း ဖြစ်သည်။ ဟော့

ကောင်တွေ မပြေးနဲ့ ငါတို့ အရံစီးသတ်တွေဟု အော်ဟစ်နေစဉ် ညိုလေးခွနှင့် ထုသည်။ ညှိုသကျည်း မှန်သွားကာ လက်ထဲက လက်နှိပ်ဓာတ်မီးကြီး လွတ်ကျသွားသည်။

ဝါးပုံအကွယ်မှ ကယ်တင်ရှင်၏ လေးခွသံကြားရသည်။ ကိုခင်မောင်လတ်၏ ညီများဘက်က ပစ်သံများ ကြားရသည်။ မီးအုပ် ဆောင်းရှင်များကလည်း အန္တရာယ်အချက်ပေးလေပြီ။

အားလုံး အန္တရာယ်ကင်းကင်းဖြင့် လွတ်သွားကြသည်။ ထိုပွဲတွင် ဝါးရုံကွယ်မှ လေးခွသမားမှာ အဘမောင်ဖြစ်နေသည်။ အဘမောင်သည် ညိုပေးသော ပုဆိုးလဲ၊ ခြေဆေးပြီး ဘူတာထဲ ပြန်ဝင်သည်။ ပက်လက်ကုလားထိုင်ပေါ်တွင် တခေါခေါ ပြန် အိပ်လျက် ရှိသည်။ အုန်းသိန်းတို့အဖွဲ့က မကျေမနပ် ပြန်ခေါက် သွားရတော့သည်။

* * *

သမိုင်းသည် အလှည့်အပြောင်းတစ်ခုဆီသို့ ဦးတည်ခဲ့လေပြီ။

အခြားမြို့များကဲ့သို့ ညိုတို့မြို့ကလေးမှာလည်း ဂုဏ်မ ငယ်ခဲ့။ ဝါးခမောက်ဆောင်း၍ ချီတက်လာသော လူထု၏ လက် ထဲတွင် ဒေါင်းအလံများ တလွင့်လွင့်။ ရဲမာန်များ တဝင့်ဝင့်။

အုန်းသိန်းတို့ သားအဖရန်က လွတ်မြောက်ခဲ့ကြသော ရဲ ဘော်များသည် အခြားမြို့များ၌ သပိတ်တိုက်ပွဲကို ဆင်နွှဲနိုင်ကြ လေပြီ။ ရသမျှ သံစည်ပိုင်းများကို လှိမ့်ယူလာပြီး စင်ထိုးသည်။

မင်းလက်ရာစာပေ

စင်ပေါ်တွင် ကိုခင်မောင်လတ်၊ ကိုမြင့်ဇော်တို့သည် ရဲရဲတောက်။ ဟောပြောပွဲ အခမ်းအနားကိုစ, သည်။

လူထုပရိသတ်သည် တစ်ခဲနက် ဩဘာပေးသည်။ လက်ခုပ်သံတွေ မစဲအောင် ရှိသည်။ ညီတို့ မခင်အေးတို့မှာ ဝမ်းသာမဆုံး ဖြစ်ခဲ့ကြရသည်။

အခမ်းအနားပြီးဆုံးကာနီးတွင် ကိုဖေသောင်းကို စင်ပေါ် တက်၍ စကားပြောဖို့ အစီစဉ်မှူးက တောင်းဆိုသည်။ ရန်ကုန်က လာပြီး ဒီမှာ စည်းရုံးဆက်သွယ်ပြီး အရေးတော်ပုံ ဆင်နွှဲနေတဲ့ ကျောင်းသား ကိုဖေသောင်း စကားပြောပါလိမ့်မည်ဟု ကြေငြာသည်။

ကိုဖေသောင်းသည် အစီအစဉ်ထဲ၌ မပါဝင်သော်လည်း အားလုံးက တောင်းဆိုနေသဖြင့် စင်ပေါ်တက်ခဲ့ရသည်။ သူက သူ့ကိုယ်သူ 'ကျွန်တော့် နာမည် ဝဲထူဖေသောင်းပါ'ဟု မိတ်ဆက်သည်။ လူထု ပရိသတ်များ ပွဲကျသွားသည်။

ထိုနောက် သူသည် မြို့ကလေးကို ရောက်လာခဲ့ဖူးကြောင်း၊ ထောင်တွင်းမှ အတွေ့အကြုံများ အကြောင်း၊ နွေးထွေးစွာ ကြိုဆို ကူညီပေးခဲ့ကြသည့် ညီမငယ်များအကြောင်းကို ဟာသနှော၍ ပြောသွားလေသည်။

မင်းလက်ရာစာပေ

(၃၃)

စာရေးဆရာသည် သူ့ဓာတ်ကောင်၊ သူ့ဓာတ်ဆောင်နှင့် ဓာတ်ရုံများကို ထဲထဲဝင်ဝင် အကွက်ဖော်ပြခဲ့လေပြီ။ ဆွဲကြိုးပမာ အချိတ်အဆက်မိမိ တစ်ခန်းပြီးတစ်ခန်း၊ တစ်ကန့်ပြီးတစ်ကန့် တင်ပြခဲ့လေပြီ။

စာဖတ်ပရိသတ်သည်လည်း ဓာတ်ဆောင်တို့နှင့်အတူ ရင်မောခြင်း၊ ဒေါသဖြစ်ခြင်း၊ မခံမရပ်နိုင်ဖြစ်ခြင်းတို့ဖြင့် ဝတ္ထုထဲ၌ မြောဝင်စီးပါခဲ့ကြရပြီ ဖြစ်သည်။ ရင်တမမနှင့် ရှေ့ဘာဖြစ်မလဲ၊ ဘယ်သူတွေ အဆွဲခံရမလဲ၊ ဘယ်သူတွေ ကြွေလွင့်သွားဦးမလဲ စသော အတွေးများဖြင့် စောင့်ကြည့်နေကြရသည်။

ဓာတ်ရှိန်မြင့်လာသည်နှင့်အမျှ ရင်တထိတ်ထိတ် ဖြစ်နေခဲ့ရသည်မှာ မြေကြီးလက်ခတ်မလွဲရှိသည်။ သမိုင်း၏ အတိတ်ယောင်းကို ပြန်ပြောင်းလှည့်ကြည့်ပြီး တောက်ခေါက်သူများလည်း ရှိနေကြဦး မည်ထင်၏။

စာရေးဆရာတို့၏ တာဝန်အတိုင်း သမိုင်းအမှန်ကို ထင်ထင်ရှားရှား ဖွင့်ဆိုရမည်ဖြစ်သည်။ သူ့ဝတ္ထု၊ သူ့စာတချို့သည် နောင်သောအခါ၌ သမိုင်းမှတ်ကျောက်ကြီးအဖြစ် လွန်စွာ တန်ဖိုးရှိလာပေသည်။

ထို့ကြောင့် စာရေးဆရာသည် သူ၏ ဝတ္ထုထဲ၌ သမိုင်းဖြစ်ရပ်မှန်များကို အခြေခံ၍ ခိုင်မာအောင် တည်ဆောက်လာခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်မိသည်။

ယခုအခါတွင် သူ၏၊ ဇာတ်ကောင်၊ ဇာတ်ဆောင်တို့အား နိဂုံးချုပ်ရတော့မည် ဖြစ်သည်။ ဇာတ်သိမ်းကို မည်သို့ အဆုံးသတ်ရမည်နည်း။ ရှေ့၌ တိုက်ပွဲသည် မည်မျှ ကျန်နေဦးမည်နည်း။ ဘယ်သူတွေအတွက် ချန်ထားရစ်ရမည်နည်း။

အစရှိသော အစိတ်အပိုင်းများကို သေချာကျန စိစစ်ဝေဖန်ရပေသည်။ စာဖတ်ပရိသတ်ရင်ထဲ၌ တစ်ခုခု ကျန်ရစ်အောင် ထားရစ်နိုင်ဖို့အတွက် အားထုတ်ရသည်မှာ စာရေးဆရာ၌ များစွာ တာဝန်ဖြစ်သည်ဟု ယူဆရပေသည်။

ဤတာဝန်ကို ပေါ့ပေါ့ဆဆလုပ်၍ မရပါတကား။

* * *

စာရေးသူသည် သူ့ဝတ္ထုဇာတ်ဆောင်များကို သူ့တာဝန်၊ သူ့အပိုင်းအလိုက် အသုံးတော်ခံခဲ့ပြီးနောက် နိဂုံးကမ္ဘာတ်အဆုံးသတ်ပေတော့မည်။ ဇာတ်၏အဆုံးသတ်လည်း ရှိနေပေပြီ။

မင်္ဂလာရှိစာပေ

သူမည်ကဲ့သို့ အဆုံးသတ်မည်နည်း။ ကြည့်ပါဦး...

*"ရန်ကုန်ကို အစည်းအဝေးတက်ဖို့ သွားကြမယ် ဆိုသော်...*

*'ညို လိုက်ချင်တယ်'ဟု ပြောချင်လှသည့် ဆန္ဒကို ဖေသောင်း အလိုက်တသိ ဖြည့်စွက်ပေးနိုးနိုး အနား မှာ ရစ်သီရစ်သီ လုပ်ပြခဲ့သော်လည်း ဖေသောင်း ခေါ် ယူသည့် လူစာရင်း၌ ညိုမပါ"*

ဟူသော စာပိုဒ်သည် စာဖတ်သူ၏ ရင်ကို ပုတ်ခတ်နိုးဆွ လိုက် ဘိသကဲ့သို့ ရှိစေသည်ဟု ထင်သည်။

ဇာတ်လမ်း၏ တစ်လျှောက်လုံးတွင် ညိုသည် ဖေသောင်းနှင့် အတူ မျှဝေခံစားခဲ့ရရှာသည်။ စာနာတတ်သော နှလုံးသားဖြင့် ဖေးကူခဲ့ရှာသည်။ ပူပန်သောကများဖြင့် အရွယ်နှင့်မမျှအောင် ခံစားခဲ့ရသည်များကို စာဖတ်ပရိသတ် သိထားပြီး ဖြစ်သည်။ ဖဝါးခြေရာထပ်မျှ လိုက်ပါမည်ဆိုနိုင်ပါလျက် ညို့ကို ဘာကြောင့် မခေါ်ခဲ့ပါသလဲ။ တိုက်ပွဲတွေထဲ၊ လှုပ်ရှားမှုတွေထဲ ညိုသည် ကန့်လန့်ကန့်လန့်ဖြင့် အဆွဲခံရမည်ကို စေတနာအရိုးခံထား၍ ချန် လုပ်ထားလေသလား။

စာဖတ်သူများအတွက် အတွေးပွားစရာဖြစ်လေသည်။

မှန်ပါပေသည်။ 'မလွယ်ဘူးဟေ့... အပြတ်အသတ် ပြန် ကြမ်းတော့မှာ၊ တော်ရာရှောင်ကြရင် သက်သာမယ်'ဟု ကြောက်

ဒူး တုန့်တတ်သော မခင်အေးက သတ္တိပြလိုက်သည်။ ပန်းတိုင်ကို မျှော်မှန်းထားကြသော ဖေသောင်းတို့အဖွဲ့ မောကြီးပန်းကြီး ပြန်ရောက်လာသည်။ ကိုခင်မောင်လတ်၊ ကိုမြင့်ဇော်တို့ ခေါင်းချင်းရိုက်ကြလေပြီ။

အုန်းသိန်းတို့ သားအဖလည်း လက်ခမောင်းခတ်ကြသည်။ တို့ခေတ်ပြန်ရောက်ပြီဟု လက်ရုံးဆန့်တန်းသည်။

တိုက်ပွဲဝင် သပိတ်စခန်းလည်း နိဋ္ဌိတံ လိုက်ရတော့သည်။

သို့ရာတွင် ယုံကြည်ချက်ကား ပျက်မသွားချေ။

မင်းလက်ရာစာပေ

## (၃၄)

*"ညို... ဟု အက်ကွဲသံဖြင့် ခေါ်၏။ ညိုနှုတ်ဖြင့်*
*'မထူး၊ မောကာသာ ကြည့်သည်။ ညို့မျက်လုံးများ*
*ရေ ကြည်မြောင်းလေး လက်ရှိ အနေအထားလိုပင်*
*လှုပ်ပါလျက် မကြည်လင်နိုင်"*

ဟု လွမ်းမောဖွယ်ကို စာရေးဆရာသည် သယ်ယူလာခဲ့ပေပြီ။ ထိုနေ့က မခင်အေးသည် ညိုတို့ နှစ်ယောက်ချိန်းသော တောရကျောင်း ကံလေးဆီသို့ လိုက်ပို့သည်။ သူတို့ နှစ်ယောက်၏၊ ဇာတ်သိမ်းခန်းလို မခင်အေး၏ ခံစားနေရပုံများကို နက်နက်ရှိုင်းရှိုင်း ဖော်ပြသည်။

ခေတ်ဆုံး၊ စနစ်ဆိုး၏ လောကဓံ လှိုင်းတံပိုးရိုက်ခတ်ဒဏ်ကို ဒီသားကောင်နှစ်ဦး ခံစားရမည့် အနေအထားကို မကြည့်ရက် မမြင်ရက်သလို ရင်မှာနင့်နေရှာသည်။

"အခု ဘာဆက်လုပ်ကြမှာလဲ။ ညှို့ကို မပြောနိုင်ဘူးလား"

ဟူ၍ ညှို့ မေး၏။ မေးခွန်းသံသည် ညှို့ နှလုံးသားမှ ပေါက်ကွဲ ထွက်ပေါ်လာသံသည် စာဖတ်သူရင်ထဲသို့ သံမဏိ အချွန်ဖြင့် တစိမ့်စိမ့်၊ တနင့်နင့် ရိုက်သွင်းဘိသကဲ့သို့ ရှိစေသည်။

"ညှို့ မလိုက်နိုင်မှန်းသိလို့ ကိုယ်မခေါ်ဘူး။ ကိုယ့်အတွက်က လမ်းနှစ်သွယ်ရှိတယ်။ ရည်ရွယ်တာတော့ တူပေမယ့် နှစ်နေရာခွဲ အလုပ်လုပ်ရမယ်။ တောထဲသွားမလား၊ မြို့မှာပဲ ဆက်လှုပ်ရှားရမလား။ ဒါကို ကိုယ်တို့ ဆက်တိုင်ပင်ပြီး အမြန်ဆုံး အကောင်အထည် ဖော်ရမှာပဲ"

ဟု ဖေသောင်းဆိုသည်။ မှန်သည်။ သူတို့တိုက်ပွဲကား မပြီးဆုံးသေးပါ။ ဆက်၍ တိုက်ပွဲဝင်ရပေဦးမည်။ အန္တရာယ်ကြီးသည်။ ညှို့က '**နှစ်ခုလုံး အန္တရာယ်ရှိတယ်နော်**' ဟု မှတ်ချက်ပေး၏။

"သံယောဇဉ်ဆိုတာ ခဏလောက် ခွာချထားလို့ရရင် ကောင်းမယ်။ မရတော့လည်း တို့တစ်တွေ မေ့ချင်ယောင်ဆောင်နေကြရုံပဲ ညှို့၊ တစ်ခါတလေမှာ သံယောဇဉ်ဟာ သတ္တဝါတွေအတွက် ခံစားချင်စရာ အကောင်းဆုံး၊ တွေးပွေ့မှုဖြစ်ပေမယ့် လိုအပ်တဲ့

*အခါမှာ စွန့်ရဲရလိမ့်မယ်။ ညိုဟာ ကိုယ့်အတွက် ဖိနပ်တစ်ရံလိုပဲ အနစ်နာခံပြီး ဖြည့်ဆည်းပေးခဲ့တယ်။ ဒါတွေကို အလေးအမြတ်သိမှတ် ပါတယ်။ ဒါပေမဲ့ ရေနစ်လို့ ကူးကြရပြီဆိုရင် ဖိနပ်ကို စွန့်ရတာပဲ"*

ဝမ်းနည်းကြေကွဲစကားတို့သည် စာဖတ်ပရိသတ်ရင်ထဲသို့ တနင့်တပိုး ပို့ဆောင်ပေးလိုက်နိုင်ပြီဟု ထင်သည်။ ပြောနေရသူ ဖေသောင်း၏ ရင်၌ပင် ပွင့်ထွက်သွားမတတ်ခံစားနေရမည်ကို လှမ်း မြင်နိုင်ပါ၏။

ဆက်၍လည်း...

*"နောက်တစ်ခါ ပြန်ဆုံရင်တော့ ကိုယ်ဟာ ကိုယ် တန်ဖိုးထားတဲ့ သံယောဇဉ်တစ်ခုကို ဖိနပ်လိုစီးတော့မှာ မဲဟုတ်ဘူး။ ရင်ထိုးလို ချိတ်ဆွဲထားတော့မှာပါ"*

ဟုလည်း ကတိကဝတ်ပြုနေပြန်၏။ မသေချာသော အနာဂတ်သည် ညိုနှင့် ဖေသောင်းတို့အား အဘယ်သို့သော တရားစီရင်နည်းဖြင့် စီရင်ကြပေဦးမည် မသိ။

ခုခါ၌ သူတို့နှစ်ဦး၏ ခွဲခွာချိန်သည် တဖြည်းဖြည်း နီး၍နီး၍ လာပြီကို နှစ်ဦးသား ရင်တွင် သိနေကြပေပြီ။ ထိုစကား၏ အတိမ်အနက်သည် စာဖတ်သူ၏ ရင်၌ ငြိတွယ်အောင် ဖမ်းစားနိုင်ခဲ့သည်။

"ညို့ကို သတိရနေမလား" ဟု သူမ မရဲတရဲမေးသည်

မင်းလက်ရာစာပေ

ဟူသော အသံတို့သည် ညို့ ရှိုက်သံကဲ့သို့ ရှိလေသည်။ အချစ်၏ လေးနက်မှုကို နှလုံးသားက သက်သေပြနေသည်။ တစ်ယောက်နှင့် တစ်ယောက် မခွဲခွာလိုကြသော်လည်း ကြမ္မာက ဖန်တီးနေပြီကို သဘောပေါက်နိုင်သည်။

*"ကိုယ် ဘယ်လိုဖြေရမလဲ။ ကိုယ့်အလုပ်တွေထဲ ကိုယ်မြှုပ်နှံထားပါရစေ။ အရာအားလုံးကို ညို နားလည်မှာပါ။ ကိုယ်ဘာမှ မတိုက်တွန်းပါရစေနဲ့"*

လွမ်းမောဖွယ် အသုံးအနှုန်းများက ရင်မှာ ထိရှစရာအကြောင်းလေလား။ အဓိပ္ပာယ်လေးနက်မှုရှိသော စကားများဖြင့် စာဖတ်သူများအား ညို့ယူထားလေသည်။

မွန်းကျပ်ရှည်လျားသော ခရီးရှည်ကြီးကို ညို အလျားလိုက် ကူး နေရမည်မှာ အမှန်ဖြစ်လိမ့်မည်ထင်သည်။ ဖေသောင်း တစ်ယောက် မကျေနပ်သည့် နာကြဉ်းမှုကို အံကျိတ်ရင်း ဟစ်ကြွေးလိုက်သည်မှာ...

*"ရေမနစ်ဘဲ ကူးရတော့မယ် ညိုရေ...။ အနွံ့ အတာခံခဲ့တဲ့ ဖိနှပ်ကို စွန့်ပါရစေတော့"*

ဟူ၍ ဖြစ်သည်။

နာကြည်းခြင်း၊ မခံမရပ်ဖြစ်ခြင်း၊ ပေါက်ကွဲခြင်းတို့၏၊ ကျော ထက်နှိုက်သံခွာတပ်ဖိနပ် ဒဏ်ရာများက ပြည့်နှက်နေလေပြီ။ သမိုင်း လှည်းဘီးကို အစိပ်စိပ် အမွှာမွှာ ဖြစ်သွားအောင် ရိုက်ချိုး

မင်းလက်ရာစာပေ

ဖျက်ဆီးနေကြသည့် လူတစ်စုက အောင်ပွဲခံမြဲခံလျ က် ရှိနေကြသေးသည်။

*"ကိုယ့်ကို တစ်ခုခုပြောနိုင်မလား။ တစ်နေ့နေ့ တစ်ချိန်ချိန်ဆိုတာမျိုး ကိုယ်တို့နှစ်ယောက်အတွက် မရှိနိုင်တော့ဘူးလား"*

အပူသည် စာဖတ်သူ၏ ရင်ကို လာဟပ်စေပြီ။ ပစ္စုပ္ပန်တည့်တည့်သည်ပင် ကိုယ်မပိုင်။ အနာဂတ်သည် ရာစုနှစ်တစ်ခုကို ဖြတ်သန်းဖို့အတွက် တွက်ကိန်းချ၍ ရမည်မဟုတ်။ နှစ်ဦးစလုံး၏ ရင်၌ ကြိုတင်အဖြေရှိနေပြီးဖြစ်သော်လည်း မေးဖြစ်အောင် မေးမိခဲ့သေးသည်။

ယုံကြည်ချက်သည် ဘယ်သောကာလ၌ အောင်မည်ဟု ပုံသေကားချမရနိုင်သေးပါ။ ထို့ကြောင့် ညှိသက်ပြင်းကို လျှို့ဝှက်မျိုသိပ် မထားတော့။ ပွင့်ပွင့်လင်းလင်းချသည်။ ပြီးလျှင် အမှောင်ထုကြီးကို ထွင်းဖောက်ကြည့်ကာ အလင်းစက်တွေလို တွေ့ဗြား အကြည့်မျိုးဖြင့် ကြည့်ကာ...

*"ညို့အဖေက မကြာခင် ဘူတာပြောင်းရတော့မယ်။ ဒီလိုပဲ ပြောင်းနေရတာပါ။ ကိုဖေသောင်း တစ်နေ့နေ့ ပြန်လာရင် တောဘူတာလေးတွေမှာ ရေအိုးစင် ရှိသလား ရှာကြည့်ပါ။ ညိုရှိတဲ့နေရာမှာတော့ တည်ထားပါမယ်"*

ဟု ရင်မှာ ထိရှစွာ ဆိုလိုက်သည်။

မင်းလက်ရာစာပေ

အနာဂတ်၏ မရေရာမသေချာနိုင်သော စကားတစ်ခွန်းကို ညို ဝမ်းနည်း ပက်လက်ဆိုခဲ့ရလေပြီ။ တောမြို့၊ အမည်နာမသေချာစွာ မပြောပြနိုင်သေးသည့် တောမြို့။ ဖေသောင်းသည် ထိုတော မြို့ကလေးသည် ဘယ်အရပ်ဘယ်ဒေသတွင် ရှိနေသည်ကို မည် သို့ ရှာဖွေရမည်နည်း။ မည်သို့စုံစမ်းတွေ့ရှိနိုင်မည်နည်း။

'ညိုရှိတဲ့ နေရာမှာတော့ တည်ထားပါမယ်' ဟု ဆိုသော် လည်း ဖေသောင်းအဖို့ ညိုတည်ထားမည့် ရေအိုးစင်ကို အလွယ် တကူ တွေ့ရှိဖို့ဆိုသည်မှာ လက်လှမ်းဝေးလှသည်တကား။

ညို့စကားအရ ဖေသောင်းအား မလျော့။ ရေကြည် တစ် ပေါက် သောက်နိုင်ခွင့်အတွက် မျှော်လင့်ခြင်းကြီးစွာဖြင့် သူဆို လိုက်သည်မှာ...

> *"ဒီလောက်နဲ့ပဲ ကျေနပ်ပါပြီ ညိုရယ်။ တို့ တစ် နေ့နေ့ တွေ့အောင်ရှာပြီး သောက်ဦးမှာပါ။ သောက် ခွင့် ရပါစေလို့ ဆုတောင်းပါတယ်။ ကဲ... ကိုယ်သွား ပြီ"*

ဟူသော စကားကို နောက်ဆုံးဆိုခဲ့လေပြီ။ ချစ်သူနှစ်ဦး၏ ကံကြမ္မာကို စာဖတ်သူများက စာနာနားလည်မှု ပေးကြလိမ့်မည် ထင်ပါသည်။

ဖေသောင်းသည် အလွမ်းစကားဖြင့် နှုတ်ဆက်ခဲ့ပြီးနောက် လှည့်မကြည့်ရန် စိတ်တင်းလျက် ခြေလှမ်းကျဲကြီးဖြင့် တစ်လှမ်း ခြင်း လှမ်းကာ အဝေးသို့ ထွက်ခွာသွားခဲ့လေပြီ။

ဇာင်းလက်ရာစာပေ

ဤတွင် ဇာတ်ကို ပြည့်ဖုံးကားချလိုက်တော့မည်ဟု စာဖတ်သူ ထင်နေမိကြသည်။ မဟုတ်ပါ။ စာရေးဆရာသည် သူ့ ဇာတ်ကောင် နှစ်ဦး၏ အလွှမ်းကို ဖေးမကူညီခဲ့သည့် ဒုတိယဇာတ်ဆောင်ဆီသို့ အလှည့်ပေးလိုက်ပါသည်။

မင်းလက်ရာစာပေ

(၅)

ကာလရထားကြီးသည် ရှည်လျားလှသော သမိုင်းစဉ်တစ်ခုကို နာကြဉ်းစွာ ဖြတ်သန်းလျက်ရှိလေသည်။ မခင်အေးသည် မောပန်းနွမ်းလျသော ရင်ဖြင့် ဖြတ်သန်းလာခဲ့သော မြင်ကွင်းများစွာကို စိတ်မောစွာကြည့်လျက် ရှိနေသည်။

"*ရေသောက်ချင်တယ် မေမေ*"

ဆယ်စုနှစ်ကာလသည် ကြမ်းတမ်း ခက်မာစွာ ဖြတ်သန်းခဲ့ပြီးလေပြီ။ မခင်အေးကိုယ်တိုင်ပင် ဘဝပြောင်းခဲ့ပြီ ဖြစ်သည်။ ယခုအခါ၌ မခင်အေးသည် တက္ကသိုလ်ကျောင်းသူ မဟုတ်တော့ပြီ။

မိခင်ဘဝသို့ ရောက်ရှိခဲ့လေပြီ ဖြစ်သည်။ သမီးငယ်က 'ရေသောက်ချင်တယ်မေမေ' ဟု ပူဆာလိုက်သော အခါ၌ အတိတ်သည် မခင်အေး၏ ရင်ကို ထိခိုက်နာကျင်အောင်ခဲ တစ်ဖန် ထိုး

မင်းလက်ရာစာပေ

နက်လာဘိ သကဲ့သို့ ခံစားလိုက်ရသည်။ မုံရိပ်များစွာတို့သည်လည်း မခင်အေး၏ အာရုံ၌ တရိပ်ရိပ် လှုပ်ရှားပေါ်လာလျက် ရှိပေ၏။

သားသမီးနှစ်ယောက်မိခင်ဖြစ်နေသည့် မခင်အေး၏ အတွေးများကား...

> *"ညနေ နေခြည်တွင် အသက်ဝင်နေသော တောဘူတာ တစ်ခုခုတွင် ရေချမ်းစင်တည်ကာ ရှိကောင်းရှိနေဦးမည်။ ထိုအနီးတွင် တစ်စုံတစ်ရာကို စိတ်အားပြင်းပြစွာ မျှော်နေသော မိန်းကလေးတစ်ဦး ရှိချင်လည်း ရှိဦးမည်"*

ဟူသည့် မတိကျ မရေရာနိုင်သော အတွေးများက မခင်အေး၏ ရင်၌ နှစ်ပရိစ္ဆေဒများစွာ ချုပ်ကိုင်မွှေနှောက် နေဦးမည် မပြောတတ်။

သို့သော်လည်း မခင်အေးကား ရထားစီး ခရီးကြုံတိုင်း ရှာဖွေကြည့်နေမိဆဲ... ကြည့်နေဆဲ...

မောင်ရွှေခေတ်

မင်းလက်ရာစာပေ

## ကျမ်းကိုး


၁။ မင်းကိုနိုင်၊ နောက်ကြည့်မှန်

၂။ နတ်နွယ်၊ ဝတ္ထုတစ်ပုဒ်ဖြစ်မြောက်ခြင်း

၃။သိန်းဧ ဖမြင့်၊ ကျွန်တော်၏ အချစ်ဦး

၄။မောင်သစ်ဝင်၊ စာရေးနည်းသဝဏ်လွှာများ

၅။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းထုတ်၊ ပြည်တွင်းပြည်ပသတင်းစာရှင်းလင်းပွဲ၊ တတိယအကြိမ် ပုံနှိပ်၊ ၁၅ ရက်၊ အောက်တိုဘာလ၊ ၁၉၈၉-ခုနှစ်။

၆။ သိန်းဖေမြင့်၊ သပိတ်မှောက်ကျောင်းသား

၇။ POPULAR Internal News

၈။ NORTHERN STAR

၉။ သစ္စာသတင်းဂျာနယ်


❀ ❀ ❀

မင်းလက်ရာစာပေ




အိမ်ရှင်မများ သမဂ္ဂမှ လှုပ်ရှားမှုတစ်ခု



၂၃.၈.၈၈ နေ့က လမ်း (၃၀) အနီးတွင် လူထုကြီး ချီတက်လာစဉ်

မင်းလက်ရာစာပေ



၂၃-၈-၈၈ နေ့က အမေရိကန်သံရုံးရှေ့တွင် ရှေ့နေအသင်းမှ ဟောပြောနေစဉ်



၁၉၈၈-ခုနှစ်၊ မတ်လ အရေးအခင်းကာလက ရန်ကုန်တက္ကသိုလ် (ပင်မ) အတွင်း အဓိပတိလမ်းမပေါ်မှ ကျောင်းသားများ တွေ့ရစဉ်

မင်းလက်ရာစာပေ



၁၉၈၈-ခုနှစ်၊ မတ်လ အရေးအခင်း၌ ရန်ကုန်တက္ကသိုလ် (ပင်မ)များ
အဓိပတိလမ်းပေါ်တွင် တွေ့ရစဉ်



၁၉၈၈-ခုနှစ်၊ မတ်လ အရေးအခင်းတွင်
စက်မှုတက္ကသိုလ်အတွင်းမှ ကျောင်းသားများ

မင်းလက်ရာစာပေ




၁၉၈၈-ခုနှစ်၊ မတ်လအရေးအခင်းက ရန်ကုန်တက္ကသိုလ် (ပင်မ) တွင်
အဆောင်ပေါ်မှ လှုပ်ရှားဆန္ဒပြနေသည့် ကျောင်းသားများ




၂၂·၈·၈၈ နေ့က ရသာမုန့်တိုက်ရှေ့တွင် စုရုံးပြီး ချီတက်လာစဉ်

မင်းလက်ရာစာပေ



၂၂.၈.၈၈ နေ့တွင် ဆေးရုံကြီးနှင့် လဟာပြင်ဈေး (ယခင်ဈေး)
အနီးတွင် လှုပ်ရှားမှုမြင်ကွင်း



၂၃.၈.၈၈ နေ့တွင် ကုန်သည်လမ်းမှ အမေရိကန်သံရုံးသို့ ချီတက်လာစဉ်

မင်းလက်ရာစာပေ



၂၃.၈.၈၈ နေ့တွင် ကုန်သည်လမ်းမှ အမေရိကန်သံရုံးသို့ ချီတက်လာသော လူထုပရိသတ်များကို တွေ့ရစဉ်



၈.၉.၈၈ နေ့က ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် ချီတက်လာစဉ်

မင်းလက်ရာစာပေ



၈-၉-၈၈ နေ့က ဆူးလေဘုရားလမ်းတစ်လျှောက် လှည့်လည်လာကြစဉ်



၈-၉-၈၈ နေ့က ကုန်သည်လမ်း အမေရိကန်သံရုံးရှေ့တွင် တရားဟောနေစဉ်

မင်းလက်ရာစာပေ



၈.၉.၈၈ နေ့က ကြွေးကြော်သံများဖြင့် ချီတက်ဆန္ဒပြနေစဉ်



မြို့တော်ခန်းမအနီးတွင် ၈.၈.၈၈ နေ့က သံချပ်ကာကားနှင့်
လူများ အနီးကပ်မြင်ရပုံ

မင်းလက်ရာစာပေ

